


ဘုန်းကြွယ်
ကျောက်စိမ်းဖြား
နှင့်
သိုင်းသုံးကွက်
ဇာတ်သိမ်းပိုင်း

# ဘုန်းကြွယ်

---

## ကျောက်စိမ်းပြားနှင့် သိုင်းသုံးကွက်

( ဒုတိယပိုင်း ဇာတ်သိမ်း )

## ဤတာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

---

## သံယောဇဉ်ကြိုး

ဗလကြီးနှင့် ကျောက်ပေါက်မာတို့သည် စန်းကူးထံမှ လုယက်တိုက်ခိုက်ခဲ့ကြသည့် ထိုငွေများဖြင့် လောင်းကစား ဟာ၌သွားရောက်လောင်းကစားကြရာ အနိုင်ရလိုက်ကြပြန် သည်။

ဤသည်ကို ဆွေအင်းက ပြန်ပြီးလုယက်ဖို့ကြံစည်နေ၏။ သူခိုးလက်မှ သူဝှက်လုသည့်သဘောဖြစ်လေသည်။ ယင်းကျင်းသည် မိန်းမဆိုးမလေး ဆွေအင်းကိုငေးမောကြည့် င်း ရင်ထဲ၌ ဖော်မပြနိုင်သော ဝေဒနာများ ခံစားနေရလေ တော့သည်။

ဆွေအင်းအား လုယက်ဖို့မှလွဲပြီး အခြားဘာကိုမှ စိတ်ဝင်စားမှု မရှိပါချေ။

သူမသည် ဗလကြီးနှင့်ကျောက်ပေါက်မာတို့အား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ကျောက်ပေါက်မာနှင့်ဗလကြီးတို့လည်း ပြင်းထန်စွာတိုက်ခိုက်ကြလေသည်။

သူတို့နှစ်ယောက်သည် သိုင်းပညာ တတ်မြောက်ထားသူများ ဖြစ်ကြရာ ဆွေအင်းကို တိုက်ခိုက်ဖမ်းဆီးနိုင်မည်ဟု ပင် ယူဆထားကြလေသည်။

သို့သော်....

တကယ်တမ်း ရင်ဆိုင်လိုက်သောအခါ ဆွေအင်းမှာ ကြောက်စရာကောင်းသူလေး ဖြစ်ကြောင်း သိလိုက်ရလေသည်။

'ဝုန်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ဗလကြီးနှင့် ကျောက်ပေါက်မာတို့မှာ ဆွေအင်း၏လွှက်ချက်မိကာ အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။



'ခစ်....ခစ်....ခစ်'

ဆွေအင်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

'ဘယ်လိုလဲ ရှင်တို့ရဲ့ငွေတွေကို ပေးတော့မလား'

ကျောက်ပေါက်မာတို့သည် ဒေါသတကြီးဖြင့် လူးလိမ့်ထလိုက်ကြ၏။

'ခြမ်း....ခြမ်း'

လက်နက်ကိုယ်စီဆွဲထုတ်လိုက်ကြသည်။

ဆွေအင်းက....

'ဩော်....ရှင်တို့ကလက်နက်တွေနဲ့ဆိုတော့ ကျွန်မကိုအနိုင်ရမယ်လို့ ထင်နေကြတာပေါ့လေ၊ ကောင်းပြီ ရှင်တို့ ဘယ်လောက်တတ်နိုင်မလဲ ကြိုးစားကြည့်ပေါ့'

သူမက မလှုပ်မယှက်ရပ်နေလိုက်လေသည်။

ဗလကြီးနှင့် ကျောက်ပေါက်မာတို့သည် တစ်ယောက်ကို တစ်ယောက် မျက်ရိပ်ပြလိုက်ကြပြီး....

'သေဖို့သာပြင်ထား'

ဟု ဟောက်ကာ ပြေးဝင်တိုက်ခိုက်လာကြလေသည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

ယင်ကျင်း ထိတ်လန့်သွားလေသည်။

ဆွေအင်း ဒုက္ခရောက်သွားမည်ကို စိုးရိမ်မိကာ....

'သတိထား'

လှတ်ခနဲ အော်ပြောလိုက်မိလေသည်။

ဆွေအင်းသည် ကြောက်ရွံ့ထိတ်လန့်မှု လုံးဝမရှိပါချေ။ သူမသည် ဗလကြီးနှင့်ကျောက်ပေါက်မာတို့၏ တိုက်ကွက်ကို အသာအယာရှောင်တိမ်းလိုက်လေသည်။

တစ်ဆက်တည်းမှာပင်...

'သွားစမ်း'

ဟု အော်ငေါက်ကာ ခြေထောက်များ ဝှေ့ယမ်းလိုက်လျှင်...

'ဝုန်း'

'အား'

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ဗလကြီးနှင့် ကျောက်ပေါက်မာတို့မှာ လူတခြားဓား တခြားဖြစ်ကာ အဝေးသို့လွင့်စဉ်သွားကြလေတော့သည်။

ဆွေအင်းက ခါးထောက်လိုက်သည်။



'ကဲ....ရှင်တို့ ဘာတတ်နိုင်ကြသေးသလဲ၊ ခုနေ ထွက်သွားရင် ချမ်းသာမယ်၊ ဒါမှမဟုတ်ရင်တော့ ကျွန်မက ညှာနေတော့မှာ မဟုတ်ဘူး'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

ဗလကြီးနှင့် ကျောက်ပေါက်မာတို့ လူးလိမ့်ထလိုက်ကြသည်။ သူတို့နှစ်ယောက် အခြောက်ပင် အထိနာနေကြပြီ ဖြစ်လေသည်။ ဆွေအင်းကိုအထိတ်တလန့်ကြည့်လိုက်ကြလေသည်။

ဆွေအင်းက....

'ကဲ... ရှိသမျှအကုန်ထားပြီး ထွက်သွားကြပေတော့'

ဟု ပြောလိုက်လေသည်။

ဗလကြီးတို့သည် တစ်ပြားမကျန် အကုန်ထုတ်ကာ မြေပေါ်ချလိုက်ကြသည်။

ထို့နောက် ဒယီးဒယိုင်ဖြင့် ထွက်သွားကြလေတော့သည်။

* * *

'ခစ်... ခစ်... ခစ်'

ဆွေအင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

ဆိုးသွမ်းလှသည့် ဗလကြီးနှင့် ကျောက်ပေါက်မာတို့မှာ ဆွေအင်းနှင့် တွေ့သောအခါ ခြေသုတ်ပုဆိုး မြွေဟွယ်ကျိုးဖြစ်သွားကြသည်။

အသက်သည် ငွေထက်ပို၍ အရေးကြီးကြောင်း သဘောပေါက်သွားကြရာ ရှိသမျှအကုန်ထားခဲ့ပြီး ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။ မြေကွက်လပ်ပေါ်တွင် ငွေပုံကြီးရှိနေ၏။

ငွေစက္ကူများ၊ ငွေတုံးများသာမက ငွေဒင်္ဂါး၊ ရွှေဒင်္ဂါးများပါ ပါဝင်နေသည်။

ထိုမျှမကသေး အစိမ်းရောင် ဘိတ်ဖိတ်တောက်ပနေသော ကျောက်စိမ်းပြားလေးတစ်ခုလည်း ပါဝင်နေသည်ကို တွေ့ရလေသည်။ ယင်ကျင်းသည် ထိုကျောက်စိမ်းပြားလေးကို မြင်လျှင် စိတ်လှုပ်ရှားလာလေသည်။

သူ၏မိခင်ပိုင်ဆိုင်သော ကျောက်စိမ်းပြား ဖြစ်ရမည်ဟု အတပ်သိလိုက်လေသည်။

ထိုစဉ်....

'ရှင်ထွက်မသွားသေးဘူးလား၊ ဘာလုပ်နေတာလဲ'

ဆွေအင်း၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်ကျင်း မနေနိုင်တော့ပါ။



သူရောက်ရှိနေမှန်း ဆွေအင်း ရိပ်မိသွားပြီဖြစ်ကြောင်း သဘောပေါက်လိုက်ပြီး ပုန်းကွယ်ရာမှ လှမ်းထွက်လိုက်လေသည်။

ဆွေအင်းက သူ့အား တစ်ချက်လှမ်းကြည့်ပြီး ငွေပုံကြီးအနီး၌ ထိုင်ချလိုက်လေသည်။

ပြီးလျှင်....

'ရှင်က ဘာသဘောနဲ့ လိုက်လာတာလဲ'

ပြန့်ကျဲနေသောငွေများကို အစီအရီဖြစ်အောင် ပြုလုပ်ရင်း လှမ်းမေးလေသည်။

ယင်ကျင်းက....

'ကျုပ်က မင်းရဲ့နောက်ကို လိုက်လာတာ မဟုတ်ဘူး'

'ဘာရှင့်'

'စောစောက ထွက်ပြေးသွားတဲ့ လူနှစ်ယောက်နောက်ကို ကျုပ်လိုက်လာခဲ့တာ'

'ခြော်...ရှင်ကလဲ သူတို့ဆီကငွေကိုလုယူဖို့ ကြံစည်နေတာပေါ့လေ'

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး'

'ဒါဖြင့် ဘာသဘောလဲရှင့်'

ဆွေအင်းက မျက်မှောင်ကြုတ်ကာ မေးလေသည်။

ယင်ကျင်းက....

'သူတို့ဟာ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ကို လုယက်သွားကြတယ်၊ ကျုပ်မိတ်ဆွေဆီမှာ အပ်နှံထားတဲ့ ကျုပ်မိခင်ရဲ့ ကျောက်စိမ်းလည်ဆွဲဟာ သူတို့နောက်ကိုပါသွားတယ်၊ ဒါကြောင့် ကျုပ်က သူတို့နောက်ကိုလိုက်လာခဲ့တာ'

ဟု ရှင်းပြလိုက်လေသည်။

ဆွေအင်းက....

'ဟောဒီ လည်ဆွဲလေးလား'

သူမသည် ကျောက်စိမ်းပြားလည်ဆွဲလေးကို ထောင်ပြကာ မေးလေသည်။

ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

ဆွေအင်းသည် ကျောက်စိမ်းပြားလည်ဆွဲလေးအား သေသေချာချာ စေ့စေ့ကြည့်လိုက်လေသည်။

လည်ဆွဲလေးမှာ သေးသေးမျှင်မျှင် ရွှေဆွဲကြိုးလေးတွင် လေးထောင့်စပ်စပ် ကျောက်စိမ်းပြားလေးတစ်ခု တပ်ဆင်ထားခြင်း ဖြစ်သည်။



ကျောက်စိမ်းပြားလေးမှ စိမ်းဖန့်ဖန့်အရောင်များ ထွက်ပေါ်နေပြီး ဟိုဘက်သည်ဘက် ထိုးလျှိုးပေါက် တွေ့မြင်နိုင်လေသည်။

ဆွေအင်းက....

'တန်ဖိုးတော့ သိပ်ရှိမယ်မထင်ဘူး၊ ဒါပေမယ့် ဆွဲပြားလုပ်ထားပုံက ချစ်စရာလေး၊ ရှင့်ကိုပြန်မပေးခဲ့တော့ဘဲ ကျွန်မ ယူထားလိုက်မယ် ဆိုရင်ကော'

ဟု မေးလာလေသည်။

'ဟာ....မလုပ်ပါနဲ့ဗျာ'

ယင်ကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ဆွေအင်းက ရယ်မောလိုက်သည်။

'ဘာလဲ၊ ရှင်မပေးချင်ဘူး ဟုတ်လား'

ယင်ကျင်းက....

'ကျုပ်အမေရဲ့ ပစ္စည်းမို့ပါဗျာ'

ဆွေအင်းက....

'ဘာပဲဖြစ်ဖြစ် ဒီပစ္စည်းကို ဓားကြီးတို့ရဲ့လက်ထဲက ကျွန်မ ရယူခဲ့တာ ရှင်နဲ့ဘာမှမဆိုင်တော့ဘူးလေ'

'ကျုပ်က....'

'တစ်ခုတော့ရှိတယ်၊ ရှင်လိုချင်တယ်ဆိုရင် ကျွန်မရဲ့လက်ထဲကနေ လုယူဖို့ပဲရှိတယ်'

ယင်ကျင်း အခက်ကြုံသွားလေသည်။

'ဒီလိုတော့ မလုပ်ပါနဲ့ဗျာ'

ဟု ပြောလိုက်သည်။

ဆွေအင်းက....

'ကျွန်မသဘောနဲ့ ကျွန်မတော့ ပြန်မပေးနိုင်ဘူး၊ ရှင့်ဒီပစ္စည်းလေးကို ကျွန်မသဘောကျတယ်'

'မင်း....ခင်း....'

ဆွေအင်းသည် တိုင်ရာမှ ဒေါက်ခနဲထရပ်လိုက်ပြီး....

'ကဲ....ရှင်က ကျွန်မကို တိုက်ခိုက်မလား၊ ဒီနေရာက ထွက်သွားမလား၊ ကြိုက်တဲ့လမ်းကိုရွေးပေတော့'

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။

ယင်ကျင်း စိတ်ပျက်သွားသည်။

'ဒုက္ခပါပဲ'

ခေါင်းကုတ်ကာ ညည်းတွားပြလိုက်လေသည်။

ဆွေအင်းက....



'ကဲ... ရှင် ဒီနေရာက အမြန်ဆုံးထွက်သွားရင်ကောင်းမယ်၊ ဒါမှမဟုတ်ရင် ကျွန်မ မောင်းထုတ်ပစ်ရလိမ့်မယ်'

စကားဆုံးလျှင် တိုက်ခိုက်ရန်ဟန်ပြင်လိုက်လေသည်။

ယင်ကျင်း အခက်ကြုံနေပြီ။ မည်သို့ဆက်လုပ်ရမှန်းမသိတော့ချေ။

ထိုစဉ်....

'ဘုရား....ဘုရား'

တီးတိုးရေရွတ်သံများ ထွက်ပေါ်လာ၏။

စိပ်ပုတီးတစ်ကုံးကိုင်ထားသော အဘွားအိုတစ်ယောက်က လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *

## သိုင်းသမားနှင့်မာယာရှင်

---

ဘုရားစာရွတ်ဆိုသံများ ထွက်ပေါ်လာလေသည်။

စိပ်ပုတီးကိုင်ထားသော အဘွားအိုတစ်ယောက် ရောက်ရှိလာလေသည်။

ယင်ကျင်းသည် အဘွားအိုအား အကဲခတ်ကြည့်လိုက်၏။ ထိုအဘွားအိုသည် အလွန်တည်ကြည်ခန့်ညားသော ရုပ်သွင်ရှိပြီး ကြည်ညိုလေးစားစရာကောင်းလှသူဖြစ်လေသည်။

သူမရောက်လာသည်မှာ အကြောင်းတစ်ခုခုရှိရမည်ဟု တွေးမိသိုက်၏။

ဆွေအင်းကား အဘွားအိုကိုမြင်လျှင် မျက်နှာပျက်သွားလေသည်။ သူမသည် လက်ထဲကိုင်ထားသော ကျောက်စိမ်းပြား



လေးကို အင်္ကျီအိတ်ထဲဝှက်လိုက်ပြီး ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ မြေပေါ်တွင် အထပ်လိုက်ရှိနေသော ရွှေငွေများကိုပင် အမှုမထားနိုင်ပါတော့ချေ။

ထိုအခြေအနေကိုမြင်လျှင် ဆွေအင်းနှင့်အဘွားအိုတို့ ပတ်သက်မှုရှိလိမ့်မည်ဟု ယင်ကျင်း ယုံကြည်လိုက်မိလေသည်။

အဘွားအိုသည် မြေကွက်လပ်သို့ရောက်လာလျှင် ခြေလှမ်းရပ်တန့်လိုက်ပြီးလျှင်....

'ဆွေအင်း....ငါ့ကိုတွေ့ဘာတောင် ဂါရဝပြုဖို့ ညည်းမေ့နေပြီလား'

ဟု ပြောလာလေသည်။

ထိုအခါ ဆွေအင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး....

'ဆရာ့ကို ဂါရဝပြုပါတယ်'

လက်နှစ်ဖက်ဆုပ်ကာဦးညွှတ်ရင်း ပြောလိုက်လေသည်။

အဘွားအိုက....

'ညည်း တော်တော်ရိုင်းပါလား၊ ကိုယ့်ဆရာကို ဘယ်လိုအရိုအသေပေးဘာလဲ၊ ခုချက်ချင်း ဒူးထောက်လိုက်စမ်း'

ဟု ငေါက်လိုက်လေသည်။

ဆွေအင်းက ရယ်မောလိုက်လေသည်။

'ကျွန်မကို တပည့်အဖြစ် အသိအမှတ်မပြုတော့ဘဲ ငိုမိဂိုဏ်းကမောင်းထုတ်လိုက်ပြီးမှခုလိုလာပြောနေတာ၊ အဓိပ္ပာယ်ရှိပါ့မလားရှင်'

'ဆွေအင်း.... ညည်း....'

အဘွားအို ဒေါပွသွားလေသည်။

သူမ လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သောအခါ...

'ဝုန်း'

'အမယ်လေး'

ကျယ်လောင်သောအသံထွက်ပေါ်လာပြီး ဆွေအင်းမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

'ဟာ'

ယင်ကျင်း လွှတ်ခနဲအော်လိုက်လေသည်။

အဘွားအိုက ယင်ကျင်းကို လှည့်ကြည့်လိုက်သည်။

ယင်ကျင်း ပါးစပ်အဟောင်းသားဖြစ်နေပြီး ကပျာကယာနောက်ဆုတ်လိုက်လေသည်။

အဘွားအိုသည် ယင်ကျင်းကို အမှုမထားတော့ဘဲ ဆွေအင်းဘက်သို့လှည့်လိုက်လေသည်။

ယင်ကျင်းလည်း အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။



ဆွေအင်းသည် မြေပေါ်မှ လူးလိမ့်ထလာသည်။

သူမသည် နှုတ်ခမ်းထောင့်မှစီးကျလာသော သွေးများကို သုတ်ပစ်ရင်း အဘွားအိုအား မုန်းတီးစက်ဆုပ်စွာကြည့်လိုက်၏။

အဘွားအိုက....

'ဆွေအင်း....ညည်းကို ငိုမိဂိုဏ်းက ထုတ်ပစ်လိုက်ပေမယ့် ညည်းဟာ ငိုမိဂိုဏ်းရဲ့ပညာကို ဆက်လက်အသုံးပြုပြီး လူတကာကို ဒုက္ခပေးနေတာ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး၊ ညည်းကျူးလွန်ခဲ့တဲ့ပြစ်မှုတွေကြောင့် ငိုမိဂိုဏ်းမှာ လာပြီးတိုင်တန်းကြတာ မနည်းတော့ဘူး၊ သိုင်းလောကမှာ တစ်သက်လုံးနာမည်ကောင်းခဲ့တဲ့ ငိုမိဂိုဏ်းဟာ ညည်းလိုတပည့်မိုက်တစ်ယောက်ကြောင့် ဒုက္ခရောက်ရပြီ၊ ညည်းကို ဒီအတိုင်းလွှတ်ထားလို့မဖြစ်တော့ဘူး'

ဟု ပြောလေသည်။

ဆွေအင်းက နှာခေါင်းရှုံ့လိုက်သည်။

'ကျွန်မကလဲ ရှင်တို့ငိုမိဂိုဏ်းနဲ့ မပတ်သက်ချင်ဘူးဆိုတာ မှတ်ထားပါ'

ဟု ခွန်းတုံ့ပြန်လိုက်လေသည်။

ယင်ကျင်း အံ့သြသွားလေသည်။

ဆွေအင်းသည် ဆရာဖြစ်သူကိုပင် ခွန်းတုံ့ပြန်ဝံ့အောင် မိန်းမဆိုးလေးတစ်ယောက်ဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

သို့သော်....

သူမအား ရွံရှာမုန်းတီးသွားခြင်း မရှိသည့်အပြင် ပို၍ ကရုဏာသက်လာလေသည်။

ဆွေအင်းက ယခုလိုဆိုးနေရသည်မှာ အကြောင်းတစ်ခုခု ရှိရမည်ဟုလည်း ယုံကြည်လာသည်။

အဘွားအိုမှာ ငိုမိဂိုဏ်းချုပ် ငိုမိအဘွားအို ဖြစ်ပါသည်။

သူမသည် ဆွေအင်းကို အလွန်ချစ်မြတ်နိုးခဲ့ပြီး ကောင်းအောင် ပြုစုစောင့်ရှောက်ခဲ့သည်။

အနီးကပ် လက်ရုံးတပည့်အဖြစ် လက်သပ် မွေးခဲ့သည်။ ပညာသင်ပေးသည်။

သို့သော်....

ဆွေအင်းသည် ကောင်းမွန်စွာမနေဘဲ လစ်လျှင်လစ်သလို ခိုးဝှက်လုယက်လေသည်။

သူမ၏ မကောင်းသောဉာဉ်ကိုသိရှိသွားသောအခါ ငိုမိအဘွားအိုက ဆိုဆုံးမခဲ့သည်။

ကောင်းမွန်စွာ နေထိုင်စေရန် ဆုံးမပဲ့ပြင်ခဲ့သည်။



ဆွေအင်းမှာ သူမ၏စကားကိုနားမထောင်ဘဲ ဆက်လက် အကျင့်ပျက်နေသဖြင့် နောက်ဆုံးတွင် ဒဏ်ခတ်ကာ ငိုမိဂိုဏ်းမှ မောင်းထုတ်လိုက်ခြင်းဖြစ်လေသည်။

မကြာသေးမီက....

ငွေပုလဲစံအိမ်သည် သူတို့၏ နှစ်တစ်ထောင်ပုလဲအား ခိုး ယူသွားသည့်ကိစ္စအား ငိုမိအဘွားအိုထံသို့ သွားရောက် တိုင် တန်းခဲ့လေသည်။

ဤတွင် ငိုမိအဘွားအိုသည် လက်ပိုက်ကြည့်မနေတော့ဘဲ ဆွေအင်းအား လိုက်ရှာခဲ့ခြင်းဖြစ်လေသည်။

ဆွေအင်းသည် ဆုံးမ၍မရသည့်အပြင် သူမအား ခံပြော နေလေရာ ငိုမိအဘွားအို ဒေါသထွက်သွားလေတော့သည်။

'အေး....ညည်းကို ငိုမိဂိုဏ်းက မောင်းထုတ်လိုက်ပေမယ့် ညည်းဟာနောင်တမရသေးဘဲ ဆက်ပြီး ဆိုးသွမ်းနေတော့ ညည်းကိုဆုံးမမှဖြစ်တော့မယ်၊ ငိုမိဂိုဏ်းကညည်းသင်ယူသွား တဲ့ပညာတွေကို ပြန်နုတ်ယူရလိမ့်မယ်'

'ရှင်'

မမျှော်လင့်သောစကားကိုကြားလိုက်ရလျှင် ဆွေအင်းမျက် ပျက်သွားလေတော့သည်။

သူမကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ငိုမီအဘွားအိုက....

'ညည်းရဲ့ပညာကို နုတ်ယူပြီးရင် ငါ ဘာလုပ်လုပ် ငိုမီ ဂိုဏ်းနဲ့ မဆိုင်တော့ဘူး၊ ညည်းသဘောရှိသလိုလုပ်နိုင်တယ်၊ ညည်းဟာ နှစ်တစ်ထောင်ပုလဲကိုလဲ ပြန်ပေးရလိမ့်မယ်'

ဟု ပြောလေသည်။

ဆွေအင်း အံ့ကြိတ်လိုက်လေသည်။

'သရာ....ကျွန်မကို ကြိုက်သလိုလုပ်နိုင်ပါတယ်၊ နှစ် တစ်ထောင်ပုလဲကိုတော့ ပြန်မပေးနိုင်ပါဘူး'

'ညည်း'

ငိုမီအဘွားအို ဒေါပွသွားလေသည်။

ဆွေအင်းက....

'နှစ်တစ်ထောင်ပုလဲဟာ အဆိပ်ဟူသမျှကို နိုင်နင်းတယ်၊ အတွင်းအားကိုတိုးပွားစေတဲ့ သိုင်းလောက ရတနာတစ်ပါးပဲ၊ ကျွန်မဟာ ဘယ်သူ့အကူအညီမှမယူဘဲ တစ်နေ့ သိုင်းလောကရဲ့ ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်လာအောင် ကြိုးစားမယ်လို့ဆုံးဖြတ်ထားပါတယ်၊ ဒါကြောင့်ပြန်မပေးနိုင်ပါဘူး၊ ကျွန်မရဲ့ပညာကို နုတ်ယူမယ်ဆိုရင်လဲ ခေါင်းငုံ့ခံနေမှာ မဟုတ်ပါဘူး'

ဟု ပြတ်သားစွာပြောလေသည်။



ဆရာကိုပင်အာခံမည့် အာဂမိန်းကလေးတစ်ယောက် ဖြစ်ပေတော့သည်။

ငိုမီအဘွားအိုလည်း ဒေါသခြောင်းခြောင်းထွက်သွားလေသည်။

'ညည်း....တော်တော် ရှိုင်းစိုင်းပါလား၊ သိကြသေးတာပေါ့'

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ဆွေအင်းကလည်း မကြောက်မရွံ့ပြန်လည်ရင်ဆိုင်ရန် ဟန်ပြင်လေသည်။

ယင်ကျင်း မနေနိုင်တော့ပါ။

ဆွေအင်း ဆက်လက်မိုက်မဲနေမည့်အဖြစ်ကိုလက်ပိုက်ကြည့်မနေနိုင်တော့ပါ။

ထို့ကြောင့်....

'ခဏနေပါဦးဗျာ'

ဟု ဟန့်တားရင်း ကြားဝင်လိုက်လေသည်။

ငိုမီအဘွားအိုမှာ စိတ်ဆိုးနေသည့်အလျောက်....

'သူငယ်....မင်းနဲ့ ဘာမှမဆိုင်ဘူး၊ အေးအေးဆေးဆေးနေရင် ကောင်းလိမ့်မယ်'

ဟု ပြောလေသည်။

ဆွဲအင်းကလည်း....

'ဟုတ်တယ်...ရှင်နဲ့မဆိုင်ဘူး၊ ထွက်သွားစမ်း'

ဟု မောင်းထုတ်လေသည်။

ယင်ကျောင်းက....

'ကျုပ်ပြောပါရစေဦး၊ ဒီကိစ္စကို ကျုပ်ဖြေရှင်းပေးပါရစေ'

'မလိုပါဘူး'

ဆွဲအင်းက မည်သို့ပင်ပြောစေကာမူ ယင်ကျောင်းက အမှုမထားဘဲ ငိုမီအဘွားအိုအား ဦးညွှတ်လိုက်လေသည်။

'ဘွားဘွားခင်ဗျာ၊ ဒီကိစ္စကို ကျွန်တော်ဖြေရှင်းပေးပါရစေခင်ဗျာ'

ငိုမီအဘွားအို မျက်မှောင်ကြုတ်သွားလေသည်။

'မင်းဖြေရှင်းပေးမယ် ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'ကဲ...ပြောစမ်းပါဦး၊ မင်းက ဘယ်လို ဖြေရှင်းပေးမှာလဲ'



ယင်ကျောင်းက တည်ကြည်သောမျက်နှာထားဖြင့်....

'မိုးဆိုတာအမြဲတမ်း မရွာပါဘူးခင်ဗျာ၊ မိုးရွာတဲ့အချိန်ရှိသလို မိုးတိတ်သွားပြီး နေသာတဲ့အချိန်လဲရှိပါတယ်ခင်ဗျာ၊ လူတစ်ယောက်ဟာ အတွေးအမြင်မှားပြီး ဆိုးသွမ်းကောင်း ဆိုးသွမ်းခဲ့နိုင်ပေမယ့် အမြင်မှန်ရပြီး လူကောင်းဖြစ်လာနိုင်ပါသေးတယ်၊ အချိန်အခါဆိုတာ လိုအပ်တဲ့ အရာတစ်ခုပါခင်ဗျာ'

ဟု ရှင်းပြလိုက်လေသည်။

ငိုမီအဘွားအို တွေဝေသွားလေသည်။

ယင်ကျောင်း၏စကားကြောင့် သူမ၏ရင်ထဲမှ ဒေါသစိတ်များ လျော့ကျသွားလေသည်။

သူမသည် သိုင်းလောကတွင် ထိပ်သီးစာရင်းဝင် ဂိုဏ်းချုပ်တစ်ဦး ဖြစ်လေသည်။

ထို့အပြင် ငိုမီဂိုဏ်း၏ ထုံးစံအတိုင်း သူ့ဘာသာကောင်းတရားကို ကျင့်ကြံနေသူလည်း ဖြစ်သည်။

ဆွဲအင်း၏ မကောင်းသောလုပ်ရပ်ကြောင့် ငိုမီဂိုဏ်း ထိခိုက်ရသည်ကို မခံနိုင်လွန်း၍သာလျှင် ဆွဲအင်းအား လိုက်လံရှာဖွေခဲ့ခြင်း ဖြစ်လေသည်။

ငိုမီအဘွားအိုသည် ယင်ကျောင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီးလျှင်....

'သူငယ်၊ မင်းပြောတာကို ကျုပ်လက်ခံနိုင်ပါတယ်၊ ဒါပေမယ့် ဆွေအင်းဟာ ဆုံးမလို့ရမယ့် လူစားမျိုးမဟုတ်ဘူး၊ ကျုပ်က သူ့ကို အကြိမ်ကြိမ်အခါခါ ဆုံးမပြီးပြီ၊ ဒါပေမယ့် သူဟာ ဘယ်လိုမှ ဆုံးမလို့မရခဲ့ဘူး'

ဟု ပြောလေသည်။

ယင်ကျင်းက....

'ကျွန်တော် တစ်ခုခွင့်တောင်းချင်ပါတယ်၊ သူ့ကိုအချိန်ယူပြီး ဆုံးမပဲ့ပြင်သွားရင် ရပါလိမ့်မယ်၊ ဒါကြောင့် သူ့ကို အပြစ်ပေးမယ့်ကိစ္စကို ဆိုင်းငံ့ထားစေချင်ပါတယ်'

ထိုစဉ်....

'စကားမရှည်နဲ့၊ ရှင်ဘေးဖယ်လိုက်စမ်း၊ ကျွန်မ့သဘောနဲ့ ကျွန်မလုပ်ချင်ရာလုပ်မယ်၊ ကျွန်မကို ဘယ်သူမှဆုံးမစရာမလိုဘူး၊ သူများဆုံးမတာကိုလဲ ကျွန်မလက်ခံမှာ မဟုတ်ဘူး'

ဆွေအင်းက အော်ပြောလာလေသည်။

ယင်ကျင်း၏ဖျောင်းဖျမှုကြောင့် ဒေါသလျော့သွားသော ဝိုမီအဘွားအိုမှာ ဆွေအင်း၏စကားကြောင့် တစ်ဖန် ပြန်၍ ဒေါသထွက်လာလေတော့သည်။

ယင်ကျင်းကို စိုက်ကြည့်ကာ....

'မင်း ဘေးဖယ်လိုက်စမ်း'



ဟု ငေါက်လိုက်လေသည်။

ဆွေအင်းကလည်း....

'ကိုယ်နဲ့မဆိုင်တဲ့ ရှင်ဘာကြောင့် ကြားအချောင်ဝင်ချင်ရတာလဲ၊ ဘေးဖယ်လိုက်စမ်း'

ဟု မောင်းထုတ်လိုက်လေသည်။

ယင်ကျင်း စိတ်မကောင်းဖြစ်သွားလေသည်။

ဆွေအင်းသည် ဘာကိုမှ အမှုမထားသည်မှန်သော်လည်း ဝိုမီအဘွားအိုအား လုံးဝမယှဉ်နိုင်တဲ့ ဒုက္ခရောက်သွားလိမ့်မည်ဟု နားလည်ထားလေသည်။

ဆွေအင်း ဒုက္ခရောက်သွားမည်ကို မလိုလားသဖြင့်....

'ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ သူ့ကိုကျွန်တော် ပြုပြင်ပေးပါ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါ'

ဟု တောင်းပန်လိုက်လေသည်။

ဆွေအင်းက ရယ်မောလိုက်လေသည်။

'ကျွန်မကို ဘယ်သူပြုပြင်လို့ရမလဲ၊ တစ်နေ့ကျရင်ဝိုမီဂိုဏ်းကိုတောင် ကျွန်မက ဖျက်ဆီးပစ်ဦးမှာ'

ဟု ပြောလေသည်။

ဝိုမီအဘွားအို သည်းမခံနိုင်တော့ပါချေ။

'ဆွေအင်း...ညည်းကိုမှ မဆုံးမရရင် ငါလူမလုပ်တော့ဘူး'

ပြောရင်း ရှေ့တိုးလာလေသည်။

ဆွေအင်းနှင့် ငိုမိအတွားအိုတို့နှစ်ယောက်ကြားတွင် ယင်ကျင်းက လမ်းပိတ်ကာ ရပ်သလိုရှိနေပါ၏။

ငိုမိအတွားအိုသည် အနီးသို့ရောက်လာပြီး....

'ဖယ်စမ်း'

ဟု အော်ပေါက်ကာ ယင်ကျင်း၏ လက်တစ်ဖက်ကိုဆွဲပြီး အဝေးသို့ပစ်လွှင့်လိုက်လေသည်။

ယင်ကျင်းလွင့်စဉ်သွားတော့မည် ထင်ရ၏။

သို့သော်....

ယင်ကျင်းက မလှုပ်မယှက်ရပ်နေ၏။

'ဟင်'

ငိုမိအတွားအို ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ယင်ကျင်း၏လက်ကိုလွှတ်ကာ ကပျာကယာ နောက်ဆုတ်လိုက်ရ၏။

ယင်ကျင်းကိုမယုံကြည်နိုင်စွာကြည့်ရင်း....

'မှင်း... မင်း'



ယင်ကျင်းသည် ငိုမိအတွားအိုက ဆောင့်ဆွဲလိုက်သဖြင့် မိမိအဝေးသို့လွင့်သွားရတော့မည် ထင်မှတ်မိလေသည်။

သို့ကြောင့် ထိတ်လန့်ကာ တောင့်ခံထားလိုက်မိသည်။

ဤတွင် သူ၏ခန္ဓာကိုယ်ထဲ၌ ကြီးမားသောအတွင်းအား ထုထည်ကြီးသည် ကိန်းဝပ်နေရာမှ ရုတ်တရက် ထကြွလာပြီး အဝေးသို့လွင့်မသွားရအောင် တောင့်ခံထားလိုက်ပြီးသားဖြစ်သွားလေတော့သည်။

ထိုအချိန်မှာပင်....

'သွား စမ်း'

ဆွေအင်းကလည်း လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

ယင်ကျင်းအားဖယ်ရှားပြီး ရှေ့ထွက်လာမည့် ငိုမိအတွားအိုအားရည်ရွယ်ကာ ပစ်ခတ်လိုက်ခြင်းဖြစ်သည်။

သို့သော်....

ယင်ကျင်းက အဝေးသို့လွင့်မသွားဘဲ မလှုပ်မယှက်ရှိနေသဖြင့် ထိုလက်နက်ပုန်းလေးများသည် ယင်ကျင်းထံသို့ တည့်တည့်မတ်မတ် တိုးဝင်သွားလေတော့သည်။

လက်နက်ပုန်းလေးများ ထိမှန်သွားပါက ယင်ကျင်း မလွဲမသေ ဒုက္ခရောက်ရတော့မည်ဖြစ်လေသည်။

ထိုစဉ်…

ယင်ကျောင်းသည် စူးရှသောလေတိုးသံများကြောင့် ရင်ထိတ်သွားပြီး လက်တစ်ဖက်ကို နောက်ပြန်ဝှဲ့ယမ်းလိုက်မိလေသည်။

ကျောက်ဂူထဲ၌ အဘိုးအိုရှောင်မာနှင့်နေထိုင်ခဲ့ရပြီး ရှောင်မာသင်ပေးခဲ့သောသိုင်းကွက်များမှ သိုင်းတစ်ကွက်ကို အမှတ်မထင် အသုံးပြုလိုက်မိခြင်းဖြစ်လေသည်။

ယင်ကျောင်းက လက်ဝှဲ့ယမ်းလိုက်လျှင် လေပြင်းတစ်ချက် ဝူးခနဲထွက်ပေါ်လာပြီး…

'ထောက်…ထောက်…ထောက်'

လက်နက်ပုန်းလေးများ မြေပေါ်သို့ ပြုတ်ကျသွားလေတော့သည်။

'ဟင်'

ဆွေအင်း ရင်ထိတ်ကာ နောက်ဆုတ်သွားလေတော့သည်။

ယခု…

ဆွေအင်းကော ငိုမီအဘွားအိုပါ ယင်ကျောင်းကို မယုံနိုင်အောင် ကြည့်နေမိကြလေသည်။

ယင်ကျောင်းလည်း ကြောင်အမ်းအမ်းဖြစ်နေသည်။

ငိုမီအဘွားအို သက်ပြင်းချလိုက်လေသည်။



'ဆွေအင်း…ညည်းဟာ အားကိုးစရာရသားလို့ ခေါင်းမာနေတာပေါ့ ဟုတ်လား'

ဟု လှမ်းပြောလိုက်၏။

ဆွေအင်း ရယ်မောလိုက်သည်။

'ဆရာမြင်တဲ့အတိုင်းပဲ၊ ကျွန်မကို ဒုက္ခပေးဖို့မကြိုးစားနဲ့၊ ဆရာ ဒုက္ခများသွားလိမ့်မယ်၊ ချက်ချင်းနောက်လှည့်ပြန်သွားရင်တော်င်းမယ်'

'ဘာပြောတယ်'

ငိုမီအဘွားအို ဒေါပွသွားလေသည်။

'ညည်းတို့ကို ကျုပ်က ကြောက်နေရမှာလား'

စကားဆုံးလျှင် ရှေ့သို့ လျှပ်တစ်ပြက် ခုန်ဝင်လာလေသည်။

ဆွေအင်းသည် ယင်ကျောင်းအနီးသို့ ပြေးကပ်သွားပြီး ယင်ကျောင်းအား အကာအကွယ်ယူထားလိုက်လေသည်။

ထိုအခါ…

ငိုမီအဘွားအိုသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ယင်ကျောင်းအား လက်ဝါးဖြင့် ရိုက်ချလိုက်လေတော့သည်။

ယင်ကျင်းနှင့် ဆွေအင်းတို့သည် တစ်ကျိတ်တည်းတစ်ဉာဏ်တည်းဖြစ်သည်ဟုသည်း ယူဆထားခြင်းကြောင့် ဖြစ်လေသည်။

ယင်ကျင်း ထိတ်လန့်သွားသည်။

'မလုပ်ပါနဲ့ဗျာ'

အော်ပြောရင်း လက်တစ်ဖက်ကို ရင်ဝရှေ့၌ ကာကွယ်မှုလိုက်လေသည်။

မရည်ရွယ်ပါဘဲ သူ၏လက်ဝါးနှင့် ငိုမီအတွားအိုး၏လက်ဝါးတို့ ထိပ်တိုက်တွေ့ဆုံမိလိုက်ကြလေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ယင်ကျင်းက နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

ငိုမီအတွားအိုကား ခြေသုံးလှမ်းမျှ နောက်ဆုတ်လိုက်ရလေသည်။

သူမ မျက်နှာပျက်နေသည်။

ယင်ကျင်းကို မယုံကြည်နိုင်စွာ ကြည့်ရင်း....

'မင်း....မင်း'

စကားထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်။



ယင်ကျင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

'ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ ဆွေအင်းနဲ့ပတ်သက်ပြီး ကျွန်တော် တာဝန်ယူပါရစေ၊ ခွင့်ပြုပါခင်ဗျာ'

ဟု တောင်းပန်လိုက်လေသည်။

ငိုမီအတွားအိုက မဲ့ပြုံးပြုံးလိုက်သည်။

'ကောင်းပြီလေ၊ တို့တစ်တွေ ထပ်ပြီးတွေ့ကြသေးတာပေါ့'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးထွက်သွား၏။

တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

## သူ့ဘဝ ကိုယ့်ဘဝ

ငိုမိအဘွားအို ထွက်သွားပြီဖြစ်လေသည်။

ဆွေအင်းသည် အဖြစ်အပျက်ကို မယုံကြည်နိုင်အောင်ဖြစ်နေ၏။

'သူ တကယ်ထွက်သွားတာပဲ'

ဟု ရေရွတ်လိုက်သည်။

ယင်ကျင်းက....

'သူက မှင်းကိုခွင့်လွှတ်ဖို့ မလွယ်ဘူးနော်၊ နောက်တစ်ခါဆိုရင် ကျုပ်ကတောင်းပန်လဲ သူက လက်ခံတော့မှာမဟုတ်ဘူး'



ထိုစကားကြားလျှင်....

'ခစ်....ခစ်....ခစ်'

ဆွေအင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

ယင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်၏။

ဆွေအင်းက...

'သဘောကျလို့ပေါ့ရှင့်'

'သဘောကျလို့၊ နေပါဦး ဘာကိုသဘောကျတာလဲ ပြောပါဦး'

'ရှင် အူကြောင်ကြောင်နိုင်တာကို သဘောကျလို့ပေါ့'

'ကျုပ်က....'

'ဟုတ်တယ်လေ၊ လောကပေါ်မှာ ရှင့်လောက်အူကြောင်ကြောင်နိုင်တဲ့လူ ရှိတော့မှာမဟုတ်ဘူး၊ ငိုမိအဘွားအို ဘာကြောင့် ထွက်သွားတာလဲသိလား၊ သူက ရှင်ပြောတဲ့စကားကို နားဝင်လို့မဟုတ်ဘူး၊ ရှင့်ကိုယှဉ်ဖို့ မလွယ်မှန်းသိလို့ထွက်သွားတာ၊ သူဟာ အင်မတန်ခေါင်းမာတဲ့ အဘွားကြီးရှင့်'

'ဟာ....'

ယင်ကျင်း လက်မခံနိုင်ပါချေ။

‘မဖြစ်နိုင်တာပဲ၊ ကျုပ်ကို ဘာကြောင့် မယုံနိုင်ရမှာလဲ’

‘ရှင့်အတွင်းအား သိပ်အားကောင်းနေလို့ပေါ့၊ ပြီးတော့ ရှင်ဟာ အသက်ငယ်ပေမယ့် ထိပ်တန်းသိုင်းပညာ တတ်မြောက်ထားတယ်ဆိုတာ ကျွန်မတောင်ရိပ်မိတယ်ရှင့်’

ယင်ကျင်း ငိုင်သွားလေသည်။

အဘယ်ကြောင့် သူ့အား ထိပ်တန်းသိုင်းပညာ တတ်မြောက်ထားသည်ဟု ဆိုရပါသနည်း။

ကျောက်ဂူထဲမှ အဘိုးအိုရှောင်မာသင်ပေးလိုက်သောသိုင်းကွက်များကြောင့်ပေလော။

ရှောင်မာကတော့ ပြိုင်ဘက်ကင်း သိုင်းကျွမ်းတစ်ဆူမှ သိုင်းကွက်များအား လေ့ကျင့်ဖူးသည်ဟု ဆိုလေသည်။

ရှောင်မာထံမှ သင်ယူခဲ့သော သိုင်းကွက်များသည် အမှန်ပင် ပြိုင်ဘက်ကင်းသိုင်းကွက်များ ဖြစ်နေသည်လော။

ယင်ကျင်းသည် ရှောင်မာ စေခိုင်းလိုက်သည့် ကိစ္စများအား ဆောင်ရွက်ပေးရန် ကျန်ရှိနေသေးသည်ကို သတိရလာလေသည်။

ဆွေအင်းက....



‘ရှင်က ငယ်ငယ်ရွယ်ရွယ်နဲ့ ထိပ်တန်းပညာတွေ တတ်မြောက်ထားပါလား၊ ရှင့်ကိုကျွန်မ အားကျလိုက်တာ’

ဟု ပြောလာလေသည်။

ယင်ကျင်းက...

‘အားမငယ်ပါနဲ့ဗျာ၊ ကျုပ်လဲ မမျှော်လင့်ဘဲတတ်မြောက်လာခဲ့တာပါ’

‘မမျှော်လင့်ဘဲ တတ်မြောက်လာခဲ့တာဟုတ်လား’

‘ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ ကျွန်မကို ပြောပြပါလားရှင့်’

ယင်ကျင်းသည် ဆွေအင်းအား ကြည့်လိုက်လေသည်။

ထိုအခါ ဆွေအင်းမှာ ကလေးငယ်တစ်ယောက်သဖွယ် အပြစ်ကင်းစင်သည့် မျက်နှာထားလေးဖြင့် ရှိနေသည်ကို တွေ့မြင်ရလေသည်။

ယင်ကျင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

ဆွေအင်းက....

‘ရှင် ပြောပြမယ် မဟုတ်လားဟင်’

ယင်ကျင်း၏လက်မောင်းကိုဆွဲကာ ပြောလာလေသည်။

ယင်ကျင်း သက်ပြင်းချလိုက်သည်။

'မင်း သိချင်တယ်ဆိုရင် ပြောပြရမှာပေါ့'

ဆွေအင်း ကျေနပ်သွားလေသည်။

သူမသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး....

'ကျွန်မတို့ အေးအေးဆေးဆေးရှိတဲ့ တစ်နေရာကိုသွားကြ ရအောင်'

ဟု ပြောလေသည်။

ယင်ကျင်းလည်း သဘောတူလိုက်သည်။

'ကောင်းပြီလေ'

'ကဲ....လာ၊ ကျွန်မနဲ့လိုက်ခဲ့'

ဆွေအင်းက ယင်ကျင်း၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။

ယင်ကျင်းလည်း လိုက်ပါသွားရလေတော့သည်။

* * *

လူရှင်းပြီး အနှောင့်အယှက်ကင်းဝေးသည့်နေရာသို့ သွားမည်ဟု ဆွေအင်းက ပြောလေသည်။



သူမသည် ယင်ကျင်းအား သစ်ရိုင်းမြေသို့ခေါ်ဆောင်သွား ခဲ့ခြင်း ဖြစ်ပေတော့သည်။

သစ်ရိုင်းမြေအတွင်း၌ ပျက်စီးစပြုနေသော ဇရပ် တစ်ဆောင် ရှိလေသည်။ ဆွေအင်းသည် ယင်ကျင်းအား ဇရပ်ပေါ်၌ ခဏစောင့်ခိုင်းပြီး ထွက်သွားလေသည်။

မကြာပါချေ။ စားသောက်ဖွယ်ရာများ ဝယ်ယူကာ ပြန်လည် ရောက်ရှိလာလေသည်။

သူမ၏မျက်နှာ ပြုံးရွှင်နေသည်။ အပြစ်ကင်းစင်သော ကလေးငယ် တစ်ယောက်ပမာ ရှိနေသည်။

ယင်ကျင်းသည် သူမအားငေးမောကြည့်နေမိတော့သည်။

ဆွေအင်းက....

'ကဲ....စားလိုက်ပါဦးရှင်'

စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေး ပိုက်၏။

ယင်ကျင်းက....

'ကျေးဇူးပဲ'

စားစရာများကိုယူကာ စားလိုက်လေသည်။

တစ်ခဏအတွင်းမှာပင် သူတို့နှစ်ယောက်သည် နှစ်ပေါင်းများစွာကတည်းက သိကျွမ်းလာကြသူများပမာ ရင်းရင်းနှီးနှီး ဖြစ်သွားကြလေတော့သည်။

ဆွေအင်းက....

'ကျွန်မလဲ ရှင့်လို သိုင်းပညာ တတ်မြောက်ချင်လိုက်တာ ရှင်'

ဟု သူမ၏ဆန္ဒကို ဖွင့်ဟသလေသည်။

ယင်ကျင်း ပြုံးလိုက်သည်။

'ကျုပ်ကတော့ သိုင်းပညာသင်ဖို့ ရည်ရွယ်ချက်မရှိပါဘူးဗျာ၊ မမျှော်လင့်ဘဲ တတ်မြောက်လာခဲ့တာပါ'

ဆွေအင်းက....

'ရှင်ဘယ်လိုကြုံတွေ့ခဲ့ရတယ်ဆိုတာ ပြောပြမယ်မဟုတ်လားဟင်'

'ပြောပြပါ့မယ်'

ကွယ်ဝှက်စရာအကြောင်းမရှိသဖြင့် အမှန်အတိုင်း ပြောပြဖို့ ယင်ကျင်း ဝန်မလေးပါချေ။

ဆွေအင်းက....

'ဒါဖြင့် မြန်မြန်ပြောစမ်းပါရှင်၊ ကျွန်မ နားထောင်ချင်လှပြီ'

ဟု တိုက်တွန်းလာသည်။

ယင်ကျင်းပြုံးလိုက်လေသည်။



'ကျုပ်ရဲ့အဖြစ်ဟာ ဒီလိုပါဗျာ'

ဟု အစချီကာ မွေးစားဖခင်ကြီး မြင်းလှည်းသမားယင်ကြိုင် ကွယ်လွန်သွားကာနီး သူ၏ဘဝမှန်ကို ပြောပြခဲ့ပုံ၊ ဝမ်းဆွဲသည် စန်းကူးအား ရှာဖွေရန် ခရီးထွက်လာရင်း အတိုးအိုရှောင်မာနှင့် တွေ့ဆုံခဲ့ရပုံများကို ပြောပြလိုက်လေသည်။

ယင်ကျင်း၏စကားအဆုံးတွင် ဆွေအင်းက...

'ဒါဖြင့် ထူးဆန်းတဲ့အတိုးအိုရှောင်မာက သေဆုံးသွားခဲ့ပြီပေါ့နော်'

'ဟုတ်ပါတယ်၊ ကျုပ်ကိုယ်တိုင် မြှုပ်နှံသင်္ဂြိုဟ်ပေးခဲ့တာပါ'

'သူ့ရဲ့သိုင်းကျမ်း ဝှက်ထားတဲ့နေရာ ရှင့်ကိုပြောပြခဲ့တယ် မဟုတ်လား'

ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....ပြောပြပါတယ်'

သူက အဖြစ်အပျက်ကို အကျဉ်းချုံးကာ ပြောပြခြင်းဖြစ်၍ သူ့အားသင်ပေးသောသိုင်းကွက်များမှာ မည်သို့ဖြစ်သည်ကိုလည်းကောင်း၊ သိုင်းကျမ်းမည်သည့်နေရာ၌ ဝှက်ထားသည်ကိုလည်းကောင်း အတိအကျပြောပြခြင်း မပြုရသေးပေ။

ဆွေအင်းက....

'အဲဒီသိုင်းကျမ်းကိုရရင် သိုင်းလောကမှာ ပြိုင်ဘက်ကင်း သိုင်းသမားတစ်ယောက် ဖြစ်လာမယ်ဆိုတာ တကယ်ပဲလား'

ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

'သူတကယ်ပြောသွားတာပါ'

ဆွေ့အင်းလည်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'အင်း... ဖြစ်နိုင်တယ်၊ သူ့ဆီကသိုင်းပညာ တချို့တစ်ဝက်ရခဲ့တဲ့ ရှင်ကိုယ်တိုင်တောင်မှ ငိုမ်ဘွားဘွားကို ယှဉ်နိုင်ခဲ့သေးတာပဲ၊ အဲဒီသိုင်းကျမ်းကို ရရင် သိပ်ကောင်းမှာပဲ'

ယင်ကျင်းက သူမအား စိုက်ကြည့်လိုက်မိလေသည်။

ဆွေအင်းက....

'ဘာလဲ....ကျွန်မဟာ ဆရာကိုတောင် အာခံဝံ့တဲ့ မိန်းမရိုင်းလေးတစ်ယောက်လို့ ရှင်တွေးနေတာ မဟုတ်လား'

ယင်ကျင်း ခေါင်းခါယမ်းလိုက်လေသည်။

'ဒီလိုလဲ မဟုတ်ပါဘူးလေ'

ဆွေအင်းက....



'ကျွန်မတာ ကြောင့် ဒီလိုဘဝမျိုးကို ရောက်လာရသလဲဆိုတာရှင်သိရင် ကျွန်မကိုအပြစ်တင်မှာ မဟုတ်ပါဘူး'

'အင်း...မင်းရဲ့ဘဝကို ပြောပြနိုင်ရင် ပြောပြပါလား'

ဆွေအင်း၏မျက်နှာတွင် မကြာနုပ်သည့် အရိပ်အယောင်များ ဖြစ်ပေါ်လာသည်။

'ကျွန်မဘဝက ဆိုးလှပါတယ်ရှင်'

ဟု အစချီကာ သူမ၏ဘဝကိုပြောပြလိုက်လေတော့သည်။

* * *

ဆွေအင်းသည် သူမ၏ဘဝကို ပြောပြလိုက်လေသည်။

ယင်ကျင်းက စိတ်ဝင်စားစွာနားထောင်လိုက်လေသည်။

ဆွေ့အင်းက....

'ကျွန်မရဲ့ဖခင်ဟာ ကျွန်မငယ်စဉ်ကပင် ကွယ်လွန်သွားခဲ့ပါတယ်၊ မေမေဟာ နောက်အိမ်ထောင်ပြုခဲ့တယ်၊ ကျွန်မရဲ့ပထွေးဟာ အရက်သမား တစ်ယောက်ပါပဲ၊ အရက်မူးလာတိုင်းကျွန်မတို့သားအမိကို နှိပ်စက်ခဲ့တယ်၊ ကျွန်မတို့ဟာ အနှိပ်စက်ခံဘဝနဲ့ ထမင်းတောင်မှ နပ်မမှန်ခဲ့ပါဘူးရှင်၊ ဒီလိုနဲ့ ကျွန်မအရွယ်ရောက်လာတော့ သူများတန်းတူဝတ်ချင်စားချင်မိတယ်၊ ဒါပေမယ့် ကျွန်မဆန္ဒမပြည့်ဝခဲ့ဘူး၊ ဒီကြား

တဲ့ ပဒေသးက ကျွန်မကိုစော်ကားဖို့ ကြိုးစားလာတာကြောင့် ကျွန်မ အိမ်ကထွက်ပြေးလာခဲ့တာပဲ၊ ပတွေ့နှိပ်စက်တာကို ခံခဲ့ရတယ်၊ ကျွန်မကို သားရဲလို ကြွင်နားသလိုနဲ့ ဖျက်ဆီးချင်တဲ့ လူယုတ်မာတွေနဲ့ ဆုံတွေ့ခဲ့ရတယ်၊ ဒါကြောင့် ယောကျ်ားဆိုရင် အင်မတန် ရွံရှာမုန်းတီးခဲ့မိတာပါရှင်'

ယင်ကျင်း စိတ်မကောင်း ဖြစ်သွားလေသည်။

ဆွေအင်း၏ ဘဝပေးကံကြမ္မာကား ဆိုးဝါးလွန်းလှကြောင်း သိရှိရပြီး ကိုယ်ချင်းစာမိလေသည်။

ဆွေအင်းက…

'ကျွန်မဟာ ခြေသလုံးအိမ်ကိုင် လျှောက်သွားရင်း လမ်းပေါ်မှာ ဘဝကို ရုန်းကန်ခဲ့ရတယ်၊ အလုပ်ကြမ်းမျိုးစုံ လုပ်ခဲ့ရတယ်၊ ထမင်းငတ်ခဲ့တဲ့ရက်တွေ မနည်းပါဘူး၊ ကျွန်မကို ကူညီချင်တဲ့လူ မတွေ့ရသေးတာပဲ၊ ဟင်း…ဟင်း ဖျက်ဆီးချင်တဲ့လူကတော့ မရေမတွက်နိုင်အောင်ပေါ့ရှင်၊ ဒီလိုနဲ့ ကျွန်မဟာ စားဖို့ဝတ်ဖို့အတွက် သူတစ်ပါးပစ္စည်းကိုခိုးယူခဲ့မိတယ်၊ မကြာပါဘူး ကျွန်မဟာ အထည်ဆိုင်တစ်ဆိုင်မှာ အဝတ်အစားဝင်ခိုးနေတုန်း လူမိသွားတယ်၊ ကျွန်မကို ရိုက်ပုတ်ပြီး မြို့တော်ဝန်ဆီကို ခေါ်သွားမယ်လုပ်တုန်း ငိုမိအဘွားအိုနဲ့တွေ့ခဲ့ရတယ်၊ ကျွန်မက ငိုယိုတောင်းပန်တော့ ငိုမိအဘွားအိုက ကြားဝင်ဖြေရှင်းပေးပြီး ကျွန်မကိုငိုမိတောင်ကို ခေါ်သွားခဲ့တာပါပဲ၊ အဲဒီအချိန်ကစပြီး ငိုမိတောင်မှာ ပညာသင်ကြားခဲ့ရတာပါပဲရှင်'



သူမ၏ဘဝသည် ထူးဆန်းလှသည်တော့ မဟုတ်ပါချေ။ ဆင်းရဲနွမ်းပါးပြီး အခြေမကျ သူများကြုံတွေ့နေကျအဖြစ်အပျက်မျိုး ဖြစ်ခဲ့လေသည်။

မည်သို့ဆိုစေ…

ဘဝဒုက္ခကိုကြုံတွေ့ကာ ဒါးစည်းခံရသူများအတွက်ကား ခါးသီးလှသောဘဝမျိုးဖြစ်ပေတော့သည်။

ယင်ကျင်းသည် ဆွေအင်းအား ငေးကြည့်နေမိလေတော့သည်။

ဆွေအင်းက…

'ငိုမိတောင်ကိုရောက်တော့ ကျွန်မအေးအေးနေပါတယ်၊ ဆရာသခင်ပေးတဲ့ သိုင်းပညာကိုကြိုးစားလေ့ကျင့်ခဲ့ပါတယ်၊ ဒါပေမယ့် ငိုမိတောင်ရဲ့စည်းကမ်းအရ ရာဇဝတ်ဖြစ်မှုရှိခဲ့ဘူးသူဟာ ထိပ်တန်းပညာတွေ သင်ခွင့်မရှိဘူး၊ ကျွန်မဟာ လမ်းပေါ်ကလာခဲ့တဲ့ လူတစ်ယောက်ဖြစ်လို့ ဆရာ့နောက်ကွယ်မှာ အမျိုးမျိုးပြောဆိုအနှိမ်ခံခဲ့ရတယ်၊ ဒါတွေကို ကျွန်မမကျေနပ်ဘူး၊ ဒါကြောင့် ငိုမိတောင်က ထွက်လာပြီး သိုင်းလောကမှာ ထင်တိုင်းကျဲနေခဲ့တာပဲ'

သူမသည် တွင်းတွင်းရှင်းရှင်းပင် ပြောလေသည်။

ယင်ကျင်းက…

'မင်းဟာ လောကကြီးကို အရွဲ့တိုက်သလိုဖြစ်နေပြီ'

ဟု ပြောလေသည်။

'ခစ်....ခစ်....ခစ်'

ဆွေအင်းက ရယ်မောလိုက်လေသည်။

'ဟုတ်တယ်၊ လောကကြီးတစ်ခုလုံးက မကောင်းဘူး၊ ဒါကြောင့် ကျွန်မက အရွဲ့တိုက်နေတာပဲ'

'ဒီလိုဆိုရင် မင်းမှားသွားလိမ့်မယ်'

ဆွေအင်း ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ ဘယ်တော့မှမမှားဘူး'

သူမ၏အယူအဆနှင့်သူမ မှန်ကန်နေလိမ့်မည်သာဖြစ်လေသည်။ ဆွေအင်းအား ရှုတ်တရက် ဆုံးမ၍ရမည်မဟုတ်ဟု ယင်ကျောင်း သဘောပေါက်လိုက်မိလေသည်။

ဆွေအင်းက....

'ခုတော့ လောကကြီးကို စိန်ခေါ်နိုင်မယ့်နည်းလမ်းကို ကျွန်မတွေ့ထားပြီလေ'

ဟု ပြောလေသည်။

ယင်ကျောင်း မျက်မှောင်ကုတ်သွားသည်။

'ဘယ်လိုနည်းလမ်းမျိုးလဲ၊ ပြောစမ်းပါဦး'



ဟု မေးလိုက်လေသည်။

ဆွေအင်းက....

'ရှင့်ဆီက သိုင်းကျမ်းကိုရပြီဆိုရင် ဘယ်သူက ကျွန်မကို မော်ကြည့်ဝံ့ဦးမှာလဲ၊ ကျွန်မ လက်မထောင်နိုင်ပြီပေါ့၊ လောကကြီးကို စိန်ခေါ်နိုင်ပြီပေါ့'

သူမ သဘောကျစွာ ရယ်မောလိုက်လေသည်။

ယင်ကျောင်း သက်ပြင်းချလိုက်လေသည်။

'မလွယ်ပါလား'

ဟုလည်း စိတ်ထဲရေရွတ်လိုက်လေသည်။

ဆွေအင်းက....

'ဘယ်လိုလဲ၊ ရှင်က သိုင်းကျမ်းကိုပေးမယ်မဟုတ်လား'

ဟု မေးလာလေသည်။

ယင်ကျောင်း ခေါင်းခါယမ်းလိုက်သည်။

'ပေးလို့မဖြစ်ပါဘူးဗျာ'

'ရှင်'

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် ဆွေအင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

ယင်ကျင်းကို မျက်လုံးမြှုး၍ကြည့်တာ....

'ကျွန်မကိုမပေးဘူး ဟုတ်လား'

'သိုင်းကျမ်းဟာ ကျုပ်ရဲ့ပစ္စည်းမဟုတ်ပါဘူးဗျာ၊ သူတစ်ပါးရဲ့ပစ္စည်းဖြစ်ပါတယ်၊ ဒါကြောင့် မင်းကိုပေးလို့မဖြစ်ပါဘူး'

'ရှင်...ရှင်'

ဆွေအင်း မကျေမနပ်ဖြစ်သွားလေသည်။

'ရှင်မပေးဘူး ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ရှင်...ရှင်'

ဆွေအင်းသည် ယင်ကျင်းအားတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ ယင်ကျင်းက မလှုပ်မယှက်ထိုင်နေ၏။

ဆွေအင်း စိတ်ဆိုးသွားခြင်းကြောင့် စိတ်မကောင်းဖြစ်နေလေတော့သည်။

ဆွေအင်းသည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်သော်လည်း အမှန်တကယ် တိုက်ခိုက်ခြင်းမပြုဘဲ မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ ငိုချလိုက်လေတော့သည်။

* * *



ဆွေအင်းသည် ရှိုက်ကြီးတငင် ငိုကြွေးနေလေသည်။

ယင်ကျင်း ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားလေသည်။

'မင်း မ... မငိုပါနဲ့လား'

ဟု ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်သည်။

ငိုကြွေးနေသော မိန်းကလေးတစ်ယောက်အား မည်သို့ချော့မော့ရမည်ကို သူမသိချေ။

ဆွေအင်းသည် အတန်ကြာငိုကြွေးပြီးမှ မျက်ရည်များကို သုတ်ပစ်လိုက်လေသည်။

ပြီးလျှင် ယင်ကျင်းကိုကြည့်ဘဲ ထိုင်ရာမှထကာ....

'ဒီလောကကြီးပေါ်မှာ ကျွန်မကိုကူညီချင်တဲ့လူ၊ ကိုယ်ချင်းစာတဲ့လူ၊ ညှာတာသနားမယ့်လူ တစ်ယောက်မှမရှိဘူးဆိုတာ ကျွန်မသိပါပြီရှင်'

သူမသည် အင်္ကျီရင်ဘတ်ကြားမှ ကျောက်စိမ်းပြားလည်ဆွဲလေးကိုထုတ်ယူကာ....

'ရော့....ရှင့်ပစ္စည်း၊ ရှင်ပြန်ယူ'

ယင်ကျင်း၏ရှေ့၌ပစ်ချပေးကာ ဇရပ်ပေါ်မှ ခုန်ဆင်းသွားလေသည်။

'ဟေ့....ဟေ့....နေဦးလေ'

ယင်ကျင်းက ဟန့်တားလိုက်သော်လည်း မရတော့ချေ။

ဆေ့အင်းသည် စိတ်လိုက်မာန်ပါဖြင့် သချိုင်းမြေထဲမှ ပြေးထွက်သွားလေသည်။

တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။ ယင်ကျင်း သက်ပြင်းချလိုက်သည်။

မိန်းမဆိုးလေးဆေ့အင်းသည် သူ့အား စိတ်ဆိုးသွားပြီ ဖြစ်ကြောင်း နားလည်မိလေသည်။

သူ ဘာများတတ်နိုင်ပါမည်နည်း။

ယင်ကျင်းသည် အတန်ကြာဆေးငိုင်နေပြီးမှ မိခင်ဖြစ်သူ အထိမ်းအမှတ်ပစ္စည်းဖြစ်သော ကျောက်စိမ်းလည်ဆွဲလေးကို ကောက်ယူလိုက်လေသည်။

ကျောက်စိမ်းပြားလည်ဆွဲသေး လက်ထဲသို့ ရောက်လာသောအခါ ရင်ထဲ၌ ဖော်မပြနိုင်သောဝေဒနာများ ခံစားလာရလေသည်။

ဆေ့အင်းကို မေ့လျော့သွားပြီး....

'မေမေရယ်'

ဟု ညည်းတွားမိလိုက်လေသည်။

သူ မမြင်မှတွေ့လိုက်ရသောမိခင်သည် မည်သို့သောပုံပန်းသဏ္ဍာန်ရှိပါသနည်း။



ဖြူသလော၊ မည်းသလော၊ ဝသလော၊ ပိန်သလော၊ စိတ်ထဲအမျိုးမျိုးမှန်းဆကြည့်မိလေသည်။

သူ၏မိခင်သည် မိန်းမချောတစ်ယောက်ဖြစ်မည်ဟု ယုံကြည်ထားလိုက်လေသည်။

ကျောက်စိမ်းပြားလည်ဆွဲကိုအခြေခံကာ မိခင်ဖြစ်သူအား တွေ့အောင်ရှာဖွေရန်လည်း ဆုံးဖြတ်လိုက်သည်။

ကျောက်စိမ်းပြားလည်ဆွဲကို လည်ပင်းတွင် အမြတ်တနိုး ဆွဲထားလိုက်လေသည်။

ထို့နောက်တွင်....

အဘိုးအိုရှောင်မာ ခိုင်းစေသည့်ကိစ္စကိုဆောင်ရွက်ပေးရန် သချိုင်းမြေထဲမှ ထွက်လာခဲ့လေတော့သည်။

*    *    *

## ထူးဆန်းသောအမျိုးသမီး

---

ဟူပေခရိုင်၊ ကောင်းတုံမြို့။

ယင်ကျင်းသည် လမ်းခရီးတွင် စုံစမ်းမေးမြန်းရင်း ခရီးဆက်လာခဲ့ရာ ကောင်းတုံမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့လေသည်။

ယင်ကျင်းသည် မြို့အရှေ့ပိုင်းသို့ ဦးတည်လှမ်းသွားလိုက်လေသည်။

မြို့အရှေ့ပိုင်းရောက်လျှင် အဘိုးအိုရှောင်မာ မှာကြားခဲ့သည့်အတိုင်း ဟုန်ကျူးအပေါင်ဆိုင်အား လိုက်လံရှာဖွေလိုက်လေသည်။



သို့သော်...

နေ့တစ်ဝက်ကျိုးအောင်ရှာဖွေလိုက်သော်လည်း ဟုန်ကျူးအပေါင်ဆိုင်အား မတွေ့ရပါချေ။

ဟင်ကျင်းအံ့သြသွားလေသည်။

'အဘ ရှောင်မာဟာ ငါ့ကို သေသေချာချာပြောပြလိုက်တာပဲ၊ ဟုန်ကျူးအပေါင်ဆိုင်ကို ဘာကြောင့် ရှာမတွေ့ရမှာလဲ'

မကျေမနပ်ဖြင့် ထပ်မံရှာဖွေလိုက်သော်လည်း မတွေ့ရသဖြင့် မနေနိုင်တော့သည့် နောက်ဆုံး လမ်းသွားလမ်းလာတစ်ယောက်ထံ၌ စုံစမ်းကြည့်လိုက်မိလေသည်။

'ဒီအနီးအနားမှာ ဟုန်ကျူးအပေါင်ဆိုင်ဆိုတာ ရှိသလားဟင်'

ထိုလူက ခေါင်းခါယမ်းလိုက်လေသည်။

'ဟုန်ကျူးအပေါင်ဆိုင် ဟုတ်လား၊ တစ်ခါမှလဲမကြားဖူးပါလား'

ယင်ကျင်း စိတ်ပျက်သွားရလေတော့သည်။

အခြားလူနှစ်ယောက်သုံးယောက်ထံ၌ လိုက်လံစုံစမ်းကြည့်ပါသော်လည်း မည်သူကမှ ဟုန်ကျူးအပေါင်ဆိုင်ကို မသိကြပါချေ။

'ထယ်လ်ဖြင့်တာလဲ၊ ငါများ နားကြားလွဲလို့လား'

မည်သို့ပင် စဉ်းစားလိုက်သည်ဖြစ်စေ ဟုန်ကျူးအပေါင်းအသင်းအား မည်သူမှ မသိကြချေ။

ယင်ကျင်း စိတ်ခတ်ကျလာခဲ့လေတော့သည်။

အမှန်ဆိုလျှင် သိုင်းကျမ်းကို သွားရောက် ရှာဖွေပြီးမှ ရှောင်မာဂါဇနီးသည်ထံသို့ လာရမည်ဖြစ်ခဲ့လေသည်။

ယင်ကျင်းသည် ပြိုင်ဘက်ကင်းသိုင်းကျမ်းနှင့်ပတ်သက်ပြီး ဆွေအင်းအား ပြောပြလိုက်မိသည်ဖြစ်၍ စိတ်ထဲ မလုံမလဲ ဖြစ်နေခဲ့သည်။

ဆွေအင်းသည် ပြိုင်ဘက်ကင်းသိုင်းကျမ်းနှင့် ပတ်သက်ပြီး တစ်စုံတစ်ခုပြုလုပ်လိမ့်မည်ဟု ယုံကြည်မိခဲ့လေသည်။

ဆွေအင်းနှင့် တစ်ခဏတာ တွေ့ဆုံခဲ့ရသည်ဖြစ်သော်လည်း သူမသည် စိတ်ခတ်အလွန်ပြင်းသူ၊ ခေါင်းမာသူ၊ လိုချင်သည်ကို မရရအောင် ယူတတ်သူ ဖြစ်ကြောင်း နားလည်မိလေသည်။

သိုင်းကျမ်းရှိသည့်နေရာကို သူသိထားပြီး ဖြစ်သည်။

သိုင်းကျမ်းအား မည်သည့်အချိန်တွင် သွားယူသည်ဖြစ်စေ ယူ၍ရသည်ဟု တွေးခဲ့သည်။



သိုင်းကျမ်းလက်ခံမည့်သူကို ဦးစွာရှာမည်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

နှစ်ပေါင်းနှစ်ဆယ်ဆိုသောအချိန်မှာ အရာရာကို ပြောင်းလဲသွားစေနိုင်သည် မဟုတ်ပါလား။

ယင်ကျင်း အတွေးမှန်သည်ဟု ဆိုရမည် ဖြစ်ပေသည်။

တောင်းတုမြို့သို့ ရောက်လာသောအခါ ဟုန်ကျူးအပေါင်းဆိုင်ကိုပင် ရှာမတွေ့တော့ပါ။

ယင်ကျင်း စိတ်ခတ်ကျသွားသလို မည်သို့ဆက်၍လုပ်ကိုင်ဆောင်ရွက်ရမှန်း မသိတော့ပါချေ။

ထိုစဉ်....

'သနားကြပါ သနားကြပါ'

တစာစာ တောင်းရမ်းသံနှင့်အတူ သူတောင်းစားအဘိုးအိုတစ်ယောက်အနီးသို့ ရောက်လာသည်ကို တွေ့ရလေသည်။

ယင်ကျင်း အဘိုးအိုအပေါ် ကရုဏာသက်သွားသဖြင့် ငွေတုံလေးတစ်တုံး ပေးကမ်းလိုက်လေသည်။

အဘိုးအို ဝမ်းသာသွားလေသည်။

'ကျေးဇူးတင်လိုက်တာကွယ်'

ပြောရင်း အထပ်ထပ်ဦးညွတ်လိုက်လေသည်။

ပြီးလျှင် ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ယင်ကျင်းသည် တစ်စုံတစ်ခုကို သတိရလိုက်ပြီး....

'ဦး....ခဏလောက် နေပါဦးခင်ဗျာ'

ဟု ဟန့်တားလိုက်လေသည်။

အတိုးအိုက....

'ဘာများပြောချင်လို့လဲကွယ်'

ယင်ကျင်းက....

'ဦးဟာ ဒီမြို့ဇာတိပဲလားဗျာ'

ဟု မေးလိုက်သည်။

အတိုးအိုက ရယ်မောလိုက်သည်။

'ဟုတ်ပါကွာ၊ ကျုပ်ဟာ ဒီမြို့မှာမွေး၊ ဒီမြို့မှာကြီးပြင်းခဲ့တာပေါ့၊ အရင်ကဆိုရင် ကိုယ့်မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နေခဲ့ရတာပေါ့၊ မမျှော်လင့်ဘဲ ကံဆိုးပြီး ခုလိုဘဝမျိုးရောက်လာရတာလေ'

ယင်ကျင်း စမ်းသာသွားလေသည်။

ကောင်းတုံမြို့ဇာတိ အတိုးအိုတစ်ယောက်နှင့် တွေ့ပြီ

မဟုတ်ပါလား။



ထိုအတိုးအိုသည် လည်ပင်းနှင့်လက်များတွင် မီးလောင်ဒဏ်ရာ အမာရွတ်များ ရှိနေသည်ကို တွေ့ရလေသည်။

ယင်ကျင်းက....

'ကျွန်တော်သိချင်တာလေးတစ်ခုရှိလို့ပါ၊ ဦးသိရင်ပြောပြစေချင်ပါတယ်၊ မြို့အရှေ့ပိုင်းမှာ ဟုန်ကျူးအပေါင်ဆိုင်ဆိုတာ ရှိခဲ့ဖူးတယ် မဟုတ်လားဟင်'

ဟု မေးလိုက်လေသည်။

အတိုးအိုက....

'ဟုန်ကျူးအပေါင်ဆိုင် ဟုတ်လား'

'ဟုတ်ပါတယ်'

'ရှိခဲ့ဖူးတာပေါ့ကွယ်၊ ဒါပေမယ့် အတော်ကိုကြာသွားပြီ၊ အပေါင်ဆိုင်ဟာ မီးလောင်ပျက်စီးသွားတယ်လေ၊ ကျုပ်က အဲဒီအပေါင်ဆိုင်နဲ့ နှစ်အိမ်ကျော်မှာ နေခဲ့တာပေါ့၊ ညကြီးအချိန်မတော် မီးထလောင်ပြီး အနီးပတ်ဝန်းကျင်က အိမ်ငါးလုံးလောက်ကို ဆက်တိုက်လောင်ကျွမ်းသွားတာ'

အတိုးအို အသံတုန်ခါနေ၏။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ယင်ကျင်းပင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

အတိုးအိုသည် ဟုန်ကျူးအပေါင်ဆိုင်အကြောင်း မေးရုံမျှဖြင့် အဘယ်ကြောင့် မျက်ရည်ကျလာရပါသနည်း။

အတိုးအိုက....

'မီးဟာ အလွန်ပြင်းလွန်းတော့ ကျုပ်တို့အိမ်ကိုပါ လောင်ကျွမ်းသွားခဲ့တယ်လေ၊ ကျုပ်ရဲ့မိသားစုလဲ မီးထဲပါသွားခဲ့တယ်၊ ကျုပ်တစ်ယောက်တည်း လွတ်မြောက်ခဲ့ပြီး ခိုကိုးရာမဲ့တာနဲ့ ခုလိုဘဝမျိုး ရောက်လာခဲ့တာပဲ'

ယင်ကျင်း သက်ပြင်းချလိုက်လေသည်။

'ကျွန်တော်ကြောင့် ဘဘရဲ့ဝမ်းနည်းစရာ အတိတ်က ဖြစ်ရပ်တွေကို ဖော်ထုတ်သလို ဖြစ်သွားတာကို တောင်းပန်ပါတယ်ဗျာ'

အတိုးအိုက....

'ရပါတယ်ကွယ်၊ ကျုပ်ရဲ့အတိတ်ကံကြောင့် ခုလိုဖြစ်ရတယ်လို့ပဲ သဘောထားပါတယ်၊ ဒါထက် မောင်ရင်လေးဟာ ဟုန်ကျူးအပေါင်ဆိုင်ကိုမေးတာ အကြောင်းရှိမယ်ထင်တယ်'

ယင်ကျင်းက....

'ဟုတ်ပါတယ်ခင်ဗျာ'

'ဘယ်လိုအကြောင်းကိစ္စများရှိလို့လဲ ပြောပါဦးကွယ်'



'ကျွန်တော်က လူတစ်ယောက်ကို လာရှာတာပါ၊ ဟုန်ကျူးအပေါင်ဆိုင်နဲ့ သုံးအိမ်ကျော်မှာနေတဲ့သူပါ'

အတိုးအို မျက်မှောင်ကြုတ်သွားပြီး....

'ဟုန်ကျူးအပေါင်ဆိုင်ရှိတုန်းက သုံးအိမ်ကျော်မှာနေတဲ့ လူဆိုတော့၊ အင်း...မင်းက ရှောင်မာကိုမေးတာလား'

ယင်ကျင်း ဝမ်းသာသွားလေသည်။

'ဟုတ်ပါတယ် ခင်ဗျာ'

အတိုးအိုက...

'သူတို့တော့ ကံကောင်းသွားတယ်၊ မီးမလောင်ခင် ထွက်သွားကြတာပဲကွယ့်'

ယင်ကျင်းက....

'သူတို့အကြောင်းကိုသိရင် ပြောပြပါအုံးခင်ဗျာ'

ဟု မေတ္တာရပ်ခံလိုက်လေသည်။

အတိုးအိုက....

'သူတို့အကြောင်း ပြောပြစရာတော့ ထွေထွေထူးထူး မရှိပါဘူး၊ ကျုပ်တို့မြို့လေးကို ရှောင်မာနဲ့ ရှမ်းရှမ်းဆိုတဲ့လူငယ်လူရွယ်ဇနီးမောင်နှံနှစ်ယောက် ရောက်လာကြတယ်၊ သူတို့ဟာ မြို့ကလေးကို သဘောကျလို့ဆိုပြီး အိမ်တစ်လုံး ဝယ်နေလိုက်

ကြတယ်၊ ကျုပ်တို့နဲ့အိမ်ခန်းကပ်လျက်ပေါ့၊ သူတို့ ဇနီးမောင်နှံဟာ သိပ်ကိုချစ်မြတ်နိုးကြတယ်၊ တစ်ယောက်နဲ့ တစ်ယောက် ကြင်ကြင်နာနာရှိခဲ့ကြတယ်၊ တစ်ခါမှ ရန်ဖြစ်တာ မတွေ့ရဘူး၊ ပြီးတော့ သူတို့မှာ ငွေအတော်များများလဲ ရှိပုံရတယ်၊ အလုပ်လုပ်တာမတွေ့ရဘူး၊ ဒီအတိုင်း ထိုင်စားနေကြတာပဲ၊ ပတ်ဝန်းကျင်နဲ့လဲ သင့်တင့်အောင် ပေါင်းသင်းဆက်ဆံနေနိုင်ကြတယ်၊ သူတို့ကို လူချစ်လူခင်ပေါများတယ်၊ ဒီလိုနေလာကြရင်း ရှမ်းရှမ်းမှာကိုယ်ဝန်ရှိလာတယ်၊ ဒီအချိန်မှာပဲ ရှောင်မာ ပစ်ပြေးသွားတာပဲ’

‘ဗျာ’

ယင်ကျင်း အံ့သြသွားလေသည်။

ရှောင်မာသည် ဇနီးသည်အား ပစ်ပြေးသွားသည်ဟု ဆိုနေသည် မဟုတ်ပါလား။

အဘိုးအိုက....

‘ရှောင်မာထွက်သွားပေမယ့် ရှမ်းရှမ်းက သူ့ယောကျ်ား ခရီးထွက်သွားတယ်၊ တစ်နေ့ပြန်လာမယ်ဆိုပြီး စောင့်မျှော်နေခဲ့တယ်၊ ဒီလိုနဲ့ပဲ ကိုယ်ဝန်ရင့်မှာလာပြီး မွေးဖွားကာနီးအချိန် ရောက်လာတယ်၊ ရှောင်မာကတော့ ပြန်ရောက်မလာဘူး၊ အားလုံးက ရှောင်မာကို ဝိုင်းပြီးအပြစ်တင်ကြတာပေါ့၊ ဒီလိုနဲ့ပဲ တစ်ညမှာ လူတစ်စုဟာ ရှမ်းရှမ်းဆီကို ရောက်လာကြတယ်၊ ရှမ်းရှမ်းလဲ သူတို့နဲ့အတူလိုက်သွားပြီး ဘယ်တော့မှ



ပြန်မလာတော့ဘူး၊ ဟုန်ကျူးအပေါင်ဆိုင်ကို မီးလောင်တော့ သူတို့အိမ်ကိုလဲ မီးလောင်သွားတယ်၊ ရှောင်မာရော ရှမ်းရှမ်းရော ခုထိပြန်ရောက်မလာကြတော့ဘူး၊ ကြာတော့လဲ လူတွေဟာ သူတို့ကို တဖြည်းဖြည်းမေ့သွားကြတော့တာပေါ့၊ ခုဆိုရင် အရှေ့မြို့ပတ်လမ်းထဲမှာ လူသစ်တွေ အတော်များများရောက်နေကြပြီ၊ ရှောင်မာတို့အကြောင်းကိုမပြောနဲ့ ဟုန်ကျူးအပေါင်ဆိုင်ကို မေးရင်တောင် ဘယ်သူမှ သိကြတော့မှာ မဟုတ်ဘူး’

ယင်ကျင်း ငိုင်သွားလေသည်။

ရှောင်မာသည် မိတ်ဆွေဖြစ်သော ကျင်းမင်က သစ္စာဖောက်ခဲ့သဖြင့် ဒုက္ခရောက်ခဲ့ရပြီး ကျောက်ဂူအတွင်း၌ နှစ်ပေါင်းနှစ်ဆယ်လုံးလုံး အကျဉ်းချခံခဲ့ရလေသည်။

ထိုဖြစ်ရပ်ကို ကိုယ်ဝန်အရင့်အမာကြီးဖြင့် ကျန်ရစ်ခဲ့သော ဇနီးသည် ရှမ်းရှမ်းကား သိနိုင်မည်မဟုတ်ပါချေ။

သူမအား စွန့်ခွာသွားသည်ဟု အထင်မှားသွားမည်မှာ သေချာလှပေသည်။

ရှောင်မာနှင့် ရှမ်းရှမ်းတို့ ဇနီးမောင်နှံ၏အဖြစ်မှာရင်နာစရာကောင်းလှသည်ဟု ယင်ကျင်း တွေးနေမိလေတော့သည်။

ထို့အပြင်....

'ငါဟာ သိုင်းကျမ်းကို အရင်သွားမရှာတဲ့ ဒီနေရာကို လာခဲ့မိတာ အတော် ကံကောင်းသွားတာပဲ၊ နို့မဟုတ်ရင် သိုင်းကျမ်းဟာ ငါ့လက်ထဲရောက်နေပြီး အန္တရာယ်ကို မိတ်ခေါ်သလို ဖြစ်နေတော့မယ်'

ဟု တွေးမိလိုက်လေသည်။

သိုင်းကျမ်းအကြောင်းဆွေအင်းအား ပြောပြလိုက်မိသည်ကိုလည်း နောင်တရ၍ မဆုံးအောင် ဖြစ်နေသည်။

သူက ဆွေအင်းအပေါ် စိတ်ချသော်လည်း တိတ်တခိုးလေး သံသယစဉ်တွယ်တာမိပါသည်။

ဆွေအင်းလူကောင်းတစ်ယောက်ဖြစ်အောင်စိုင်းဝန်းကူညီ ထိန်းသိမ်းသွားနိုင်မည်ဟု ယုံကြည်မိလေသည်။

ယင်ကျောင်းသည် ရွှောင်မာ၏ ဇနီးသည်အားရှာမတွေ့နိုင်တော့သည့်နောက်ဆုံး အတိုးအိုကိုနှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

* * *

ညနေစောင်းပြီဖြစ်သည်။

ယင်ကျောင်းသည် ကောင်းတုမြို့မှ ထွက်သွားရန် ဆုံးဖြတ်လိုက်၏၊



ထွက်မသွားမီ ရွှောင်မာနေထိုင်ခဲ့သောနေရာကိုသွားကြည့်လိုက်လေသည်။

ရွှောင်မာ၏ အိမ်သည် လမ်းကလေးအဆုံး၌ ရှိလေသည်။

ခြံဝင်းတစ်ခုအတွင်း၌ တည်ရှိသော အိမ်တစ်လုံးလည်း ဖြစ်သည်။

သို့သော်...

ယင်ကျောင်းရောက်သွားသောအခါ ခြံဝင်းမှာ ပျက်စီး ယိုယွင်းကာ ဖုန်းဆိုးမြေပမာ ရှိနေသည်ကို တွေ့ရ၏။

ရွှောင်မာနေထိုင်ခဲ့သောအိမ်သည် မီးလောင်သွားပြီဖြစ်၍ အစအနရှာမရတော့ချေ။

ယင်ကျောင်းသည် ခြံဝင်းအပြင်ဘက်မှနေ၍ အကဲခတ်ကြည့်ရင်း ရင်ထဲ၌ ဝမ်းနည်းလာသည်။

ရွှောင်မာ၏အဖြစ်သည် ဆိုးဝါးလှသည် မဟုတ်ပါလား။

ယင်ကျောင်း ငေးမောကြည့်နေစဉ် တစ်စုံတစ်ယောက်ကသူ့အား ချောင်းမြောင်းကြည့်နေသည်ဟု စိတ်ထဲခံစားလာရလေသည်။

ယင်ကျောင်း ရင်ထိတ်သွားသည်။

မသိချင်ဟန်ဆောင်နေလိုက်ပြီးပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်ကြည့်လိုက်လေသည်။

ဤတွင်....

မလှမ်းမကမ်းရှိ လမ်းဘေးတစ်နေရာမှ သစ်ပင်တစ်ပင် နောက်ကွယ်တွင် လူတစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ယင်ကျင်း သက်ပြင်းချလိုက်သည်။

'ဘယ်သူလဲ....ဘာကြောင့် ငါ့ကို ချောင်းကြည့်နေရတာလဲ'

ဟု တွေးပြီး ခြံဝင်းရှေ့မှလှည့်ထွက်လာခဲ့လေသည်။

ထိုသူ ချောင်းကြည့်နေသော သစ်ပင်ရှိရာသို့ ခပ်သွက်သွက် လှမ်းသွားလိုက်ခြင်းဖြစ်သည်။

အနီးသို့ရောက်မှ သစ်ပင်နောက်ကွယ်သို့ လျှပ်တစ်ပြက်ခုန်ဝင်လိုက်သည်။

ထိုအခါ....

ချောင်းကြည့်ခဲ့သူသည် ရှောင်မလွတ်တော့ဘဲ ယင်ကျင်းနှင့် မျက်နှာချင်းဆိုင်မိလိုက်လေတော့သည်။

ထိုလူ၏မျက်နှာကို သေသေချာချာ တွေ့မြင်လိုက်ရလျှင်....

'ဟာ'

ယင်ကျင်း လွတ်ခနဲ အော်လိုက်မိလေသည်။



အကြောင်းမှာ ထိုလူသည် သူသိယောဇဉ်ဖြစ်နေသော၊ စိတ်ချနိုင်အောင်ဖြစ်နေသော ဆွေအင်းဖြစ်နေခြင်းကြောင့်တည်း။

ဆွေအင်းက မျက်နှာထားတင်းတင်းဖြင့်....

'ရှင် ဘယ်လိုလုပ်လိုက်တာလဲ'

ဟု ငေါက်လိုက်လေသည်။

* * *

ယင်ကျင်းသည် ဆွေအင်းအား ငေးကြည့်နေမိလေသည်။ သူ တွေးထင်ထားသည့်အတိုင်း မှန်ကန်နေပြီမဟုတ်ပါလား။

ဆွေအင်းသည် ရှေခင်မာ၏ ပြိုင်ဘက်ကင်းသိုင်းကျမ်းအား ရယူလိုစိတ်ရှိကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ယင်ကျင်းက....

'မင်းက ကျုပ်နောက်ကို တိတ်တဆိတ် နောက်ယောင်ခံလိုက်လာတာမဟုတ်လား'

ဟု မေးလိုက်လေသည်။

ဆွေအင်းက....

'ဟုတ်တယ်'

သူမသည် မငြင်းဘဲ အမှန်အတိုင်းဝန်ခံလိုက်သဖြင့် ယင်ကျင်းသည် မည်သို့ဆက်ပြောရမည်မှန်း မသိတော့ဘဲ ဖြစ်သွားလေတော့သည်။

ဆွေအင်းက…

'ကျွန်မရဲ့စိတ်သဘောဘာဟိုဘယ်လိုရှိတယ်ဆိုတာ ရှင် သိပြီးပါပြီလေ၊ တကယ်လို့သာ ဖြိုင်ဘက်ကင်းသိုင်းကျမ်းကို ကျွန်မ ရလိုက်မယ်ဆိုရင် ကျွန်မရဲ့လိုအင်ဆန္ဒတွေအားလုံး ပြည့်ဝသွားမှာပဲ'

ယင်ကျင်းက…

'သိုင်းကျမ်းဟာ ကျုပ်ပိုင်ဆိုင်တဲ့ ပစ္စည်းမဟုတ်ပါဘူး၊ ဒါကြောင့် ကျုပ်သဘောနဲ့ကျုပ် ပေးလို့မဖြစ်ပါဘူး'

'ဒါ ရှင် သက်သက်ကပ်တာပဲ၊ ပိုင်ရှင်တွေမှမရှိတော့တာ၊ ထိုက်တဲ့လူယူပေါ့ရှင့်'

'ဟာ…မဖြစ်သေးပါဘူး'

ဆွေအင်း ဒေါပွသွားလေသည်။

'ဘာလဲ၊ ဖြိုင်ဘက်ကင်းသိုင်းကျမ်းကို ကျွန်မဘာတိမြောက်သွားမှာကို ရှင် မလိုလားလို့မဟုတ်လား'

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

'ဒီလိုလဲမဟုတ်ပါဘူး၊ ပိုင်ရှင်မသိဘဲယူ သို…'



'အိုရှင်…ပိုင်ရှင်တွေမှ မရှိတော့တာဘဲ'

'ခက်ပါလား'

ယင်ကျင်း ညည်းတွားကာ ခေါင်းကုတ်လိုက်လေသည်။

ဆွေအင်းက သူ့အား စေ့စေ့ကြည့်လိုက်ပြီး…

'ဘာကြောင့် ကျွန်မကို မပေးနိုင်တာလဲ၊ ပြောပါဦး'

ဟု မေးလာလေသည်။

ယင်ကျင်းက…

'မပေးချင်လို့မဟုတ်ပါဘူး၊ ကျုပ်ပစ္စည်းဆိုရင် ချက်ချင်းထုတ်ပေးလိုက်ပါတယ်'

ဟု လိုက်လိုက်လှဲလှဲပြောလိုက်လေသည်။

မိန်းမဆိုးလေးတစ်ယောက်ကိုမှ သံယောဇဉ်တွယ်မိသည့် ယင်ကျင်း၏အဖြစ်မှာ စိတ်ရှုပ်စရာကောင်းနေပေတော့သည်။

ဆွေအင်းက…

'ဘာပဲဖြစ်ဖြစ် ရှင်ပေးရမှာပဲ'

ယင်ကျင်း သက်ပြင်းချကာ ဘာမှမပြောဘဲ နေလိုက်လေသည်။

ဆွေအင်းက…

'ကောင်းပြီလေ၊ ရှင်က ပိုင်ရှင်ဆွေလက်ထဲကို ပြန်ပေးမယ်မဟုတ်လား'

'ဟုတ်တယ်၊ ပိုင်ရှင်ကိုလိုက်ရှာပြီး ပေးရမှာပဲ'

'ပိုင်ရှင် ဘယ်မှာရောက်နေတယ်ဆိုတာ ရှင်သိထားတယ်ပေါ့'

ယင်ကျင်း ခေါင်းခါယမ်းလိုက်လေသည်။

'မသိပါဘူး၊ ဒါပေမယ့် တွေ့အောင်တော့ လိုက်ရှာရမှာပဲ'

သူ၏မိဘများအကြောင်းကို စုံစမ်းရမည့်အပြင် ရှောင်မာ၏ဇနီးသည် ရှမ်းရှမ်း၏အကြောင်းကိုလည်း စုံစမ်းရန် ဆုံးဖြတ်ထား၏။

ရှောင်မာအပေါ် ရှမ်းရှမ်းက အထင်လွဲနေမည့်အဖြစ်ကို ရှင်းပြလို၏။ ရှောင်မာသည် ဇနီးသည်အပေါ် သစ္စာဖောက်ခြင်း မဟုတ်ဘဲ ကျင်းမင်၏အကောက်ကြံမှုကြောင့် ဒုက္ခရောက်ခဲ့ရသည့်အဖြစ်ကို ပြောပြလိုပေသည်။

ရှောင်မာသည် သနားစရာကောင်းပြီး အပြစ်တင်ခံထိုက်သူ မဟုတ်သဖြင့် အမှန်တရားကို ဖော်ထုတ်ရန် ဆုံးဖြတ်ထားလေသည်။

ဆွေအင်းက....

'ဒါဖြင့် ကျွန်မလဲလိုက်မယ်'



ဟု ပြောလာလေသည်။

'ဟင်....'

ယင်ကျင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဆွေအင်းအား မယုံကြည်နိုင်စွာ ကြည့်ရင်း....

'မင်းလဲလိုက်မယ် ဟုတ်လား'

ဟု မေးလိုက်သည်။

ဆွေအင်းက....

'ဟုတ်တယ်၊ ဘာလဲ ကျွန်မလိုက်မယ်ဆိုတာကိုလဲ ရှင်က လက်မခံပြန်ဘူးပေါ့ ဟုတ်လား'

ယင်ကျင်း သက်ပြင်းချလိုက်လေသည်။

ဆွေအင်း ပြုံးလိုက်လေသည်။

'ရှင်ဟာ ပြိုင်ဘက်ကင်း သိုင်းကျမ်းက သိုင်းကွက်အချို့ကို တတ်မြောက်ထားတယ် မဟုတ်လား၊ သိုင်းကျမ်းပိုင်ရှင်ကို လိုက်ရှာရင်း ကျွန်မကိုသင်ပေးလို့ရတာပဲ၊ ဘာလဲ ရှင် သင်မပေးချင်ဘူးလား'

ယင်ကျင်း အခက်ကြုံသွားသည်။

ဆွေအင်းက သူ၏အားနာတတ်မှုကိုလည်းကောင်း၊ သူမအပေါ် သနားငဲ့ညှာစိတ် ရှိနေသည်ကိုလည်းကောင်း ရိပ်မိထားပြီး ဖြစ်လေသည်။

သူမသည် ယင်ကျင်း မငြင်းနိုင်အောင် ပြောလိုက်ခြင်းဖြစ်ပေတော့သည်။

'ဘယ်လိုလဲ၊ ကျွန်မကို မကူညီနိုင်ဘူးလား၊ ဟုတ်ပါတယ်လေ၊ ကျွန်မက ဘဝကံဆိုးလှပါတယ်၊ ဘယ်သူကများ ကျွန်မကို ညှာတာသနားနိုင်ကြမှာလဲ'

ပြောရင်း သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာ၏။ သူမသည် အလွန်ဝမ်းနည်း ကြေကွဲသွားဟန်ရှိလေသည်။ သူမသည် မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်ပြီး....

'ကျွန်မထိုက်နဲ့ ကျွန်မကံ ရှိပါစေတော့ရှင်'

ဟု ပြောကာ ထွက်ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။

ယင်ကျင်း မနေနိုင်တော့ပါ။

ဆွေအင်း ပိုဆိုးသွမ်းသွားမည့်အဖြစ်ကို မသိလိုက်ပါ။

ထို့ကြောင့် တပျာကယာ ဟန့်တားရင်း....

'နေပါဦး၊ မင်းကိုကျုပ်ကူညီပါ့မယ်'

ဟု ပြောလိုက်မိလေသည်။

ဆွေအင်း ခြေလှမ်းရပ်သွားသည်။

ယင်ကျင်းကို လှည့်ကြည့်ရင်း....

'ရှင်... ရှင်တကယ်ပြောတာလား'



'တကယ်ပေါ့'

'အို...ဝမ်းသာလိုက်တာရှင်'

သူမသည် ချက်ချင်းပင် ပြုံးပြုံးရွှင်ရွှင် ဖြစ်လာလေတော့သည်။ ယင်ကျင်း သက်ပြင်းချလိုက်မိပြန်သည်။

ဆွေအင်းက....

'ကဲ....ကျွန်မတို့ ဘယ်ကိုသွားကြမလဲ'

ဟု မေးလာလေသည်။

ယင်ကျင်း ငိုင်သွား၏။

ရှောင်မာ၏ဇနီးသည် ရှမ်းရှမ်းအား မည်သည့်နေရာ၌ လိုက်လံရှာဖွေရမည်ဆိုသည်ကို မသိပါ။

သူ၏မိခင်ဖြစ်သူအား မည်သည့်နေရာ၌ လိုက်ရှာမည့်ကိုလည်း သူ မသိပါ။

ယင်ကျင်း ငေးငိုင်နေစဉ် ရှောင်မာနှင့် ရှမ်းရှမ်းတို့နေထိုင်ခဲ့သော ခြံဝင်းရှေ့သို့ လူတစ်ယောက် ရောက်ရှိလာသည်ကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရလေတော့သည်။

* * *

လှူရိပ်တစ်ခုသည် ရှောင်မာနှင့် ရှမ်ရှမ်းတို့ နေထိုင်ခဲ့ကြသော ခြံဝင်းရှေ့သို့ ရောက်ရှိလာလေသည်။

ယင်ကျင်းက သေသေချာချာကြည့်လိုက်သောအခါ အမျိုးသမီးကြီး တစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအမျိုးသမီးကြီးသည် အကောင်းစား ပိုးပဲအဝတ်အစားများ ဝတ်ဆင်ထားပြီး ရုပ်ရည်မှာ အသက်တန်းကျလှပေသည်။

သူသည် ခြံဝင်းရှေ့၌ရပ်ကာ တစ်ချက်အကဲခတ်ကြည့်လိုက်ပြီးလျှင် ခြံဝင်းထဲသို့ဝင်သွားသည်ကို တွေ့လိုက်ရလေသည်။

ယင်ကျင်း စိတ်ဝင်စားသွားလေသည်။

ဆွေအင်းက....

'ရှင် ဘာငိုင်နေတာလဲ'

ဟု မေးလာသည်။

ယင်ကျင်းက....

'ရှမ်းရှမ်းရဲ့ခြံဝင်းထဲကို အမျိုးသမီးကြီးတစ်ယောက် ဝင်သွားတာ တွေ့လိုက်ရတယ်'

'ဟင်...'



ဆွေအင်း လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး လှမ်းကြည့်လိုက်၏။ ထိုအခါ အမျိုးသမီးကြီးသည် ခြံဝင်းရှေ့၌ ရှိမနေတော့ဘဲ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်ကို တွေ့ရလေသည်။

ဆွေအင်း မျက်မှောင်ကြုတ်သွားလေသည်။

'ဘယ်မှာလဲရှင့်'

မသက်မသာ လေသံဖြင့် ပြောလာလေသည်။

ယင်ကျင်းက....

'ခြံဝင်းထဲကို ဝင်သွားတယ်'

'ရှင် သေချာရဲ့လား'

'သေချာပါတယ်'

'ဒါဆို သွားကြည့်ရအောင်'

ပြောပြောဆိုဆို ဆွေအင်းသည် ယင်ကျင်း၏လက်ကိုဆွဲကာ လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။

ယင်ကျင်းသည် သူ၏လက်ကိုဆွဲထားသည့် ဆွေအင်း၏ လက်ကလေးကို ကြည့်လိုက်မိလေသည်။

ဆွေအင်းသား အမှုမထားပါချေ။

ယင်ကျင်းအား အတင်းဆွဲခေါ်သွားရာ ယင်ကျင်းလည်း လိုက်သွားပြီး ခြံဝင်းအတွင်းသို့ ရောက်ရှိသွားကြလေတော့သည်။

သူတို့သည် အမျိုးသမီးကြီးအား ရှာဖွေကြည့်လိုက်ကြလေသည်။

သို့သော်....

အမျိုးသမီးကြီး၏ အရိပ်အယောင်ပင် မတွေ့ရတော့ပါချေ။

ဆွဲအင်းက ...

'ဘယ်သူမှလဲ မရှိပါလား'

ယင်ကျင်းက....

'ကျုပ် သေသေချာချာတွေ့လိုက်ရတယ်'

သူတို့သည် အမျိုးသမီးကြီးအား ရှာမတွေ့သည့်နောက်ဆုံး ခြံဝင်းအတွင်းမှ ပြန်ထွက်ခဲ့ကြလေတော့သည်။

ဆွေအင်းက....

'ကျွန်မတို့ ဘယ်ကိုသွားကြမလဲ'

ယင်ကျင်းက မပြောဘတ်ပါ။

အရာရာအားလုံး လမ်းစပျောက်နေသည် မဟုတ်ပါလား။



ဆွဲအင်းက....

'ရှင်စဉ်းစားလို့မရရင် ဈေးသောက်ဆိုင် တစ်ဆိုင်ဆိုင်ကို အရင်သွားကြတာပေါ့၊ ကျွန်မ ဗိုက်ဆာနေပြီရှင့်'

ယင်ကျင်း သဘောတူလိုက်လေသည်။

* * *

ပိုင်ရှင်

---

နံနက်စာစားချိန် ကျော်လွန်သွားပြီဖြစ်သည်။

ထို့ကြောင့်....

စားသောက်ဆိုင်ထဲ၌ လူရှင်းနေ၏။

ယင်ကျင်းနှင့် ဆွေအောင်းတို့သည် စားသောက်ဖွယ်ရာ အချို့ကို မှာကြား၍ စားသောက်လိုက်ကြသောသည်။

ယင်ကျင်း၏ရင်ထဲ၌ မရှင်းမလင်းဖြစ်နေသည်။

သူ၏မျက်နှာမှာလည်း မရွှင်မပျဖြစ်နေသည်။

သူ၏မိတ်မျာ:နှင့်ပတ်သက်၍လည်းကောင်း၊ သိုင်းကျမ်းနှင့်ပတ်သက်၍လည်းကောင်း၊ မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို မတွေးတောမကြံဆနိုင်အောင် ဖြစ်နေရသည်။



အားပေးရေစားသောက်နေသော ဆွေအောင်းကိုလည်း မသိမသာ အကဲခတ်ကြည့်မိသည်။

ဆွေအောင်းသည် သိုင်းကျမ်းကို အရယူမည့်သူဖြစ်ကြောင်း ထင်ရှားနေပါသည်။

သူမ၏လက်ထဲသို့ သိုင်းကျမ်းရောက်ရှိသွားပါလျှင်....

ထိုစဉ်....

'သနားကြပါခင်ဗျာ'

သူတောင်းစားတစ်ယောက်၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်ကျင်းက အမှတ်မထင် လှမ်းကြည့်မိလိုက်သည်။

ထိုအခါ ဘမ်းပေါ်မှဖြတ်သန်းသွားသောသူတောင်းစားကြီးအား တွေ့မြင်လိုက်ရသည်။

ရှောင်မှာနှင့် ရှမ်းရှမ်းတို့စနိုးမောင်နှံအကြောင်း ပြောပြခဲ့သော သူတောင်းစားကြီး ဖြစ်သည်။

ယင်ကျင်းက ငေးမော၍ကြည့်နေစဉ်မှာပင်...

'ဟေ့....ဟေ့ ခဏနေပါဦး'

သူတောင်းစားကြီးသည် အော်ဟစ်တားမြစ်ရင်း ပြေးသွားသည်ကို တွေ့လိုက်ရလေသည်။

ယင်ကျင်း သေသေချာချာကြည့်လိုက်သောအခါ မလှမ်းမကမ်း၌ အမျိုးသမီးကြီးတစ်ယောက် ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟာ'

ယင်ကျင်း လွှတ်ခနဲအော်လိုက်မိသည်။

ထိုအမျိုးသမီးသည် ရှောင်မာ၏ခြံဝင်းတွင်းသို့ ရောက်သွားပြီး ပျောက်သွားသော အမျိုးသမီးကြီး ဖြစ်နေပါသည်။

သူတောင်းစားအဘိုးအို၏ ခေါ်သံကြောင့် အမျိုးသမီးကြီး ခြေလှမ်းရပ်သွားပြီး လှည့်ကြည့်လိုက်လေသည်။

သူတောင်းစားကြီးက....

'မင်း....မင်း ရှမ်းရှမ်းမဟုတ်လား'

ဟု မေးလိုက်သည်။

အမျိုးသမီးကြီးက....

'ဟုတ်ပါတယ်၊ ရှင်က ဘယ်သူလဲ'

အဘိုးအိုက....

'ကျုပ်က မင်းတို့နဲ့အိမ်ချင်းကပ်နေခဲ့တဲ့ ချမ်းစိန်လေ'

'ဩော်....ရှင်က ချမ်းစိန်ကိုး၊ ဘယ်လိုလုပ်ပြီး ခုလိုဖြစ်သွားရတာလဲရှင်'



ထိုအမျိုးသမီးကြီးသည် ရှောင်မာ၏ဇနီးသည် ရှမ်းရှမ်း ဖြစ်နေပါသည်။

ယင်ကျင်းတို့ရောက်ရှိလာချိန်ဝယ် သူမသည်လည်း တိုက်တိုက်ဆိုင်ဆိုင်ရောက်လာခြင်း ဖြစ်လေသည်။

အဘိုးအို(ဝါ)ချမ်းစိန်က....

'ကျုပ်ရဲ့အဖြစ်ကတော့....'

သူ၏အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

အမျိုးသမီးကြီးက....

'အို....ဖြစ်မှဖြစ်ရလေရှင် ကြားရတာ စိတ်မကောင်းလိုက်တာ'

ချမ်းစိန်က....

'ကံတရားပေါ့လေ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါထက်မင်းလဲ ဒီမြို့က ထွက်သွားတာကြာပြီနော်၊ ရှောင်မာနဲ့ကော တွေ့သေးသလား'

ရှမ်းရှမ်း မျက်နှာပျက်သွားသည်။

သူမသည် ခေါင်းခါယမ်းလိုက်ပြီး....

'မတွေ့တော့ပါဘူးရှင်၊ သူဟာ ကျွန်မကို တကယ်ပဲ စွန့်ခွာသွားခဲ့ပါတယ်'

'မင်းတို့ဇနီးမောင်နှံရဲ့အဖြစ်အပျက်ဟာ စိတ်မကောင်းစရာပါပဲ၊ ရှောင်မာက ဘာကြောင့်များ မင်းကိုထားပစ်ခဲ့ရတာလဲ'

'ဘာကြောင့်လဲဆိုတာ ခုချိန်ထိ ကျွန်မလဲတွေးလို့မရပါဘူးရှင်'

'မင်းဒီမြို့ကထွက်သွားပြီး ဘယ်မှာသွားနေတာလဲ'

'ကျွန်မရဲ့မိဘတွေဆီကိုပြန်သွားတာပါ၊ ခုတော့ ကျွန်မရဲ့မိဘတွေလဲ ကွယ်လွန်သွားခဲ့ပါပြီရှင်'

ချမ်းစိန်က....

'ဪ... ခုမှ ကျုပ်သတိရတယ်၊ မင်းကို ပြောစရာရှိသေးတယ်'

'ဘာများလဲရှင်'

'မင်းတို့ဇနီးမောင်နှံကို လူငယ်လေးတစ်ယောက်ကလိုက်ရှာနေတယ်'

အမျိုးသမီးကြီးရှမ်းရှမ်း စိတ်ဝင်စားသွားလေသည်။

'ဘယ်သူများလဲရှင့်'

ထိုစဉ်....

ယင်ကျောင်းသည် စားသောက်ဆိုင်ထဲမှ လှမ်းထွက်လာလေသည်။



ချမ်းစိန် ဝမ်းသာသွားသည်။

'သူပဲ... သူပဲ'

ယင်ကျောင်းအား လက်ညှိုးထိုးညွှန်၍ပြောပြလိုက်လေသည်။

*

ယခု....

ချမ်းစိန်နှင့် အမျိုးသမီးကြီးတို့သည် စားသောက်ဆိုင်ထဲသို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

ယင်ကျောင်းက နေရာထိုင်ခင်း ပေးလိုက်လေသည်။

ထို့နောက်

စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။

ချမ်းစိန်က မိတ်ဆက်ပေးလိုက်လေသည်။

'သူဟာ မင်းလိုက်ရှာနေတဲ့ ရှောင်မာရဲ့ဇနီး ရှမ်းရှမ်းပါပဲ'

ယင်ကျောင်း၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာလေသည်။

အဘိုးအိုရှောင်မာအား သတိရလာသည်။

ရှောင်မာ သေဆုံးသွားသည်ဆိုသည်ကိုပြောရန် ဝန်လေးမိလေသည်။

သူက ရှမ်းရှမ်းအား အကဲခတ်ကြည့်လိုက်သည်။

ရှမ်းရှမ်းသည် ငယ်ရွယ်စဉ်ကအလွန်ချောမောလှပမည်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

အဘယ်ကြောင့်မှန်းမသိ သူ၏စိတ်ထဲ၌ ရှမ်းရှမ်းကို ခင်မင်လာသည်။

ဆိုစဉ်....

'မောင်ရင်လေး .... မင်းက ဒေါ်ဒေါ်ကို ဘယ်လို အကြောင်းကိစ္စနဲ့ လိုက်ရှာနေရတာလဲ'

အမျိုးသမီးကြီးရှမ်းရှမ်းက မေးလာလေသည်။

ယင်ကျင်းက....

'ကျွန်တော်ဟာ ဒေါ်ဒေါ်ရဲ့ ခင်ပွန်းသည်အကြောင်း ပြောပြချင်လို့ပါခင်ဗျာ'

ရှမ်းရှမ်း မျက်နှာပျက်သွားလေသည်။

'မင်းဘယ်လိုပြောလိုက်တာလဲ၊ ကျုပ်ရဲ့ခင်ပွန်းသည်ဟုတ်လား'

ယင်ကျင်းက....



'ဟုတ်ပါတယ်ခင်ဗျာ'

'မင်းက ကျုပ်ရဲ့ခင်ပွန်းသည်ကို သိလို့လား'

'သိပါတယ်ခင်ဗျာ'

ရှမ်းရှမ်းသည် သက်ပြင်းချလိုက်ပြီး....

'ကျုပ်က သူ့အကြောင်း မကြားချင်တော့ပါဘူးကွယ်'

ယင်ကျင်း ပို၍ စိတ်မကောင်းဖြစ်သွားသည်။

ရှမ်းရှမ်းသည် ရှောင်မာအပေါ်တွင် အထင်လွဲကာ နာကြည်းနေကြောင်း ထင်ရှားနေသည် မဟုတ်ပါလား။

'ဒေါ်ဒေါ် သူ့အပေါ်မှာ အထင်လွဲနေလိမ့်မယ်ဆိုတာ သူသိပါတယ်၊ ဒါကြောင့် သူသေဆုံးကာနီးအချိန်မှာ ဒေါ်ဒေါ့်ကိုရှာဖွေပြီး အကျိုးအကြောင်းပြောပြဖို့ ကျွန်တော့်ကို မှာကြားသွားပါတယ်'

'ဘာ'

ရှမ်းရှမ်း၏ခန္ဓာကိုယ် တုန်ခါသွားလေသည်။

ယင်ကျင်းကို မျက်လုံးပြူး၍စိုက်ကြည့်ရင်း....

'သူ... သူသေသွားပြီ ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

ရုတ်တရက် ရှမ်းရှမ်း၏ မျက်လုံးအစုံမှ မျက်ရည်များစီးကျလာလေသည်။

'သူသေသွားလို့သာ ကျုပ်ဆီကို မလာနိုင်တာဖြစ်ရမယ်လို့ ကျုပ် နားလည်ခဲ့ပါတယ်၊ ခုတော့ မှန်နေပြီပေါ့၊ သူဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ ပြောပြပါဦးကွယ်'

ယင်ကျင်းသည် အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

ရှောင်မာ၏အဖြစ်ဆိုးကိုကြားသိလိုက်ရသောအခါ ရှမ်းရှမ်းမှာ ဝမ်းနည်းကြေကွဲသွားလေသည်။

'သူဟာ ကျုပ်ကိုစွန့်ပစ်သွားပြီထင်လို့ ကျုပ်ရဲ့မိဘတွေဆီကို ပြန်သွားခဲ့တာ၊ ဒါပေမယ့် ကျုပ်ကိုစွန့်ပစ်သွားလိမ့်မယ်လို့ ဘယ်တုန်းကမှ မယုံကြည်ခဲ့ဘူး'

ယင်ကျင်းက....

'ဘဘရှောင်မာက သူဝှက်ထားတဲ့ သိုင်းကျမ်းကို ယူပြီး ဒေါ်ဒေါ်ကို ပေးရမယ်လို့မှာသွားပါတယ်၊ ဒါပေမယ့်အဲဒီ သိုင်းကျမ်းကို ကျွန်တော်သွားမယူရသေးပါဘူး'

ရှမ်းရှမ်း လက်ကာပြလိုက်လေသည်။

'ကိစ္စမရှိဘူး၊ ဒါတွေကို ကျုပ်စိတ်မဝင်စားတော့ပါဘူး'

ယင်ကျင်း အံ့သြသွားလေသည်။



'ဒေါ်ဒေါ် အဲဒီသိုင်းကျမ်းဟာ ပြိုင်ဘက်ကင်း....'

သူ၏စကားမဆုံးမီ ရှမ်းရှမ်းက ကြားဖြတ်ပြောလိုက်လေသည်။

'မင်းဟာ သူ့ကိုကူညီခဲ့တယ်၊ ဒါကြောင့် မင်းနဲ့ပဲ ထိုက်တန်ပါတယ်'

'ကျွန်တော်....'

'သိုင်းကျမ်းကို မင်းပဲယူလိုက်ပါတော့'

ထိုစကားကြားလျှင် တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော ဆွေအင်း ဝမ်းသာသွားလေသည်။

'ဟုတ်သားပဲ၊ ရှင်ဟာ သိုင်းလောကမှာ ကျင်လည်ကျက်စားရဦးမယ်ဆိုတော့ သိုင်းပညာရှိဖို့လိုမှာပေါ့'

အမှန်တော့ သိုင်းကျမ်းကို လိုချင်သူမှာ သူမသာ ဖြစ်လေသည်။

ရှမ်းရှမ်းက....

'ကျုပ်ရဲ့ဘဝမှာ အစားထိုးမရတဲ့ ဆုံးရှုံးမှုတွေနဲ့ အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရပြီးပါပြီ၊ သိုင်းကျမ်းကိုသူများတွေ မက်မောကြပေမယ့် ကျုပ်ကတော့ မလိုချင်တော့ပါဘူး'

ဆွေအင်းက....

'ဒါဖြင့် ကျွန်မတို့ယူလိုက်မယ်နော် ဒေါ်ဒေါ်'

ရှမ်းရှမ်းက သဘောတူလေသည်။

'ယူလိုက်ပါကွယ်၊ မင်းတို့နဲ့ပဲ ထိုက်တန်ပါတယ်'

သူမသည် ဆွေအင်းနှင့် ယင်ကျင်းတို့မှာ အတူတူပင် ဖြစ်သည်ဟု ယူဆထားပုံရလေသည်။

ယင်ကျင်းမှာမူ လိုချင်မက်မောစိတ်မရှိပါ။

သို့သော်....

သိုင်းကျမ်းကိုရလျှင် ဆွေအင်း၏ဆန္ဒ ပြည့်ဝသွားမည်ဖြစ်၍ ဘာမှမပြောဘဲ နေလိုက်တော့သည်။

ရှမ်းရှမ်းက ထိုင်ရာမှထလိုက်သည်။

'ကျုပ်ရဲ့ ခင်ပွန်းသည်အပေါ်မှာ အကောက်ကြံခဲ့ကြတဲ့ လူသုံးယောက်ကိုတော့ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး၊ သူတို့ကိုတော့ ဆုံးမရလိမ့်မယ်'

ဟု ပြောလေသည်။

ဆွေအင်းက ထောက်ခံလိုက်သည်။

'ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ဒီလူယုတ်မာတွေကို ဆုံးမသင့်တာပေါ့'

ရှမ်းရှမ်းက....



'ကျုပ်ဟာ အချိန်သိပ်မရဘူး၊ သိုင်းလောကထဲမှာတစ်လထက်ပိုပြီး နေလို့မရဘူး၊ ဒါကြောင့် အချိန်ရှိတုန်း ကျုပ်လိုက်ရှာရလိမ့်မယ်၊ ကျုပ်ကိုခွင့်ပြုပါဦး'

သူမသည် ယင်ကျင်းတို့အားနှုတ်ဆက်လိုက်ပြီး စားသောက်ဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

* * *

ရှမ်းရှမ်း ထွက်သွားပြီ ဖြစ်လေသည်။

ထို့အတူ...

သူတောင်းစားအဘိုးအို ချမ်းစိန်သည်လည်း ထွက်သွားပြီ ဖြစ်သည်။

ယခု....

ဆွေ့အင်းနှင့် ယင်ကျင်းတို့နှစ်ယောက်သာလျှင် ကျန်ရစ်တော့၏။ ဆွေအင်း၏မျက်နှာ ပြုံးရွှင်နေသည်။

'ပိုင်ရှင်က ကြည်ကြည်ဖြူဖြူ သဘောတူလိုက်ပြီပဲ၊ သိုင်းကျမ်းကို ကျွန်မတို့ သွားယူကြရအောင်'

ယင်ကျင်းက....

'ကောင်းပြီလေ၊ ငါတို့သိုင်းကျမ်းသွားရှာကြတာပေါ့'

သူတို့သည် စားသောက်ခကျသင့်ငွေ ပေးချေကာ ဆိုင်ထဲမှ ထွက်ခွာလာခဲ့ကြလေသည်။

ထို့နောက်....

သိုင်းကျွမ်းဝင်ထားသော အရပ်ဆီသို့ ဦးတည်ကာ ပြေးလွှားသွားကြလေတော့သည်။

❀

စားပွဲတစ်လုံးတွင် လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

ထိုလူသုံးယောက်မှာ ကျောင်းမင်၊ ဟန်လင်း၊ စန်းရယ်တို့ဖြစ်ကြလေသည်။ သူတို့သည် ရှောင်မာအကြောင်း ပြောဆိုနေကြခြင်း ဖြစ်သည်။

ကျောင်းမင်က....

'ရှောင်မာသာ သေသွားတယ်၊ သိုင်းကျမ်းကို ကျုပ်တို့ မရလိုက်ဘူး'

စန်းရယ်က....

'ဟုတ်တယ်၊ သိုင်းကျမ်းဟာ တစ်နေရာရာမှာ ရှိလိမ့်မယ်'

ဟန်လင်းက....



'ကျောက်ရုပ်ထဲမှာတွေ့ခဲ့ရတဲ့ ကောင်လေးနဲ့ ရှောင်မာ တစ်နည်းနည်းတော့ ပတ်သက်နေလိမ့်မယ်၊ ဒီအကောင်လေးကို တွေ့အောင်ရှာနိုင်ရင်တော့ ကျုပ်တို့အတွက် အကျိုးရှိမှာသေချာတယ်'

ကျောင်းမင်က....

'သူ ဘယ်သူလဲဆိုတာ ခင်ဗျားတို့သိသလား'

'မသိလို့ပေါ့ဗျာ၊ သိမျှားသိရင် ကျုပ်တို့လက်ထဲရောက်နေပြီပေါ့'

ဟန်လင်းက....

'ကျုပ်က သူ့ကိုလိုက်ရှာရင်း သိုင်းလောကရဲ့ သတင်းထူးတစ်ခု ကြားခဲ့မိသေးတယ်'

ကျောင်းမင်က....

'ဘာများလဲဗျ'

ဟန်လင်းက....

'ငွေပုလဲစံအိမ်ကို ခင်ဗျားတို့သိတယ်မဟုတ်လား'

ကျောင်းမင်နှင့် စန်းရယ်တို့က ခေါင်းညိတ်ကြလိုက်လေသည်။

ဟန်လင်းက....

‘ငွေပုလဲစံအိမ်ရဲ့ အဖိုးထိုက်ရတနာဖြစ်တဲ့ နှစ်တစ်ထောင်ပုလဲကို မိန်းကလေးတစ်ယောက်က ခိုးယူသွားခဲ့တယ်၊ ငိုမိဂိုဏ်းက မောင်းထုတ်ထားတဲ့ ဆွေအင်းဆိုတဲ့ မိန်းကလေးရဲ့ လက်ချက်ပဲ၊ ငွေပုလဲစံအိမ်က ငိုမိဂိုဏ်းကို အကျိုးအကြောင်းသွားပြောပြတော့ ငိုမိဂိုဏ်းချုပ်ဟာ ဆွေအင်းကို ဆုံးမဖို့ လိုက်ရှာတယ်၊ သူမကိုတွေ့တဲ့အခါမှာ လူငယ်တစ်ယောက်က ကြားဝင်တိုက်ခိုက်လို့ ငိုမိဂိုဏ်းချုပ် ဒဏ်ရာရသွားတယ်’

ထိုစကားကြားလျှင်....

‘ဟင်’

‘ဟာ’

စန်းရယ်နှင့်ကျင်းမင်တို့ အံ့သြသွားကြလေသည်။

ကျင်းမင်က....

‘ငိုမိဂိုဏ်းချုပ်ဒဏ်ရာရအောင် လူငယ်လေးတစ်ယောက်က တိုက်ခိုက်သွားတယ် ဟုတ်လား’

ဟန်လင်းက....

‘ဟုတ်တယ်၊ ဒီကိစ္စကို သိုင်းလောကသားတွေ စိတ်ဝင်စားကြတယ်’



ကျင်းမင်နှင့်စန်းရယ်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ရှောင်မာသည် ပြိုင်ဘက်ကင်းသောသိုင်းကျမ်းကို ရရှိခဲ့သည်။

လူငယ်လေးတစ်ယောက်နှင့်လည်း ပတ်သက်ခဲ့သည်။

ထိုလူငယ်သည် ရှောင်မာထံမှသိုင်းပညာကို ရကောင်းရရှိသွားနိုင်၏။

ငိုမိဂိုဏ်းချုပ်အား တိုက်ခိုက်ခဲ့သူမှာ ထိုလူငယ်ဖြစ်သည်ဟု ယူဆကြလေတော့သည်။

ကျင်းမင်က....

‘ဒီအတိုင်းဆို သူ့ကိုရှာဖို့မခက်တော့ဘူး’

ဟု ဝမ်းသာအားရပြောလိုက်လေသည်။

စန်းရယ်က ထောက်ခံလိုက်သည်။

‘ဟုတ်တယ်၊ ဆွေအင်းကိုရှာနိုင်ရင် သူ့ကိုတွေ့ရမှာပဲ၊ သူ့အကြောင်းကို မသိရသေးပေမယ့် ဆွေအင်းအကြောင်းကိုတော့ လူအတော်များများ သိထားကြမှာသေချာတယ်’

သူတို့သည် ဆွေအင်းအား လိုက်လံရှာဖွေရန်ဆုံးဖြတ်လိုက်ကြသည်။

ထိုင်းသားကတွင် သူတို့၏မိတ်ဆွေများရှိနေသဖြင့် များမကြာမီ ဆွေအင်းနှင့်ပတ်သက်သောသတင်းအချို့ ရရှိသွားကြလေတော့သည်။

## လမ်းစပျောက်ဆုံးခြင်း

ချန်းရန်မြို့။

ယင်ကျောင်းနှင့်ဆွေအင်းတို့သည် ချန်းရန်မြို့သို့ ဦးတည်လာခဲ့ကြလေသည်။

ချန်းရန်မြို့ တောင်ဘက်ငါးမိုင်အကွာတွင် တောင်ကုန်းတစ်ခုရှိသည်။ ထိုတောင်ကုန်းပေါ်တွင် ဘုံကျောင်းပျက်တစ်ခုရှိသည်။

ထိုဘုံကျောင်းပျက်၌ ရှောင်မာက သိုင်းကျမ်းကို ဝှက်ထားခဲ့ခြင်းဖြစ်လေသည်။

ရှောင်မာ၏ဇနီးသည်ရှမ်းရှမ်းက သိုင်းကျမ်းကို ယူခွင့်ပြုလိုက်သည်။

ထို့ကြောင့်....

ချန်းရန်မြို့သို့ ဦးတည်ထွက်လာခဲ့ခြင်းဖြစ်လေသည်။

သူတို့သည် နေမွန်းတည့်ချိန်တွင် ချန်းရန်မြို့သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်လေသည်။

ခရီးပြင်းနှင်လာခဲ့ရသဖြင့် နှစ်ယောက်သား ပင်ပန်းနွမ်းနယ်နေကြလေသည်။ ဆွေအင်းသည် ပြိုင်ဘက်ကင်းသိုင်းကျမ်းအား ရရှိတော့မည်ဖြစ်၍ ကျေနပ်ဝမ်းသာနေ၏။

ထို့အပြင်....

အလောတကြီးလုပ်စရာမလိုတော့ဟုလည်း နားလည်ထားသည်။

သိုင်းကျမ်းနှင့်ပတ်သက်ပြီး သူမတွင် အကြံတစ်ခုရှိနေသည် မဟုတ်ပါလား။

မြို့ထဲသို့ရောက်လာလျှင် သူမသည် ဟိုဟိုသည်သည်ကြည့်လိုက်ပြီး စားသောက်ဆိုင်တစ်ဆိုင်ကို ညွှန်ပြကာ....

'ကျွန်မတို့ ခဏနားပြီး တစ်ခုခုစားကြရင် မကောင်းဘူးလား'

ယင်ကျင်းက လက်ခံလိုက်သည်။

'ညီမသဘောပဲလေ'

'ဒါဖြင့် သွားရအောင်'



သူတို့သည် စားသောက်ဆိုင်တစ်ဆိုင်ဆီသို့ လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'သူခိုးမလေး ဘယ်ပြေးမလဲ'

အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

လူတစ်စုပြေးလွှားလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူများမှာ ငွေပုလဲစံအိမ်မှလူများဖြစ်လေသည်။

ဆွေအင်း မျက်နှာပျက်သွားလေသည်။

'ဒုက္ခပါပဲ'

လွှတ်ခနဲ ညည်းတွားလိုက်လေသည်။

ယင်ကျင်းက...

'ဘာဖြစ်လို့လဲ'

ဆွေအင်း ခေါင်းခါယမ်းလိုက်သည်။

'ဘာမှမဖြစ်ပါဘူးရှင်'

သူမသည် ယင်ကျင်း၏လက်ကိုဆွဲကာ ထွက်သွားရန်ဟန်ပြင်လိုက်လေသည်။

'ရပ်လိုက်'

ငွေပုလဲစံအိမ်မှလူများက အောင်ပေါက်ဟန့်ဘားလိုက်ကြသည်။

သူတို့ထွက်သွား၍ရအောင် ဝိုင်းရံထားလေသည်။

ယင်ကျော်က....

'ခင်ဗျားတို့ဘယ်သူတွေလဲ၊ ဘာကြောင့် ကျုပ်တို့ကို နှောင့်ယှက်ရတာလဲဗျာ'

သိုင်းသမားတစ်ယောက်က....

'နှောင့်ယှက်တာမဟုတ်ဘူး၊ ဒီကိုစ္စ မင်းနဲ့လဲမဆိုင်ဘူး၊ အေးအေးဆေးဆေးဘေးဖယ်နေစမ်း'

ယင်ကျော်၊ မကျေမနပ်ဖြစ်သွားသည်။

ဆွေအင်းအား ဒုက္ခပေးမည့်သူများဖြစ်ကြောင်း နားလည်လိုက်သည်။

သူသည်ဆွေအင်းကိုသံယောဇဉ်ဖြစ်နေသည့်အလျောက်....

'ကျုပ်ရဲ့မိတ်ဆွေကို ဒုက္ခမပေးဖို့ တောင်းပန်ပါတယ်ဗျာ'

ဟု ပြောလိုက်လေသည်။

ငွေပုလဲစံအိမ်မှသိုင်းသမားများသည် ဆွေအင်းကို မည်သည့်နည်းနှင့်မျှ အလွတ်မပေးကြပါချေ။



ဆွေအင်းသည် ငွေပုလဲစံအိမ်မှ အပိုးတန်ရတနာဖြစ်သော နှစ်ဆယ်တောင်ပုလဲကို ခိုးယူသွားခဲ့သည်မဟုတ်ပါလား။

ထို့ကြောင့်....

'ကောင်းပြီ၊ မင်းတို့နှစ်ယောက်စလုံးကို ဖမ်းခေါ်သွားရလိမ့်မယ်'

ပြောပြောဆိုဆို ရှေ့တိုးလာကြလေသည်။

ဆွေအင်းက....

'ကျွန်မ ရှင်တို့ကိုကြောက်နေရမှာလား'

သူမသည် လက်မြန်ခြေမြန်ဖြင့် ရှေ့ဆုံးမှလူကို တိုက်ခိုက်လိုက်လေသည်။

ထိုလူသည် ဆွေအင်းက ထိုသို့ တိုက်ခိုက်လာလိမ့်မည်ဟု မထင်မိသဖြင့် အငိုက်မိသွားလေတော့သည်။

'ဝုန်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ငွေပုလဲစံအိမ်မှ သိုင်းသမားသည် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

'ဟင်'

'ဟာ'

ငွေပုလဲစံအိမ်မှ ကျန်သိုင်းသမားများ မှုကျေမနပ် ဖြစ်သွားကြ၏။

'တောက်....သိကြသေးတာပေါ့'

ဟု ကြုံးဝါးကာ ပြေးဝင်တိုက်ခိုက်လာကြလေသည်။

ဆွေအင်းကလည်း မကြောက်မရွံ့ ရင်ဆိုင်တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သောတိုက်ပွဲတစ်ခု ပေါ်ပေါက်လာလေသည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

ဆွေအင်း၏ တိုက်ခိုက်မှုကြောင့် ငွေပုလဲစံအိမ်မှ သိုင်းသမားများ ဖရိုဖရဲဖြစ်သွားကြသည်။

ထို့အတူ....

ဆွေအင်းသည်လည်း ရန်သူလက်ချက်မိသွားပြီး....



'အဋ္ဌိ'

မသဲမကွဲ ညည်းညူကာ နောက်ဆုတ်လိုက်ရလေသည်။

ယင်ကျင်း စိတ်ပူသွားလေသည်။

'ညီမ သတိထား'

ချက်ချင်းပင် ဆွေအင်းကို ဖေးမလိုက်သည်။

ငွေပုလဲစံအိမ်မှ သိုင်းသမားများက ဝိုင်းရံလာကြလေသည်။

ယင်ကျင်း မတတ်သာဘဲ ထိုသိုင်းသမားများနှင့် ရင်ဆိုင်လိုက်ရသည်။

သူက စတင်တိုက်ခိုက်ခြင်းမပြုဘဲ သူ့အား တိုက်ခိုက်လာမှသာ ခုခံကာကွယ်ခြင်း ဖြစ်လေသည်။

သို့သော်....

သူ၏ အတွင်းအားမှာ ကြောက်ခမန်းလိလိ တိုးတက်နေပြီဖြစ်၍ ငွေပုလဲစံအိမ်မှ သိုင်းသမားများ အလူးအလဲခံလိုက်ကြရလေတော့သည်။

'ဝုန်း'

'အား'

'အမယ်လေး'

‘သေပြီဗျ’

ထိုလူများသည် အဝေးသို့ လွင့်စဉ်သွားကြသည်။

အခြေအနေမဟန်မှန်းသိလျှင် ဆက်လက် တိုက်ခိုက်ခြင်း မပြုဘဲ ထွက်ပြေးသွားကြလေတော့သည်။

* * *

ငွေပုလဲစံအိမ်မှသိုင်းသမားများ ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။

ယင်ကျောင်းက ဆွေအင်းကို ဖေးမလိုက်သည်။

‘ညီမ ဘာဖြစ်သွားသေးသလဲ’

ဆွေအင်းက....

‘ကိစ္စမရှိပါဘူး၊ ကျွန်မတို့သိုင်းကျမ်းရှိတဲ့နေရာကို အမြန်ဆုံး သွားဖို့ပဲ အရေးကြီးပါတယ်’

သူမ အချိန်မဆွဲနိုင်တော့ပါ။

အန္တရာယ်သည် နီးကပ်နေသည် မဟုတ်ပါလား။

ယင်ကျောင်းက....

‘ကောင်းပြီလေ၊ သွားကြတာပေါ့’



သူတို့သည် မင်းလမ်းမကြီးအတိုင်း ခပ်သွက်သွက် ထွက်လာခဲ့ကြလေတော့သည်။

လူစည်ကားသော လမ်းဆုံလမ်းခွအနီးနေရာကို ဖြတ်ကျော်လိုက်ကြသောအခါ....

‘ဟင်’

ယင်ကျောင်း ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

လမ်းတစ်ဖက်၌ရပ်နေသူတစ်ယောက်အား မျက်လုံးမြူး၍ ကြည့်လိုက်မိသည်။

ထိုလူအား သူ ကောင်းစွာမှတ်မိထားပါသည်။

ထိုလူသည် ရှောင်မာအား အတောက်ကြံခဲ့သူသုံးယောက်တွင် ပါဝင်ခဲ့သူဖြစ်လေသည်။

မှန်ပေသည်။

ထိုလူမှာ ကျင်းမင်ဖြစ်လေသည်။

ကျင်းမင်သည် ဆွေအင်း၏သတင်းကို လိုက်လံစုံစမ်းရင်း ချန်းရန်မြို့သို့ ရောက်ရှိလာခြင်းဖြစ်လေသည်။

ပြေးလွှားသွားကြသော ငွေပုလဲစံအိမ်မှသိုင်းသမားများကို တွေ့ရှိခဲ့ပြီးနောက် ထူးခြားမှုတစ်ခုခုရှိမည်ဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့်....

ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ကြည့်နေစဉ် မှာပင် ခပ်သုတ်သုတ်လှမ်းလာသော ယင်ကျင်းနှင့် ဆွေအင်း တို့အား တွေ့မြင်လိုက်ရခြင်းဖြစ်လေသည်။

ကျင်းမင်သည် ယင်ကျင်းအား ချက်ချင်းမှတ်မိလိုက်သည်။

'ငါထင်တာမှန်နေပြီ၊ ဆွေအင်းနဲ့ပတ်သက်ပြီး ငွေပုလဲ စံအိမ်ကလူတွေ ထွက်ပြေးလာကြတာကိုး'

ဆွေအင်းသည် အခြေအနေကို သဘောမပေါက်သေးပါ ချေ။

သူမသည် ခြေလှမ်းရပ်လိုက်သောယင်ကျင်းကို တအံ့တဩ ကြည့်ရင်း....

'ရှင်ဘာဖြစ်နေတာလဲ၊ ကျွန်မတို့သွားကြစို့လေ'

ယင်ကျင်းက ခေါင်းခါယမ်းလိုက်သည်။

'သွားလို့မဖြစ်သေးဘူး ညီမ'

'ဘာဖြစ်လို့လဲ'

'လူယုတ်မာတစ်ယောက်ကို ဆုံးမရဦးမယ်'

'လူယုတ်မာ ဟုတ်လား'

ဆွေအင်းသည် ယင်ကျင်းကြည့်နေသည့်နေရာသို့ လှမ်း ကြည့်လိုက်မိသည်။



ထိုအခါ....

လမ်းတစ်ဖက်၌ရပ်နေသောကျင်းမင်ကို တွေ့လိုက်ရသည်။

ဆွေအင်း မျက်မှောင်ကုတ်သွားသည်။

'သူက လူယုတ်မာဟုတ်လား'

ယင်ကျင်း ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ သူ့ကြောင့် ဘဘရှောင်မာ ဒုက္ခရောက်ခဲ့ရ တာပေါ့'

စကားဆုံးလျှင် ကျင်းမင်ထံသို့လှမ်းသွားလိုက်လေသည်။

ကျင်းမင်ကလည်း သူ့ထံသို့လှမ်းလာ၏။

နှစ်ယောက်သား လမ်းအလယ်တွင် တွေ့ဆုံမိလိုက်ကြသည်။

ကျင်းမင်သည် ယင်ကျင်းအား ခြေဆုံးခေါင်းဆုံးကြည့် လိုက်ပြီး....

'မင်းကိုတွေ့ချင်နေတာနဲ့အတော်ပဲ'

ယင်ကျင်း အံကြိတ်လိုက်ပြီး....

'ကျုပ်ကလဲ ခင်ဗျားကိုတွေ့ချင်နေတာ'

ကျင်းမင်က....

'မင်းက ငါ့ကိုမှတ်မိတယ် ဟုတ်လား'

ယင်ကျင်း အံ့ကြိတ်လိုက်သည်။

'ခင်ဗျားတို့လူယုတ်မာသုံးယောက်ကို ကျုပ် ဘယ်တော့မှ မမေ့ဘူး'

'ဟား....ဟား....ဟား'

ကျင်းမင်က ဟားတိုက်ရယ်မောလိုက်လေသည်။

ဆွေအင်းသည် အဖြစ်အပျက်ကိုနားမလည်တဲ့ ကြောင်အမ်းအမ်းဖြစ်နေ၏။

သူမသည် ယင်ကျင်း၏လက်ကိုဆွဲကိုင်လှုပ်ယမ်းရင်း...

'ရှင် ဘာတွေဖြစ်နေတာလဲ'

ဟု မေးလိုက်လေသည်။

ယင်ကျင်းက....

'ညီမ နောက်ဆုတ်လိုက်ပါ'

သူက ကျင်းမင်နှင့် ရင်ဆိုင်လိုက်လေသည်။

'ဘဘရှောင်မာအတွက် ခင်ဗျားရဲ့အပြစ်ကို ပေးဆပ်ရလိမ့်မယ်'

ကျင်းမင်က ရယ်မောလိုက်လေသည်။



'မင်းက ရှောင်မာနဲ့ပတ်သက်နေတာ အတော့်ကို ကံဆိုးသွားပြီ၊ ရှောင်မာမသေခင် ဘာတွေပြောသွားသလဲဆိုတာ ငါသိချင်တယ်'

ယင်ကျင်းက....

'ခင်ဗျားတို့ကိုဆုံးမဖို့ မှာသွားပါတယ်ဗျာ'

ကျင်းမင် ဒေါပွသွားလေသည်။

'ကောင်းပြီ၊ မင်းကိုဖမ်းပြီး စစ်ဆေးရမှာပေါ့'

စကားဆုံးလျှင် လက်ကိုဆန့်ထုတ်ကာ ယင်ကျင်း၏ပခုံးကို ဖမ်းဆွဲလိုက်လေသည်။

ယင်ကျင်းသည် ခံပြင်းဒေါသထွက်နေသည့် အလျောက် ရှောင်မာ သင်ကြားပေးထားသော သိုင်းကွက်တစ်ကွက်ကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်....

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

နှစ်ယောက်သား ပြိုင်တူနောက်ဆုတ်လိုက်ကြလေသည်။

ကျင်းမင် ရင်ထိတ်သွားသည်။

'ဒီကောင်လေး ယယ်ယယ်ရွယ်ရွယ်နဲ့ အတွင်းအားကောင်း လှချည်လား'

ယင်ကျောင်းမှာ မကျေမနပ်ဖြစ်နေသော်လည်း ကျောင်းမင်အား ယှဉ်ပြိုင်ဖို့မလွယ်မှန်း သဘောပေါက်လိုက်လေသည်။

ဆွေအင်း မျက်နှာပျက်သွားသည်။

'ရှင်သတိထားပါ'

ယင်ကျောင်းက အံတင်းတင်းကြိတ်ပြီး....

'လူယုတ်မှာ သေဖို့သာဖြစ်ထား'

ဟု အော်ဟစ်ကြုံးဝါးကာပြေးဝင်တိုက်ခိုက်လိုက်ပြန်သည်။

ကျောင်းမင်ကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက်တွင် ကျောင်းမင်သည် ဝါရင့်သိုင်းသမားကြီးတစ်ယောက်ဖြစ်ပြီး ယင်ကျောင်းမှာတိုက်ပွဲအတွေ့အကြုံလုံးဝ မရှိသူ ဖြစ်သည်။

ထို့ကြောင့်....

ယင်ကျောင်းသည် ရှောင်မာ၏အကောင်းဆုံးတိုက်ကွက်များ ရရှိထားသော်လည်း ကျောင်းမင်အား ရင်ဆိုင်နိုင်ခြင်း မရှိဘဲ ဖြစ်သွားလေသည်။

'ဝုန်း'



ကျယ်လောင်သောအသံထွက်ပေါ်လာလေသည်။

ယင်ကျောင်း မြေပေါ်လဲကျသွားသည်။

ကျောင်းမင်သည် ယင်ကျောင်းအနီးသို့ လျှပ်တစ်ပြက်ရောက်ရှိသွားပြီး သွေးကြောထိုးပိတ်လိုက်လေသည်။

ယင်ကျောင်းမှာ သွေးကြောပိတ်ခံရကာ မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

ဆွေအင်းသည် ယင်ကျောင်းခံလိုက်ရသည်ကိုမြင်လျှင်မနေနိုင်တော့ဘဲ....

'ရပ်လိုက်'

ဟု အော်ငေါက်ကာ ကျောင်းမင်ထံ ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

သို့သော်....

ကျောင်းမင်က အော်ငေါက်ကာ လက်ဖဝါးယမ်းလိုက်လျှင် သူမလည်း အဝေးသို့လွင့်စဉ်သွားလေတော့သည်။

'ဝုန်း'

'အမယ်လေး'

ဆွေအင်းသည် တစ်ကိုယ်လုံးနာကျင်သွားကာ မြေပေါ်မှ မထနိုင်အောင် ဖြစ်သွားလေသည်။

ထိုစဉ်မှာပင်...

ကျင်းမင်သည် မြေပေါ်တွင် မှလှုပ်မယှက်ဖြစ်နေသည့် ယင်ကျင်းအား ပခုံးပေါ်ထမ်းကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

* * *

ကျင်းမင်သည် ယင်ကျင်းအား ဖမ်းဆီးခေါ်ဆောင်သွားပြီဖြစ်သည်။

ဆွေအင်း လူးလိမ့်ထလိုက်သောအခါ ယင်ကျင်း၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါ။

ဆွေအင်း မကျေမနပ်ဖြစ်သွားလေသည်။

ယင်ကျင်းပျောက်ဆုံးသွားခြင်းသည် ဖြိုင်ဘက်ကင်းသိုင်းကျမ်းရရှိဖို့ သူ့အတွက်မျှော်လင့်ချက် ကင်းဝေးသွားပြီမဟုတ်ပါလား။

ဆွေအင်း မကျေမနပ်ဖြစ်လာလေသည်။

ကျင်းမင်ထွက်သွားရာဘက်သို့ မှန်းဆကာ ပြေးလိုက်သွားလေသည်။

သို့သော် ကျင်းမင်၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါချေ။



'တောက်'

ဆွေအင်း မကျေမနပ်ဖြင့် တက်ခေါက်လိုက်လေသည်။

ထိုစဉ်...

'ခွပ်... ခွပ်... ခွပ်... ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဆွေအင်းလှမ်းကြည့်လိုက်သောအခါ အဖိုးတန်အကောင်းစား မြင်းလှည်းတစ်စီး မောင်းနှင်လာနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

မြင်းလှည်းမောင်းသူနေရာတွင် အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက် ရှိလေသည်။

ထိုလူသည် မျက်နှာပေါ်က်ခပ်ဆိုးဆိုးရှိလေသည်။

ဆွေအင်းက လမ်းလယ်ကောင်၌ရှိနေသည်ဖြစ်ရာ...

'ဘေးဖယ်လိုက်စမ်း၊ သေသွားချင်သလား'

ဟု အော်ဟောက်လိုက်လေသည်။

ဆွေအင်းက...

'တောင်တောင်ရှိင်းတဲ့လူ'

ဟု ပြောရင်း ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။

ဆူဆူညံညံစကားသံများကြောင့်မြင်းလှည်းအိမ်ထဲမှအမျိုးသမီးကြီးတစ်ယောက်က ခေါင်းပြူ၍ကြည့်လာလေသည်။

ထိုအမျိုးသမီးကြီးကိုမြင်လျှင် ဆွေအင်း ဝမ်းသာသွားလေတော့သည်။

'ဒေါ်ဒေါ်၊ ဒေါ်ဒေါ် ခဏနေပါဦး'

ဟုလည်း အော်ခေါ်လိုက်လေသည်။

သူမ၏အသံကျယ်လောင်စွာထွက်ပေါ်လာသဖြင့် အမျိုးသမီးကြီး သတိပြုမိသွားလေသည်။

ထိုအမျိုးသမီးကြီးမှာလည်းရှောင်မာ၏ဇနီးသည်ရှမ်းရှမ်းဖြစ်ပါသည်။

ရှမ်းရှမ်းသည်လည်း ဆွေအင်းအား ချက်ချင်းမှတ်မိသွားလေသည်။

'ဩော်...မိန်းကလေးကိုး'

သူမသည် ချက်ချင်းပင် မြင်းလှည်းမောင်းသမားအား အော်ပြောလိုက်လေသည်။

'အစ်ကိုကြီးရှမ်းလွေ၊ မြင်းလှည်းကို ခဏရပ်ပါဦး'

သူမ၏စကားကြောင့် မြင်းလှည်းသမား မခကျမနပ်ဖြစ်သွားလေသည်။



သို့သော် မြင်းလှည်းကိုချက်ချင်းရပ်တန့်လိုက်သည်။

ရှမ်းရှမ်းသည် မြင်းလှည်းပေါ်မှ ဆင်းလာလေသည်။

ဆွေအင်းက ဦးညွတ်လိုက်သည်။

'ဒေါ်ဒေါ့ကိုတွေ့ရတာ ဝမ်းသာလိုက်တာရှင်'

ရှမ်းရှမ်းက....

'မိန်းကလေးက ဘာကြောင့်ကျုပ်ကို တားမြစ်ရတယ်ဆိုတာ ပြောပြပါလားကွယ်'

ဟု မေးလေသည်။

ဆွေအင်းက....

'ကျွန်မအကူအညီတောင်းချင်လို့ပါရှင်'

'အကူအညီ'

'ဟုတ်ပါတယ်'

ရှမ်းရှမ်းပြုံးလိုက်လေသည်။

'ပြောစမ်းပါဦး၊ မိန်းကလေးက ဘယ်လိုအကူအညီမျိုးလိုအပ်နေလို့လဲ'

'ယင်ကျင်းကိုလူဆိုးတစ်ယောက်က ဖမ်းသွားလို့ပါရှင်'

'ဟင်....'

ရှမ်းရှမ်း မျက်မှောင်ကြုတ်သွားလေသည်။

ထိုစဉ်....

'ညီမှရှမ်းရှမ်း ကျုပ်တို့သွားကြရအောင်'

မြင်းလှည်းသမား၏အသံ ထွက်ပေါ်လာသည်။

ရှမ်းလေ့ဆိုသော မြင်းလှည်းသမားသည်မျက်နှာထားတင်းတင်းဖြင့် ရှိနေသည်။

ရှမ်းရှမ်းနှင့် ဆွေအင်းတို့ စကားပြောနေသည်ကို မနှစ်မြို့သည့်အသွင် ရှိလေသည်။

ရှမ်းရှမ်းက....

'အစ်ကို ခဏနေပါဦး'

သူမသည် ဆွေအင်းဘက်သို့ လှည့်လိုက်ပြီး....

'ဘယ်လိုဖြစ်တာလဲ ပြောပါဦးကွယ်'

ဆွေအင်းက....

'ပြိုင်ဘက်ကင်း သိုင်းကျမ်းကို လိုချင်တဲ့ လူတစ်ယောက်က သူ့ကို ဖမ်းဆီးခေါ်ဆောင်သွားပါတယ်'

ထိုစကားကြားလျှင် ရှမ်းရှမ်းသာမက မြင်းလှည်းသမား ရှမ်းလေ့ပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ရှမ်းလေ့သည် မြင်းလှည်းပေါ်မှ ခုန်ဆင်းလာပြီး....



'ဘာပြောတယ်၊ ပြိုင်ဘက်ကင်းသိုင်းကျမ်း ဟုတ်လား'

သူ၏အသံ ခက်ထန်နေသည်။

ဆွေအင်းက....

'ဟုတ်ပါတယ်ရှင်၊ ပြိုင်ဘက်ကင်း သိုင်းကျမ်း ဘယ်မှာရှိတယ်ဆိုတာကို ယင်ကျောင်း တစ်ယောက်ပဲသိပါတယ်ရှင်'

ရှမ်းလေ့က....

'အဲဒီ ယင်ကျောင်းဆိုတဲ့ကောင် ဘယ်မှာလဲပြောစမ်း'

ဆွေအင်းက....

'လူဆိုးတစ်ယောက်က သူ့ကိုဖမ်းသွားပါတယ်၊ ဘယ်ရောက်နေပြီလဲဆိုတာ မပြောတတ်ပါဘူးရှင်'

ရှမ်းလေ့သည် ရှမ်းရှမ်းအား စိုက်ကြည့်လိုက်ပြီး....

'ညီမက ယင်ကျောင်းကိုသိတယ်ဟုတ်လား'

ရှမ်းရှမ်း ခေါင်းညိတ်လိုက်သည်။

'သိပါတယ်ရှင်'

'သူဟာ သိုင်းကျမ်းနဲ့ ဘယ်လိုပတ်သက်နေတာလဲ'

'ဒါက....'

ရှမ်းရှမ်းသည် ရှေ့ဆက်မပြောနိုင်အောင် ဖြစ်သွားလေသည်။

ရှမ်းလေးသည် မကျေမနပ်ဖြင့်....

'သိုင်းကျမ်း ပျောက်ဆုံးသွားခဲ့တာ နှစ်ပေါင်းနှစ်ဆယ် ကျော်ခဲ့ပြီ၊ ဒီသိုင်းကျမ်းဟာ ကျုပ်တို့နတ်သမီးတောင်ကြား ဂဏ ပိုင်ဆိုင်တဲ့ သိုင်းကျမ်းဖြစ်တယ်၊ အခြားဘယ်သူ့လက်ထဲ ကိုမှ အရောက်မခံနိုင်ဘူး'

ရှမ်းရှမ်း ခေါင်းငုံ့ထားလိုက်လေသည်။

ရှမ်းလေးက....

'သိုင်းကျမ်းကို ရအောင်ပြန်ယူရမယ်'

သူက ဆွေ့အင်းအနီးသို့ ချဉ်းကပ်သွားလိုက်သည်။

'ယင်ကျင်း ဘယ်မှာလဲပြောစမ်း'

'လူဆိုးတစ်ယောက်က သူ့ကိုဖမ်းသွားတယ်ရှင့်၊ ဟိုဘက် ကို ပြေးသွားတယ်'

ကျင်းမင် ထွက်ပြေးသွားရာဘက်ဆီသို့ ညွှန်ပြကာ ပြော လိုက်လေသည်။

ရှမ်းလေးသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ တစ်ဟုန် ထိုး ပြေးထွက်သွားလေတော့သည်။

* * *



စားသောက်ဆိုင်ထဲ၌ လူရှင်းနေ၏။

ရှမ်းရှမ်းနှင့် ဆွေ့အင်းတို့သည် စားပွဲတစ်လုံး၌ မျက်နှာ ချင်းဆိုင် ထိုင်နေကြသည်။

စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ ရှိနေ၏။

သို့သော်...

နှစ်ယောက်စလုံး လက်ဖျားနှင့်ပင် မတို့ကြပေ။

သူတို့သည် အတွေးကိုယ်စီဖြင့် ငေးငိုင်နေကြသည်။

ဆွေ့အင်းသည် ရှမ်းရှမ်းအား ကြည်ညိုလေးစားမိသော် လည်း ရှမ်းလေးကိုမူ သဘောမကျနိုင်အောင် ဖြစ်ရလေသည်။

ရှမ်းရှမ်းနှင့် ရှမ်းလေးတို့သည် မောင်နှမများဖြစ်ကြသော် လည်း စိတ်ထားချင်းမတူကြောင်း သူမ ရိပ်မိလေသည်။

ရှမ်းရှမ်းက သဘောကောင်းသည်။

ရှမ်းလေးကမူ ခက်ထန်မောက်မာလေသည်။

အတော်ကာလေးကြာမှ ရှမ်းရှမ်းက သက်ပြင်းချလိုက် သည်။

'အစ်ကိုကြီး ရှမ်းလေးရှေ့မှာ ယင်ကျင်းနဲ့ သိုင်းကျမ်း အကြောင်းကို ပြောလိုက်တာ သိပ်မှားသွားပြီ မိန်းကလေး'

'ရှင်....'

ဆွေအင်း အံ့ဩသွားလေသည်။

'ကျွန်မ မှားသွားတယ် ဟုတ်လား'

ရှမ်းရှမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သိုင်းကျမ်းနဲ့ပတ်သက်လာရင် သူဟာ ဘယ်တုန်းကမှ ခွင့်မလွှတ်တတ်ခဲ့ဘူး'

ဆွေအင်းသည် ရှမ်းရှမ်းကို ငေးကြည့်နေမိလေသည်။

ရှမ်းရှမ်းက....

'သူဟာ နှစ်ပေါင်းနှစ်ဆယ်လုံးလုံး အငြိုးတကြီး ဖြစ်နေခဲ့တာပါ၊ ပျောက်ဆုံးသွားခဲ့တဲ့ သိုင်းကျမ်းကြောင့်ပဲကွယ့်'

ဆွေအင်း စိတ်ဝင်စားသွားလေသည်။

'ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ ပြောနိုင်ရင် ပြောပြပါလား ဒေါ်ဒေါ်ရယ်'

ဟု တောင်းပန်လိုက်လေသည်။

ရှမ်းရှမ်း၏မျက်လုံးများ ရီဝေနေ၏။

သူမသည် အထီးကျန်ဆန်စွာ နေထိုင်ခဲ့ရသူဖြစ်ကြောင်း ထင်ရှားလေသည်။

ထို့အပြင် သူမ၏ရင်ထဲ၌ ပြောစရာစကားများစွာရှိနေပုံရသည်။



ယခု....

ဆွေအင်းက မေးလိုက်သောအခါ သူမသည် ရင်ထဲမှခံစားချက်များကို ထုတ်ဖော်၍ ပြောဆိုလာခဲ့လေသည်။

* * *

သိုင်းကျမ်း၏အတိုင်

နတ်သမီးတောင်ကြား။

နတ်သမီးတောင်ကြားသည် အလွန်ထူးဆန်းသော နေရာတစ်ခုဖြစ်သည်။

နတ်သမီးကဲ့သို့ ချောမောလှပသော မိန်းကလေးတစ်ယောက် ရှိသည်။

ပြိုင်ဘက်ကင်းသော သိုင်းကျမ်းတစ်စုရှိသည်။

သိုင်းလောကသားတိုင်းသည် နတ်သမီးတောင်ကြားအား စိတ်ဝင်စားကြလေသည်။

နတ်သမီးပမာ ချောမောလှပသောမိန်းကလေးနှင့် ပြိုင်ဘက်ကင်းသောသိုင်းကျမ်းကို အလိုရှိကြသူများသည် နတ်သမီးတောင်ကြားသို့ သွားရောက်ကြလေသည်။



သို့သော်...

တောင်ကြားအတွင်းသို့ဝင်သွားပြီးနောက် မည်သူတစ်ဦးတစ်ယောက်မှ ပြန်လည်ထွက်ခွာလာခဲ့ခြင်း မရှိပါချေ။

အသွားလမ်းသာရှိပြီး အပြန်လမ်းမရှိသော နေရာဖြစ်၍ သတင်းကြီးလာသည်။

နောက်ပိုင်းတွင် မည်သူမျှ နတ်သမီးတောင်ကြားသို့ မသွားဝံ့တော့ပါချေ။

* * *

ယနေ့။

ယနေ့သည် သာယာသောနေ့တစ်နေ့ ဖြစ်လေသည်။

နတ်သမီးတောင်ကြားသို့သွားရာလမ်း တစ်လျှောက်တွင် ရောင်စုံပန်းများ ပွင့်ဖူးကာ သာယာလှပ၍ နေလေသည်။

အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်သည် နတ်သမီးတောင်ကြားသို့ ဦးတည်ခရီးနှင်နေ၏။

ထိုလူရွယ်မှာ ရှောင်မာဖြစ်သည်။

ရှောင်မာသည် နတ်သမီးတောင်ကြား၏ သတင်းကြီးပုံကို ရှေးမဆွကပင် ကြားဖူးထားပြီး ဖြစ်လေသည်။

သို့သော်....

သိုင်းသမားပီပီ ပြိုင်ဘက်ကင်းသည်ဆိုသောသိုင်းကျမ်းကို စိတ်ဝင်စားမိလေသည်။

မိတ်ဆွေ၊ သူငယ်ချင်းများက အတန်တန်တားမြစ်နေသည့်ကြားမှ အရဲစွန့်ကာ နတ်သမီးတောင်ကြားသို့ ခရီးနှင်လာခဲ့ခြင်း ဖြစ်လေသည်။

ကျေးငှက်သာရကာလေးများသည် ဘာသာဘာဝတေးကို သီကြွေးနေကြ၏။

လေပြည်လေညင်းဝေ့ယမ်းတိုက်ခတ်လာသောအခါ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ သင်းပျံ့လာလေသည်။

ရှောင်မာက ပြုံးလိုက်သည်။

'ဒီလောက်သာယာလှပတဲ့ တောင်ကြားတစ်ခုဟာ ဘာကြောင့်များ နာမည်ဆိုးနဲ့ သတင်းကြီးနေတာပါလိမ့်'

ဟု ရေရွတ်လိုက်လေသည်။

ထိုစဉ်....

လမ်းဘေးတစ်နေရာ၌ ဆိုင်းဘုတ်တစ်ခုရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဆိုင်းဘုတ်ပေါ်တွင်....

'အခွင့်မရှိ မဝင်ရ၊ ကျူးကျော်လျှင်သေဒဏ်'



ဟု ရေးသားထားလေသည်။

ရှောင်မာ သက်ပြင်းချလိုက်လေသည်။

'ဒီလိုလှပတဲ့နေရာမျိုးမှာ ဒီလိုဆိုင်းဘုတ်မျိုးမရှိသင့်ဘူး'

ရှေ့သို့လှမ်းသွားပြီး ဆိုင်းဘုတ်ကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံနှင့်အတူ ဆိုင်းဘုတ်ကျိုးပဲ့ပျက်စီးသွားသည်။

ရှောင်မာသည် တောင်ကြားအတွင်းသို့ ဆက်၍ဝင်သွားလိုက်လေသည်။

တောင်ကြားသည် တစ်စထက်တစ်စ ကျယ်ဝန်းလာသည်။

ဝဲယာတစ်ဖက်တစ်ချက်တွင် မြင့်မားသော တောင်နံရံကြီးများ ကာဆီးနေသော်လည်း အလယ်တွင် မြေပြင်မှာ ညီညာပြန့်ပြူး၍နေလေသည်။

ကျောက်တုံးကျောက်ခဲများ၊ တောအုပ်များလည်း ရှိနေသည်။

ရှောင်မာ ရှေ့သို့ ဆက်၍လှမ်းသွားလိုက်သည်။

ထိုအချိန်မှာပင်....

'အခုအချိန်ထောင်ကြီးထဲက ပြန်ထွက်သွားရင် အချိန်မီသေးတယ်၊ ဒါပေမယ့် ဆိုင်းဘုတ်ကို ဖျက်ဆီးပစ်တဲ့အတွက် လက်တစ်ဖက်ကို ထားခဲ့ရလိမ့်မယ်'

တောအုပ်ထဲမှအေးစိမ့်သောစကားသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်မာ ခြေလှမ်းရပ်လိုက်လေသည်။

စကားသံထွက်လာရာဆီသို့ လှမ်းကြည့်လိုက်ပြီး....

'ကျုပ်က ရည်ရွယ်ချက်တစ်ခုကြောင့် လာခဲ့တာပါ၊ ကျုပ်ရဲ့ ရည်ရွယ်ချက်အောင်မြင်ဘဲ ပြန်ထွက်သွားမှာမဟုတ်ပါဘူး'

သူ၏စကားအဆုံးတွင် တောအုပ်ထဲမှလူတစ်ယောက်ထွက်ပေါ်လာလေသည်။

ထိုလူသည် အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခန္ဓာကိုယ်ပိန်ပိန်ပါးပါး ရှိလေသည်။

ရှောင်မာက....

'ခင်ဗျားဟာ နတ်သမီးတောင်ကြီးက လူဟုတ်လား'

ထိုလူက....

'ဟုတ်တယ်၊ တောင်ကြီးထဲကို ဘယ်သူမှဝင်ခွင့်မရှိဘူး၊ ကျုပ်တို့ရဲ့ စည်းကမ်းကို မလိုက်နာရင် သေဒဏ်အပြစ်ပေးခံရလိမ့်မယ်'



ရှောင်မာက...

'ကျုပ်ကလဲ ဆိုင်းကျမ်းအတွက် လာခဲ့တာပါ၊ နတ်သမီးတောင်ကြီး သတင်းကြီးနေတာကို သိပြီးသားပါ'

ထိုလူက....

'မင်းက သေချင်လို့လာခဲ့တာကိုး၊ မင်းတို့လို လောဘသားတွေကြောင့် တို့ရဲ့တောင်ကြီးနာမည်ပျက်ရတာ၊ မင်းအေးအေးဆေးဆေးပြန်သွားရင်ကောင်းမယ်'

ရှောင်မာ ခေါင်းခါယမ်းလိုက်လေသည်။

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်မပြန်နိုင်ပါဘူး'

ထိုလူက....

'အလဲ....ဆိုင်းကျမ်းကိုရအောင်ယူမယ်ပေါ့၊ ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ကောင်းပြီ၊ ဆိုင်းကျမ်းကိုလိုချင်တယ်ဆိုရင် ကျုပ်ကိုကျော်ဖြတ်သွားနိုင်အောင် အရင်ဆုံး ကြိုးစားပါ'

စကားဆုံးလျှင် ထိုလူက တိုက်ခိုက်ရန်အသင့်ပြင်ထားလိုက်လေသည်။

ရှောင်မာကလည်း သူ၏ဆုံးဖြတ်ချက်ကိုမပြင်နိုင်တော့ပါ။

'ခြွမ်း'

ခါးမှဓားကို ဆွဲထုတ်လိုက်သည်။

ထို့နောက်....

ငြသံပေးကာ စတင်တိုက်ခိုက်လိုက်လေသည်။

*　*　*

အနက်ရောင်ဝတ်ဆင်ထားသူသည် လက်နက်ကိုင်ဆောင်ခြင်းမပြုပါချေ။

သို့သော်....

သူ၏ လက်ချောင်းကလေးများသည် လက်နက်ထက်ပင် ကြောက်မက်ဖွယ် ကောင်းလှပေသည်။

ထိုလူအား အနိုင်ရမှသာလျှင် ရှေ့ဆက်သွားရမည် ဖြစ်ကြောင်း ရှောင်မာနားလည်ထားသဖြင့် ကြိုးစားပြီး တိုက်ခိုက်လေသည်။

သူတို့နှစ်ယောက်၏တိုက်ပွဲမှာကြောက်မက်ဖွယ်ရာကောင်းအောင် ပြင်းထန်လေသည်။

ထိုလူသည် အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်ပြီးလွယ်လွယ်နှင့် အနိုင်မရနိုင်မှန်း ရှောင်မာ ရိပ်မိလာသောအခါ သူ၏တိုက်ကွက်ကို ပြောင်းလဲလိုက်လေသည်။



ရှောင်မာသည် နောယ်ဆုတ်ခြင်း၊ ရှောင်တိမ်းခြင်း၊ ခုခံခြင်း လုံးဝမပြုတော့ဘဲ ရှေ့သို့အတင်းတိုးကာ တိုက်ခိုက်ပစ်လိုက်သည်။

သူ၏တိုက်ကွက်သည် သူသေကိုယ်သေ တိုက်ကွက်မျိုးဖြစ်သည်။

ထို့ကြောင့်....

အနက်ရောင်ဝတ်ဆင်ထားသူမှာ ကပျာကယာနောက်ဆုတ်လိုက်လေသည်။

ရှောင်မာသည် အခွင့်အရေးကို လက်လွှတ်မခံဘဲတရကြမ်းတိုက်ခိုက်လိုက်လေသည်။

အနက်ရောင် ဝတ်ဆင်ထားသူက ထပ်မံ၍ ဆုတ်လိုက်သည်။

ရှောင်မာက....

'ယား'

ငြသံပေးကာ ခုန်ဝင်လိုက်သည်။

လက်တစ်ဖက်က ဓားကို ဆုပ်ကိုင်ထားပြီး ကျန်လက်တစ်ဖက်က လက်နက်ပုန်းများဖြင့် ပစ်ခတ် တိုက်ခိုက်လိုက်လေသည်။

ရှောင်မာက လက်နက်ပုန်းဖြင့် တိုက်ခိုက်လာမည်ဟုမထင်မှတ်သဖြင့် ထိုလူမှာရှောင်နိုင်ဘဲဖြစ်သွားလေသည်။

လက်နက်ပုန်းကလေးများသည် ထိုလူအား ထိမှန်သွားလေသည်။

'အား'

ထိုလူမှာ စူးရှစွာ အော်ဟစ်သံနှင့်အတူ မြေပေါ်လဲကျသွားလေသည်။

* * *

တောအုပ်ကိုဖြတ်ကျော်ပြီးသောအခါ စမ်းချောင်းကလေးတစ်ခုရှေ့သို့ ရောက်ရှိလာလေသည်။

ထုံးစံအတိုင်း ဝန်းကျင်တစ်ခုလုံး သာယာလှပ၍နေလေသည်။

ရှောင်မာက ဟိုဟိုသည်သည်ကြည့်လိုက်သောအခါ မလှမ်းမကမ်းတစ်နေရာမှ ချောင်းကူးတံတားလေးတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

ရှောင်မာက ထိုချောင်းကူးတံတားလေးဆီသို့ လျှောက်သွားလေသည်။



အနီးသို့ရောက်သွားမှ တံတားပေါ်၌ လူတစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ အဝါရောင်အဝတ်အစားများကို ဝတ်ဆင်ထားသည်။

လက်ထဲ၌ တောင်ဝှေးတစ်ချောင်း ကိုင်ထားသည်။

ချောင်းကူးတံတား၏ လက်ရန်းပေါ်တွင်ထိုင်ရင်း တေးသီချင်းတစ်ပုဒ်ဆိုညည်းနေသည်။

ရှောင်မာက တံတားပေါ်သို့ လှမ်းတက်လိုက်သောအခါ သီချင်းသံရပ်တန့်သွားသည်။

ထိုလူသည် တံတားလက်ရန်းပေါ်မှ ခုန်ဆင်းလာသည်။

ရှောင်မာအား လမ်းပိတ်ပြီးသား ဖြစ်သွားရလသည်။

ရှောင်မာက ခြေလှမ်းရပ်လိုက်သည်။

ထိုလူအား အကဲခတ်ကြည့်လိုက်ပြီး....

'ခင်ဗျားကကျုပ်ကို ဟန့်တားမလို့လား'

ရှောင်မာသည် တောအုပ်ရှေ့၌ ဟန့်တားခဲ့သည့် အနက်ရောင်ဝတ်ဆင်ထားသူအား အနိုင်ရခဲ့သဖြင့် အားတက်နေလသည်။

ယခု....

လမ်းပိတ်ထားသူကိုလည်း ကျိန်းသေ အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားလေသည်။

ထိုလူက....

'နတ်သမီးတောင်ကြားထဲကို ဝင်လာတဲ့ လူစိမ်းမှန်ရင် ကျုပ်က ဟန့်တားရမှာပဲ'

ရှောင်မာက....

'တောင်းပြီလေ....ခင်ဗျားကြိုးစားကြည့်ပေါ့'

စကားဆုံးလျှင် ခါးဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

ထိုလူကလည်း တောင်ဝှေးဖြင့် ပြန်လှည့် တိုက်ခိုက်လိုက်လေသည်။

တံတားပေါ်တွင် ပြင်းထန်သောတိုက်ပွဲဖြစ်ပေါ်လာလေသည်။

ရှောင်မာနှင့် အဝါရောင်ဝတ်ဆင်ထားသူသည် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေသည်။

* * *



တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာလေသည်။

ရှောင်မာ၏ ခါးကွက်များသည် အစွမ်းထက်မြက်လှပေသည်။

ထို့ကြောင့်....

အဝါရောင်ဝတ်ဆင်ထားသူမှာ တဖြည်းဖြည်း အခက်ကြုံလာလေသည်။

ရုတ်တရက်....

ထိုလူသည် တောင်ဝှေးကို ဆတ်ခနဲဆွဲဆန့်လိုက်သည်။

'ဖြောက်'

မြည်သံသဲ့သဲ့ထွက်ပေါ်လာပြီး တောင်ဝှေးမှာ နှစ်ပိုင်းပြတ်သွားသည်။

ထိုအခါ....

တောင်ဝှေးအတွင်းဝှက်ထားသည့် ခါးချွန်နှစ်လက် ထွက်ပေါ်လာလေသည်။

သူ၏တောင်ဝှေးသည် ရိုးရိုးတောင်ဝှေးမဟုတ်ဘဲ တုတ်ခါးနှစ်လက်အဖြစ် ပြောင်းလဲသွားလေတော့သည်။

'ဝှစ်....ဝှစ်'

ထိုလူသည် တုတ်ခါးနှစ်လက်ကို ဝှေ့ယမ်းကာတိုက်ခိုက်လိုက်သည်။

ရုတ်တရက်....

ခပြောင်းလဲသွားသောအခြေအနေကြောင့် ရှောင်မာ ရှင်ထိတ်သွားလေသည်။

ဓားဝှေ့ယမ်းကာ ကပျာကယာ ခုခံလိုက်သည့်တိုင်....

'ဖြော'

သူ၏အကျီမှာ ထိုလူ၏ဓားချွန်ကြောင့် စုတ်ပြဲသွားရလေတော့သည်။

ထိုလူသည် အသာစီးရလိုက်သည်နှင့်....

'သား'

ဖြာသံပေးကာ ခုန်ဝင်တိုက်ခိုက်လာလေသည်။

ရှောင်မာ ထိတ်လန့်သွားလေသည်။

နောက်သို့ ခုန်ဆုတ်လိုက်သည်။

သို့တိုင် လွတ်မြောက်သွားဖို့မလွယ်မှန်းရိပ်မိလိုက်သဖြင့်....

'သွားစမ်း'

ဟု အော်ဟစ်ကာ လက်ထဲမှဓားဖြင့် ပစ်လွှတ်လိုက်လေသည်။ သူ၏တုံ့ပြန်မှုသည် မည်သို့မျှမမျှော်လင့်နိုင်သော လုပ်ရပ်ဖြစ်လေသည်။



ထိုလူသည် အပိုင်ဟုတွက်ဆကာ ခုန်ဝင်လာပြီးမှ အခြေအနေမဟန်မှန်းသိလျှင် ကပျာကယာခုန်ဆုတ်လိုက်သည်။

ပစ်လွှင့်လာသော ရှောင်မာ၏ဓားကိုလည်း ရိုက်ထုတ်ပစ်လိုက်သည်။

ရှောင်မာသည် ထိုလူအားဟန့်တားနိုင်လိုက်သည်နှင့် လက်နက်ပုန်းများဖြင့် ထပ်မံပစ်လွှတ်ကာ တိုက်ခိုက်လိုက်လေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

လက်နက်ပုန်းကလေးများသည် ထိုလူထံသို့ တရစပ်ပစ်လွှင့်သွားလေသည်။

ထိုလူမှာ ရှောင်မာ၏ဓားကို ရိုက်ထုတ်နိုင်ခဲ့သော်လည်း လက်နက်ပုန်းကလေးများကိုမူ လွတ်အောင်မရှောင်နိုင်ခဲ့ပါချေ။

လက်နက်ပုန်းကလေးများသည် ထိုလူအား တည့်တည့်မတ်မတ် စိုက်ဝင်သွားလေသည်။

'အား'

ထိုလူသည် စူးရှစွာအော်ဟစ်ကာ နောက်ဆုတ်သွားပြီး....

'ဝုန်း'

ချောင်းထဲသို့ ထိုးကျသွားလေတော့သည်။

* * *

ချောင်းကလေးသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

ရှောင်မာတာ နတ်သမီးတောင်ကြားအတွင်းသို့ ဆက်၍ဝင်သွားလေသည်။

မကြာပါချေ။

'ဝေါင်း'

အဝေးမှ ကျားဟိန်းသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်မာ ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

နတ်သမီးတောင်ကြားတွင် ကျားသတ္တဝါကဲ့သို့ သားရဲတိရစ္ဆာန်များရှိနေလိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။

မမျှော်လင့်ဘဲ ကြားလိုက်ရသော ကျားဟိန်းသံကြောင့် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'ဝေါင်း....ဝေါင်း'

ကျားဟိန်းသံများ ထပ်မံထွက်ပေါ်လာသည်။

ရှောင်မာ အကဲခတ်ကြည့်နေစဉ်မှာပင် အဝေးမှ အရိပ်မည်းမည်းတစ်ခုသည် ရိပ်ခနဲရိပ်ခနဲ ပြေးလွှားလာသည်ကို တွေ့မြင်လိုက်ရလေသည်။



ရှောင်မာ ငေးကြည့်နေစဉ်မှာပင် ထိုအရိပ်သည် မလှမ်းမကမ်းသို့ ရောက်ရှိလာလေသည်။

ကိုးတောင်ကျားကြီးတစ်ကောင် ဖြစ်ပါသည်။

'ဟာ'

ရှောင်မာ ကပျာကယာ နောက်ဆုတ်လိုက်သည်။

ကျားကြီးကို မျက်လုံးမြှုး၍ကြည့်လိုက်သည်။

ယခုမှ ကျား၏ကျောပေါ်တွင် ခွစီးထားသော လူတစ်ယောက်ပါလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ အဘိုးအိုတစ်ယောက်ဖြစ်သည်။

ပါးစပ်တွင်ဆေးတံကိုကိုက်ခဲထားပြီးကျားကြီးကျောကုန်းပေါ်တွင် အမြိန့်သားထိုင်နေသည်။

ဆေးတံကို အငွေ့တထောင်းထောင်းထအောင် ဖွာရှိုက်နေ၏။

ထိုအဘိုးအိုကိုမြင်လျှင် ရှောင်မာ ပြုံးလိုက်လေသည်။

အဘိုးအိုကလည်း ရှောင်မာကို အကဲခတ်ကြည့်လိုက်ပြီး....

'မင်းက ဒီနေရာအထိရောက်အောင် လာနိုင်တာ ဘယ်ဆိုးလို့လဲ၊ ဒါပေမယ့် ရှေ့ဆက်သွားနိုင်လိမ့်မယ်လို့ မစဉ်းစားနဲ့'

ရှောင်မာက ရယ်မောလိုက်လေသည်။

'ဟား… ဟား… ဟား'

သူ၏ရယ်မောသံကျယ်လောင်စွာထွက်ပေါ်လာလေသည်။

'တခြားလူတွေလိုပဲ ခင်ဗျားကလဲ ကျုပ်ကိုဟန့်တားနိုင်မှာ မဟုတ်ဘူးဆိုတာ ကျုပ်ယုံကြည်ထားပါတယ်ဗျာ'

အတိုးအိုက…

'ဒါဖြင့် စမ်းကြည့်လိုက်လေ'

ရှောင်မာက…

'ကောင်းပြီ'

စကားဆုံးလျှင် လက်တစ်ဖက်က လက်နက်ပုန်းများ ကိုင်ဆောင်ထားလိုက်ပြီး ကျန်လက်တစ်ဖက်က ဓားကိုဝှေ့ယမ်းကာ အတိုးအိုထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

အတိုးအိုစီးနင်းထားသည်မှာ မြင်းတစ်ကောင် မဟုတ်ပါ။ သားရဲတိရစ္ဆာန်တစ်ကောင်သာ ဖြစ်ပါသည်။

ရှောင်မာက လှုပ်ရှားလိုက်သည်နှင့်…

'ဝေါင်း…'

ကျားသည် မာန်ဖီကာ ခုန်အုပ်ကိုက်ခဲလာလေသည်။

* * *



အတိုးအိုသည် ကျားကိုခွစီးကာ ထိုင်နေ၏။

ဆေးတံအေးသောက်မပျက်ပါ။

သူစီးနင်းထားသောကျားသည် သူ၏ကိုယ်စား ရှောင်မာကို တိုက်ခိုက်နေ၏။

ရှောင်မာကလည်း အစွယ်ဖွေးဖွေးများကိုလည်းကောင်း၊ ဓားပမာ ထက်မြက်လှသည့် လက်သည်းရှည်များကိုလည်းကောင်း သတိကြီးစွာထားပြီး ရင်ဆိုင်နေရ၏။

တစ်ချက်မှားလိုက်သည်နှင့် အသက်ပေးလိုက်ရမည်မဟုတ်ပါလား၊ အတိုးအိုစီးနင်းထားသော ကျားကြီးမှာ ဒေါသမာန်ဟုန်ပြင်းကာ ဆာလောင်မွတ်သိပ်နေပုံ ရလေသည်။

'ဟဂေါင်းဝေါင်း' မာန်ဖီရင်း ရှောင်မာအား ကိုက်ဖဲ့ရန် ကြိုးစားနေ၏။ ရှောင်မာသည် ကိုယ်ဖော့ပညာကို အသုံးပြုရင်း လှည့်ပတ်ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်နေသည်။

ကျားကြီးကိုလည်းကောင်း၊ အတိုးအိုကိုလည်းကောင်း လက်လှမ်းမီသလို တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ရှောင်မာ၏ဓားချက်သည် အတိုးအိုထံသို့ တိုးဝင်သွားသောအခါ အတိုးအိုက ဆေးတံဖြင့် အသာအယာ ရိုက်ချလိုက်လေသည်။

ရှောင်မာ၏ တိုက်ခိုက်မှုများသည် အရာမဝင်ဘဲဖြစ်နေ၏။

ရှောင်မာ မကျေမနပ် ဖြစ်လာလေသည်။

'ယား....'

အံကြိတ်ကာ ဖိ၍တိုက်ခိုက်လိုက်သည်။

သူက ဂမူးရှူးထိုး တိုက်ခိုက်လိုက်သည်နှင့်....

'ဝေါင်း....'

ကျားဟိန်းသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'အား....'

ကျားကြီးကုတ်ဆွဲလိုက်သော လက်သည်းရှည်များကြောင့် ရှောင်မာ၏ပခုံး၌ ဒဏ်ရာရရှိသွားလေတော့သည်။

သူ၏ပခုံးတွင် သွေးခြင်းခြင်းနီရဲသွားသည်။

ရှောင်မာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်လေသည်။

'ဟား....ဟား...ဟား'

အဘိုးအိုက သဘောကျစွာ ရယ်မောလိုက်လေသည်။

ရှောင်မာ ဒေါသထွက်သွားသည်။

အဘိုးအိုက....

'မင်းကို ကျားစာကျွေးရတော့မယ်ထင်တယ်'

ရှောင်မာက....



'စိတ်ချ၊ ခင်ဗျားရဲ့ကျားက ဘာတတ်နိုင်မလဲ၊ ကြည့်သေးတာပေါ့'

စကားဆုံးလျှင် တစ်ဟုန်ထိုး ပြေးဝင်သွားလေသည်။

ကျားကြီးက....

'ဝေါင်း'

မာန်ဖီရင်း ရှောင်မာကို ကိုက်ခဲရန် ပါးစပ်ကြီး ဖြဲလိုက်သည်။ ရှောင်မာသည် လက်ထဲဆုပ်ထားသော လက်နက်ပုန်းများဖြင့် ကျားကြီး၏ပါးစပ်ထဲသို့ ပစ်လွှင့်လိုက်လေသည်။

ကျားကြီးမှာ. မည်သို့ပင် လေ့ကျင့်ပေးထားသည်ဖြစ်စေ၊ တိရစ္ဆာန်တစ်ကောင်သာဖြစ်၍ လူသားကဲ့သို့ အသိဉာဏ်ရှိမည် မဟုတ်ပါ။

ရှောင်မာကို ကိုက်ခဲရန်သာ အဓိကထားနေသဖြင့် ရှောင်မာ ပစ်လွှတ်လိုက်သော လက်နက်ပုန်းများသည် ကျားကြီး၏ ပါးစပ်ထဲသို့ တန်းတန်းမတ်မတ် တိုးဝင်သွားလေသည်။

'ဝေါင်း....'

ကျားကြီးမှာ နာကျင်စွာ အော်ဟစ်လိုက်သည်။

ကျောပေါ်၌ ခွစီးထားသော အဘိုးအိုကိုပင် သခင်ကို သခင်မှန်းမသိတော့ဘဲ ခါထုတ်ပစ်လိုက်လေသည်။

ထိုသို့ဖြစ်လာနိုင်သည်ကို ရှောင်မာကကြိုတင်တွက်ဆထား၏။ အငိုက်မိသွားသော အတိုးအိုသည် ကျားကြီး၏ကျောပေါ်မှ ပုံပျက်ပန်းပျက် လွင့်ထွက်သွား၏။

ရှောင်မာက...

'သွားစမ်း'

အော်ဟစ်ရင်း ခြေဖြင့် ပစ်ပေါက်လိုက်သည်။

ရှောင်မာ၏ခြေသည် ဟန်ချက်ပျက်နေသော အတိုးအိုထံသို့ ကိုးဝင်ရောက်ရှိသွား၏။

အတိုးအို မယုံနိုင်အောင် ဖြစ်သွားသည်။

သူ၏မျက်လုံးများ ပြူးကျယ်သွားပြီး....

'အား'

စူးရှစွာ အော်ဟစ်လိုက်လေတော့သည်။

* * *

ရှောင်မာသည် သင်ပင်တစ်ပင်အောက်၌ထိုင်ကာ အမောဖြေနေ၏။

သူ၏ပခုံးမှာ သွေးများစီးကျနေသည်။



ဒဏ်ရာရသွားပြီဖြစ်သော်လည်း အမှုမထားနိုင်ပါချေ။

နတ်သမီးတောင်ကြားအတွင်းသို့ ဆက်၍ဝင်သွားမည်ဆိုပါက ပို၍ကြီးမားသော အန္တရာယ်များနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း နားလည်ထားလေသည်။

ရှောင်မာသည် အတန်ကြာအောင်အမော ဖြေပြီးမှ ထိုင်ရာမှ ထလိုက်သည်။

ရှေ့ဆက်သွားရန်ဟန်ပြင်လိုက်စဉ် ထူးခြားမှုတစ်ခု ဖြစ်ပေါ်လာလေသည်။

လေအေးသစ်ချက်ဝှေ့ယမ်းတိုက်ခတ်လာပြီး လူရိပ်တစ်ခုသည် သူ၏ရှေ့သို့ရောက်ရှိလာသည်။

ရှောင်မာ ခြေလှမ်းရပ်သွားလေသည်။

ရောက်ရှိလာသူအား အကဲခတ်ကြည့်လိုက်သည်။

ထိုလူမှာ အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားသော လူငယ်တစ်ယောက်ဖြစ်သည်။

ရှောင်မာနှင့်အသက်ချင်း မတိမ်းမယိမ်းရှိမည် ထင်ရ၏။ သူ၏မျက်နှာသည် ခပ်ထန်တင်းမာနေသည်။

သူ၏မျက်လုံးများက ရက်စက်ကြမ်းကြုတ်သူတစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေ၏။

ရှောင်မာ၏ကျောရိုးတစ်လျှောက် အေးစိမ့်နေသည်ဟုပင် ခံစားလိုက်ရလေသည်။

ထိုလူပြုံးလိုက်သည်။

'မင်းမဆိုးဘူး၊ မင်းကြောင့် နတ်သမီးတောင်ကြားက အားထားရတဲ့လူ အတော်များများ ဒုက္ခရောက်သွားတယ်၊ မင်းကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး'

'ဟား... ဟား... ဟား'

ရှောင်မာက ဟားတိုက်ရယ်မောလိုက်လေသည်။

'ကျုပ်ဟာ နတ်သမီးတောင်ကြားကပြိုင်ဘက်ကင်းသိုင်းကျမ်းကို ရယူဖို့လာခဲ့တာပါ၊ သိုင်းကျမ်းကိုမရဘဲဘယ်တော့မှ ပြန်မှာမဟုတ်ပါဘူး'

ထိုလူက....

'မင်းက ပြိုင်ဘက်ကင်းသိုင်းကျမ်းကို လိုချင်တယ် ဟုတ်လား'

'ဟုတ်တယ်'

'ဒါဖြင့်နတ်သမီးတောင်ကြားမှာပြိုင်ဘက်ကင်းသိုင်းကျမ်း ရှိတာကို မင်းလက်ခံပြီပေါ့ ဟုတ်လား'

ရှောင်မာက....



'ဟုတ်တယ်'

ထိုလူက....

'ပြိုင်ဘက်ကင်းသိုင်းပညာရှိတဲ့ နတ်သမီးတောင်ကြားက လူတွေကို မင်းဘယ်လိုလုပ်ယှဉ်နိုင်မှာလဲ'

'ဟင်'

ရှောင်မာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ထိုလူက....

'တကယ်ဆိုရင် မင်းအနိုင်ယူလာခဲ့တဲ့လူတွေကို မင်းဘယ်နည်းနဲ့မှ မယှဉ်နိုင်ပါဘူး၊ သူတို့ဟာမင်းကိုအထင်သေးခဲ့ကြလို့သာ မင်းအနိုင်ရခဲ့တာပါ'

ရှောင်မာ ဘာမျှမပြောဘဲ နေလိုက်လေသည်။

ထိုလူက....

'နတ်သမီးတောင်ကြားမှာ ပြိုင်ဘက်ကင်းတဲ့ သိုင်းပညာ အမှန်တကယ်ရှိပါတယ်၊ ကျုပ်ကမင်းကို လက်တွေ့ပြပါ့မယ်၊ ကျုပ်နဲ့လိုက်ခဲ့ပါ'

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွားလေသည်။

ရှောင်မာလည်း လိုက်ပါသွားလေတော့သည်။

* * *

တောင်ကုန်းကလေးတစ်ခု....

ရောင်စုံပန်းများဖြင့် သာယာလှပနေသော တောင်ကုန်းကလေး ဖြစ်ပါသည်။

ပန်းရနံ့များ မွှေးကြိုင်နေ၏။

ပျားပိတုန်းလိပ်ပြာများ ပျံဝဲနေကြသည်။

အရာရာသည် သာယာလှပနေလေသည်။

ရွှေဝင်မာနှင့် အစိမ်းရောင် ဝတ်ဆင်ထားသူတို့သည် ထိုတောင်ကုန်းကလေးပေါ်သို့ ရောက်ရှိလာခဲ့ကြပြီ ဖြစ်သည်။

ထိုလူက....

'ဒီနေရာလေးကို သဘောကျရဲ့လား'

ရွှေဝင်မာက ခေါင်းညိတ်လိုက်သည်။

'သိပ်ကိုသဘောကျတာပေါ့ဗျာ'

'ဒီနေရာမှာ မင်းသေရမယ်ဆိုရင်ကော'

'မဆိုးဘူး၊ ကျုပ်တစ်ခါမှမမျှော်လင့်ဘူးတဲ့ကိစ္စပဲ'

'စိတ်ချ၊ ဒီနေရာဟာ မင်းအတွက်ဖြစ်ရမယ်'

ထိုလူသည် တောင်ကုန်းကလေး၏ အရှေ့ဘက်ဆီသို့လှမ်းသွားလိုက်လေသည်။



ရွှေဝင်မာလည်း လိုက်ပါသွားသည်။

တောင်ကုန်းကလေး၏အရှေ့ဘက်တွင် နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီးတစ်ခုရှိနေ၏။

ထိုချောက်ကမ်းပါးကြီး၏ တစ်ဖက်တွင် မြင့်မား မတ်စောက်သော တောင်ကြီးတစ်လုံးရှိလေသည်။

ထိုတောင်ကြီးပေါ်၌ နန်းတော်ကြီးတစ်ဆောင် ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူက တောင်ထိပ်ပေါ်မှ နန်းတော်ကြီးအား ညွှန်ပြရင်း....

'အဲဒါ ကျုပ်တို့နေတဲ့နေရာပေါ့၊ မင်းလိုချင်တဲ့ သိုင်းကျမ်းဟာ အဲဒီနေရာမှာရှိတယ်'

ရွှေဝင်မာ၏ရင်ထဲ လှုပ်ရှားလာလေသည်။

ထိုနန်းတော်ကြီးဆီသို့ အရောက်သွားလိုသည့် စိတ်များ ပြင်းပြလာလေသည်။

သို့သော်....

ရွှေဝင်မာ သက်ပြင်းချလိုက်သည်။

သိုင်းလောကတွင် ပြိုင်ဘက်ကင်းသိုင်းကျမ်းဟု ထင်ရှားသော သိုင်းကျမ်းရှိသည့်အရပ်တွင် ထိုသိုင်းကျမ်းကို လွယ်လင့်တကူရနိုင်ဖို့ဆိုသည်မှာ ဖြစ်နိုင်ပါမည်လော။

အစိမ်းရောင်ဝတ်ဆင်ထားသူနှင့် တွေ့မှ မကောင်းသော အတိတ်နိမိတ်များ ခံစားလာရခြင်းဖြစ်သည်။

ထိုလူပြောသောစကားများသည် ရှောင်မာ၏ယုံကြည်ချက်ခွန်အားများကို ရိုက်ချိုးဖျက်ဆီးလိုက်သလို ရှိနေပါတော့သည်။ ထိုလူသည် ရှောင်မာဘက်သို့လှည့်လိုက်ပြီး....

'မင်းက ပြိုင်ဘက်ကင်းသိုင်းကျမ်းကို လိုချင်သေးသလား'

ရှောင်မာ အံကြိတ်လိုက်သည်။

'ကျုပ်က ရအောင်ယူမယ်လို့ဆုံးဖြတ်ပြီးမှ ဒီနေရာကိုလာခဲ့တာပါ'

'ကောင်းပြီ၊ မင်းကို ကျုပ် အတိတစ်ခုပေးမယ်၊ ကျုပ်ကိုနိုင်အောင်တိုက်ခိုက်ပါ၊ မင်းလိုချင်တဲ့သိုင်းကျမ်းကိုရမယ်'

ရှောင်မာ ပြုံးလိုက်သည်။

'ကောင်းပြီလေ၊ ခင်ဗျားသာ ကတိတည်ပါစေ'

စကားဆုံးလျှင် ခါးဓားယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

* * *



သာယာလှပသောပတ်ဝန်းကျင်တွင် ပြင်းထန်သော မုန်တိုင်းတစ်ခု တိုက်ခတ်လာသည်ဟုပင် ထင်မှတ်ရလေသည်။

ရှောင်မာနှင့် အစိမ်းရောင်ဝတ်ဆင်ထားသူတို့သည် ပြင်းထန်စွာတိုက်ခိုက်နေကြလေသည်။

ထိုလူသည် ရှောင်မာအား ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုဘဲ လှည့်ပတ်ရှောင်တိမ်းရင်း တစ်ချက်တစ်ချက်မှသာ ပြန်လည်တိုက်ခိုက်ခြင်းဖြစ်လေသည်။

ရှောင်မာကမူ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်။

ထိုလူအား အနိုင်ရသည်နှင့် ပြိုင်ဘက်ကင်းသိုင်းကျမ်းအား ရရှိလိမ့်မည်ဟု ယုံကြည်ထားလေသည်။

တစ်ဖက်သတ်ဆန်သော တိုက်ပွဲဖြစ်လေသည်။

သို့တိုင်....

ရှောင်မာသည် ထိုလူ၏အင်္ကျီစကိုပင် ထိအောင်တိုက်ခိုက်နိုင်ခြင်း မရှိသေးပါချေ။

ရှောင်မာသည် သူ၏အကောင်းဆုံးသိုင်းကွက်များကို တစ်ကွက်ပြီးတစ်ကွက် ထုတ်ဖော်ခဲ့ရာ သိုင်းကွက်တစ်ရာကျော်သွားသော်လည်း အရာမရောက်သည်ကိုတွေ့ရသဖြင့် ထိတ်လန့်လာလေတော့သည်။

ထိုစဉ်....

'သတိထား'

ထိုလူ၏အော်ဟစ်သံ ထွက်ပေါ်လာသည်။

ထိုလူသည် ရွှောင်တိမ်းနေရာမှ ခုပ်တန့်လိုက်ပြီး ရွှောင်မာ၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ရွှောင်မာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထိုသူ၏တိုက်ခိုက်မှုမှာ ရိုးရိုးစင်းစင်းကလေးသာ ဖြစ်ပါသည်။

သို့သော်....

ရွှောင်မာ မရှောင်နိုင်တော့ပါချေ။

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

ရွှောင်မာ အဝေးသို့လွင့်စဉ်သွားသည်။

တောင်ကုန်းကလေး၏ အရှေ့ဘက် နက်ရှိုင်းလှသော ချောက်ကမ်းပါးထဲသို့ ထိုးကျသွားခြင်းဖြစ်လေသည်။

* * *

မေတ္တာရှင်

---

အချိန်မည်မျှ ကြာသွားမှန်းမသိ။

ရွှောင်မာသတိရလာသောအခါ ကောင်းကင်ပေါ်၌ကြယ်ကလေးများ ဝင်းလက်တောက်ပနေသည်ကိုလည်းကောင်း၊ လဝန်းထိန်ထိန်သာနေသည်ကိုလည်းကောင်း တွေ့မြင်လိုက်ရလေသည်။

သူသည် ချုံပုတ်ကြီးတစ်ခုပေါ်တွင် တင်နေခြင်းဖြစ်သည်။

ထို့ကြောင့်သာလျှင် အသက်ချမ်းသာရာရခဲ့ခြင်း ဖြစ်လေသည်။

သို့မဟုတ်ပါက....

နက်ရှိုင်းလှသော ချောက်ကမ်းပါးအတွင်းသို့ ကျခဲ့သည့်အတွက် အရိုးအသားပင် ရှာတွေ့နိုင်လိမ့်မည် မဟုတ်ပါချေ။

ရှောင်မာသည် ချုံပုတ်ကြီးနောက်မှ လူးလိမ့်ကာ ဆင်းလိုက်သည်။

ရုတ်တရက်....

သူ၏ရင်ဝ၌ အောင့်သက်သက်ဖြစ်လာပြီး ...

'အ၀့်'

သွေးများ အန်ချလိုက်လေသည်။

သူ၏ခေါင်းထဲ ရီဝေမူးနောက်လာသည်။

အာအင်ကုန်ခန်းကာ မောဟိုက်နွမ်းနယ်လာသည်။

အစိမ်းရောင်ဝတ်ဆင်ထားသူ၏လက်ချက်ဖြင့် အတွင်းဒဏ်ရာ ရရှိခဲ့ပြီ ဖြစ်လေသည်။

ရှောင်မာသည် သစ်ပင်တစ်ပင်ကို ကျောမှီကာ အမောဖြေလိုက်သည်။

တစ်ဖန်....

အတွင်းအားဖော်ထုတ်ကာ ရရှိထားသောအတွင်းဒဏ်ရာကို ကုစားလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။



နောက်ဆုံး....

ရှောင်မာ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ နံနက်မိုးစင်စင်လင်းနေသည်ကို တွေ့ရလေသည်။

သူ၏ရင်ထဲမှ ဝေဒနာများလည်း အနည်းငယ် သက်သာသွားသည်။

သို့သော်....

ရရှိထားသောအတွင်းဒဏ်ရာမှာ သက်သာပျောက်ကင်းသွားခြင်း မရှိပါချေ။

ရှောင်မာသည် အားယူပြီး ထိုင်ရာမှထလိုက်သည်။

နတ်သမီးတောင်ကြားသို့ လာကြသူများသည် အဘယ်ကြောင့် ပြန်လမ်းမရှိခဲ့ရသည့်အဖြစ်ကို ကောင်းကောင်းကြီးသဘောပေါက်လိုက်ပြီး ဖြစ်ပါသည်။

နတ်သမီးတောင်ကြားသည် အလွန်ကြောက်မက်ဖွယ်ရာကောင်းသော ထိပ်တန်းသိုင်းပညာရှင်များ စုဝေးနေထိုင်ကြသည့် နေရာတစ်ခု ဖြစ်နေသည် မဟုတ်ပါလား။

သူ့အား တိုက်ခိုက်ခဲ့သည့် အစိမ်းရောင်ဝတ်ဆင်ထားသူသည် နတ်သမီးတောင်ကြားအတွင်း၌ အရေးပါသူ ဖြစ်ရမည်ဟု တွေးမိ၏။

ချောက်ထဲသို့ ကျလာခဲ့ခြင်းကြောင့် သူသေဆုံးသွားပြီဟု ထိုလူယုံကြည်သွားမည် ဖြစ်လေသည်။

ရှောင်မာ အံ့ကြိတ်လိုက်သည်။

'ငါ အသက်ရှင်နေသရွေ့ ပြိုင်ဘက်ကင်းသိုင်းကျမ်းကို ရအောင် ကြိုးစားမယ်'

ရှောင်မာသည် ဒယီးဒယိုင်ဖြင့် ထွက်လာခဲ့လေသည်။

ထိုစဉ်....

'မြန်မြန်လာ....မြန်မြန်လာ၊ လူ....လူ....'

မပီမသစကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ သို့အသံသည် ကလေးတစ်ယောက်၏အသံမျိုးဟု ထင်ရသည်။

သို့သော်....

ကလေးအသံမဟုတ်ကြောင်းလည်း ရှောင်မာနားလည်မိလေသည်။ သူတအံ့တသြဖြစ်နေစဉ်မှာပင် အတောင်ပံခတ်သံ တဖျပ်ဖျပ်မြည်သံထွက်ပေါ်လာပြီး ကြက်တူရွေးတစ်ကောင် ပျံသန်းလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှောင်မာ အံ့သြသွားသည်။

'ကြက်တူရွေးက လူစကားပြောတတ်ပါလား'

ထိုအချိန်မှာပင်....

'ရွှေခဲ....ရွှေခဲ ပြန်လာခဲ့'



ချိုလွင်သာယာသောစကားသံလေး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်မာ၏မြင်ကွင်းထဲသို့ မိန်းကလေးတစ်ယောက် ဝင်ရောက်လာလေသည်။

ထိုမိန်းကလေးမှာ အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

နတ်မိမယ်လေးအလား ချောမောလှပသူလေး ဖြစ်လေသည်။

ရှောင်မာ ငေးမောကြည့်နေစဉ်မှာပင် မိန်းကလေးသည် သူ့အား တွေ့မြင်သွားပြီး....

'အမှုယ်လေး'

အထိတ်တလန့်အော်ကာ ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

ရှောင်မာက....

'မပြေးနဲ့'

ဟု ဟန့်တားရင်း မိန်းကလေးနောက်သို့ ပြေးလိုက်သွား၏။

သို့သော်....

'ဝုန်း'

ကိုယ့်ကိုကိုယ် မဟန်နိုင်ဘဲ မြေပေါ်လဲကျသွားလေသည်။ လှုပ်လှုပ်ရှားရှား လုပ်လိုက်သည်နှင့်....

'ဝေါ့....ဝေါ့'

ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်သည်။

ထို့နောက်....

သတိလစ် မေ့မြောသွားလေတော့သည်။

* * *

အချိန်မည်မျှကြာသွားမှန်းမသိ။

ရှောင်မာသတိရလာသောအခါ ကျောက်ဂူတစ်ခုအတွင်း၌ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ရှောင်မာ လူးလိမ့်ထလိုက်လေသည်။

ထိုစဉ်....

'အို....မထနဲ့ဦးလေ၊ ရှင့်မှာ ဒဏ်ရာတွေရထားတာပဲ'၊

မိန်းကလေးတစ်ယောက်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



ရှောင်မာ လှမ်းကြည့်လိုက်သောအခါ ကျောက်ဂူထဲသို့ ဝင်လာသည့် မိန်းကလေးတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

နတ်သမီးပမာ ချောမောလှပသူလေး ဖြစ်လေသည်။

'ဪ....မင်းကိုး'

မိန်းကလေးသည် ရှောင်မာအား ဂရုဏာသက်စွာကြည့်လိုက်ပြီး....

'ရှင့်မှာ အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန်ရထားတယ်၊ လှုပ်လှုပ်ရှားရှား မလုပ်သင့်ဘူးရှင့်၊ ရှင့်အတွက် ကျွန်မ ဆေးယူလာတယ်'

ရှောင်မာ အံ့သြနေသည်။

ထိုမိန်းကလေးသည် မည်သူဖြစ်ပါသနည်း။

နတ်သမီးတောင်ကြားတွင် သူ၏မိတ်ဆွေတစ်ယောက်မှ မရှိပါချေ။

သူ၏ရန်သူများသာ ရှိနေသည်မဟုတ်ပါလား။

ရှောင်မာက....

'မင်း....မင်း ဘယ်သူလဲ'

ထစ်ထစ်ငေါ့ငေါ့ မေးလိုက်သည်။

မိန်းကလေး ပြုံးလိုက်သည်။

'ကျွန်မနာမည် ရှမ်းရှမ်းလို့ခေါ်ပါတယ်ရှင်၊ ရှင်ကကော'

'ကျုပ်က ရွှေဒင်မာပါ'

'ရှင်က ပြိုင်ဘက်ကင်းသိုင်းကျမ်းကိုလိုချင်လို့ နတ်သမီးတောင်ကြားကို လာခဲ့တာမဟုတ်လား'

ရွှေဒင်မာ ခေါင်းညိတ်လိုက်သည်။

'ဒါပေမယ့်....'

မိန်းကလေး (ဝါ) ရှမ်းရှမ်း ဆက်ပြင်းချလိုက်လေသည်။

သိုင်းကျမ်းကိုလိုချင်လို့ လာခဲ့တဲ့လူမှန်သမျှ အသက်ရှင်လျက် ပြန်ထွက်သွားလို့ရတယ်ဆိုတာ မရှိခဲ့ဘူး၊ ရှင် သိပ်ကံကောင်းတယ်'

ရွှေဒင်မာ မချိပြုံးပြုံးလိုက်လေသည်။

'ကျုပ်ကံကောင်းတယ်ဆိုတာ မင်းနဲ့တွေ့လို့ဖြစ်မှာပါ'

ရှမ်းရှမ်း မျက်နှာလေး နီရဲသွားလေသည်။

သူမသည် ခေါင်းငုံ့ထားလိုက်ပြီး....

'ကျွန်မက ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်ပါဘူးရှင်၊ တကယ်လို့သာ ရှင် အသက်ရှင်နေသေးတယ်ဆိုတာကို အစ်ကို လွှသိသွားရင် မလွယ်ဘူး'



'အစ်ကိုလွှ'

'ဟုတ်တယ်၊ ကျွန်မရဲ့အစ်ကိုဝမ်းကွဲပါ၊ ဖေဖေက နတ်သမီးတောင်ကြားနဲ့ပတ်သက်တဲ့ ကိစ္စတွေအားလုံး သူနဲ့လွှဲထားတယ်လေ'

ရွှေဒင်မာသည် သူ့အားတိုက်ခိုက်ခဲ့သည့် အစိမ်းရောင်ဝတ်ဆင်ထားသူအား မြင်ယောင်လာလေသည်။

ရှမ်းရှမ်းပြောသည့် အစ်ကိုလွှမှာ ထိုလူပင်ဖြစ်ရမည်ဟု နားလည်လိုက်လေသည်။

ရှမ်းရှမ်းအားစိုက်ကြည့်လိုက်ပြီး....

'နတ်သမီးတောင်ကြားမှာ နတ်သမီးလိုချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်လို့ သတင်းတွေဖြစ်ပေါ်နေပါတယ်၊ အဲဒီနတ်သမီးလေးဟာ မင်းပဲမဟုတ်လား'

ရှမ်းရှမ်း ပို၍ရှက်သွားလေသည်။

'အို....မဟုတ်တာရှင်'

သူမသည် စိတ်ထားဖြူစင်ပြီး သဘောမနောကောင်းသူဖြစ်ကြောင်း ထင်ရှားနေပါသည်။

ရှမ်းလွှနှင့် လားလားမျှ သက်ဆိုင်ခြင်းမရှိပါ။

သူ့အား ကယ်ဘင်ထားခြင်းကြောင့် ဒုက္ခရောက်လာမည်ကို စိုးရိမ်လာလေသည်။

ထို့ကြောင့်...

'ကျုပ်ကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ် ဒီနေရာက ထွက်သွားပါတော့မယ်'

မြောမြောဆိုဆို လူးလိမ့်ထလိုက်ပြန်သည်။

ရှမ်းရှမ်း စိုးရိမ်သွားလေသည်။

'အို...ရှင့်မှာ ဒဏ်ရာကြီးနဲ့ သွားလို့ဘယ်ဖြစ်မလဲရှင့်'

ရှောင်မာက...

'ကျုပ်မသွားရင် မင်းဒုက္ခရောက်လိမ့်မယ်'

'ရှင်...'

ရှမ်းရှမ်း ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ ဘာဖြစ်လို့ဒုက္ခရောက်ရမှာလဲ'

'မင်းရဲ့အစ်ကိုဝမ်းကွဲက...'

ရှောင်မာ၏စကားမဆုံးမီ ရှမ်းရှမ်းက ရယ်မောလိုက်လေသည်။

'အားလုံးက သူ့ကိုကြောက်နေကြပေမယ့် ကျွန်မကတော့ သူ့ကို မကြောက်ဘူးရှင့်'

ရှောင်မာ ပို၍အံ့ဩသွားလေသည်။



ရှမ်းရှမ်းသည် နတ်သမီးတောင်ကြားတွင် သခင်မလေးတစ်ယောက်ဖြစ်သလို အားလုံး၏အခွင့်အရေးပေးခြင်း ခံရကြောင်းလည်း နားလည်လိုက်လေသည်။

ရှမ်းရှမ်းက...

'တစ်ခုတော့ရှိတယ်၊ သူက ရှင့်ကို ဒုက္ခပေးလိမ့်မယ်'

ရှောင်မာက...

'သူက ကျုပ်သေသွားပြီလို့ ထင်နေတာပါ၊ ဒါပေမယ့် ကျုပ်အသက်ရှင်နေသေးတယ်ဆိုတာကိုသိရင် မင်းပြောသလို ဒုက္ခပေးမှာ သေချာတယ်'

ရှမ်းရှမ်းက...

'ဒါကြောင့် ရှင်ထွက်သွားလို့ မဖြစ်ဘူးလို့ ပြောတာပေါ့ ရှင့်'

ရှောင်မာက...

'ကျုပ်ထွက်သွားလို့မဖြစ်ဘူး၊ ဒါပေမယ့် ဒီမှာနေလို့လဲ မဖြစ်ဘူး'

ရှမ်းရှမ်းက...

'ရှင် ဒီမှာနေရလိမ့်မယ်'

ရှောင်မာ ခေါင်းခါယမ်းလိုက်လေသည်။

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်မနေနိုင်ပါဘူး'

ရှမ်းရှမ်း မျက်မှောင်ကြုတ်သွားပြီး....

'နေပါဦး၊ ရှင်က ဘာကြောင့် ဒီလောက်တောင် ထွက်သွားချင်ရတာလဲ'

ဟု မေးလေသည်။

ရှောင်မာသည် တည်ကြည်သော မျက်နှာထားဖြင့်....

'ကျုပ်က သိုင်းကျမ်းကိုရယူဖို့ နတ်သမီးတောင်ကြားကို လာခဲ့တာဖြစ်တယ်၊ သိုင်းကျမ်းကိုရရင်ရ၊ မရရင် သေဖို့ပဲရှိတယ်'

ရှမ်းရှမ်းက....

'ရှင် ဘာကြောင့် ဒီလောက်တောင် သိုင်းကြီးမဲ့ကြီးလိုချင်ရတာလဲ'

ရှောင်မာက....

'သိုင်းလောကသားတိုင်းဟာ ပြိုင်ဘက်ကင်း သိုင်းသမား ဖြစ်ချင်ကြတာချည်းပါပဲ၊ ကျုပ်ကလဲ ပြိုင်ဘက်ကင်း သိုင်းသမား ဖြစ်ချင်တာ မဆန်းပါဘူး'

ရှမ်းရှမ်းက....



'ရှင့်ရဲ့ဆန္ဒပြည့်ဝဖို့အတွက် အသက်ကိုတောင် စွန့်လွှတ်ရဲတယ် ဟုတ်လား'

'ဟုတ်တယ်'

'ခက်ပါလားရှင်'

ရှမ်းရှမ်းက ညည်းတွားလိုက်လေသည်။

ရှောင်မာက....

'ကျုပ်ကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ရှမ်းရှမ်း ခေါင်းခါယမ်းလိုက်သည်။

'ရှင် ထွက်သွားလို့ မဖြစ်ဘူး'

သူမသည် အသင့်ယူလာသော ဆေးခွက်အား လှမ်းပေးလိုက်သည်။

'ဟောဒီဆေးကို သောက်လိုက်ပါ၊ ကျွန်မ တတ်နိုင်သလောက် ရှင့်ကိုကူညီပါ့မယ်'

ရှောင်မာသည် သူမအား ငေးကြည့်လိုက်မိလေသည်။

ရှမ်းရှမ်းသာ ကူညီမည်ဆိုပါက ပြိုင်ဘက်ကင်း သိုင်းကျမ်းအား ရရှိနိုင်မည်ဟု ယုံကြည်မိလေသည်။

သူ၏အစွမ်းအစဖြင့် သိုင်းကျမ်းအား မည်သည့်နည်းနှင့်မျှ ရနိုင်မည်မဟုတ်ဟု နားလည်ထားသည်။

ထို့ကြောင့်....

အခြေအနေစောင့်ကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

'ကျေးဇူးပါပဲဗျာ'

ဟု ပြောကာ ဆေးခွက်ကိုယူပြီး မော့သောက်လိုက် လေသည်။

ရှမ်းရှမ်းက....

'ရှင် ဘယ်မှမသွားရဘူးနော်၊ မကြာခင် ကျွန်မပြန်လာခဲ့မယ်'

စကားဆုံးလျှင် ကျောက်ဂူထဲမှ ခပ်သွက်သွက် ထွက်သွားလေတော့သည်။

* * *

တစ်ရက်....

နှစ်ရက်....

သုံးရက်....

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ရှောင်မာသည် ဘယ်ကိုမှ ထွက်မသွားဘဲ ကျောက်ဂူထဲ၌သာ နေလေသည်။



ရှမ်းရှမ်းသည် တစ်နေ့တစ်ကြိမ် ရောက်ရှိလာသည်။

သူမသည် ရှောင်မာအတွက် စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ယူဆောင်လာခဲ့သည်။

သူမ၏ဆေးဝါးများသည် အစွမ်းထက်လှသဖြင့် ရှောင်မာ၏ ဒဏ်ရာ တဖြည်းဖြည်း သက်သာ ပျောက်ကင်းသွားလေသည်။

ရှောင်မာသည် ကျန်းမာလာသည်နှင့် သိုင်းကျမ်းအားရယူလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့်....

ရှမ်းရှမ်းရောက်လာလျှင် သူ၏ သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောပြရန် ဆုံးဖြတ်လိုက်လေသည်။

နေမွန်းတည့်ချိန်မတိုင်မီ ရှောင်မာ စောင့်မျှော်နေသော ရှမ်းရှမ်း ရောက်လာလေသည်။

ယနေ့....

သူမ၏မျက်နှာ ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသည်။

သူမသည် ရှောင်မာကို တွေ့လျှင်တွေ့ချင်း ဝမ်းသာအားရ ပြောလာလေသည်။

'ရှင့်ကို ကူညီနိုင်ဖို့ နည်းလမ်းတစ်ခု ကျွန်မ ရှာလို့တွေ့ပြီရှင့်'

ရှောင်မာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ကျုပ်ကို ကူညီနိုင်ဖို့ဟုတ်လား'

ရှမ်းရှမ်းက ပြုံးလိုက်သည်။

'ဟုတ်တယ်လေ၊ ရှင့်ကိုကူညီမယ်လို့ ကျွန်မပြောထားတာပဲ'

'ဒါဖြစ်လဲ ဘယ်လိုများလဲဆိုတာ ရှင်းပြပါဦးဗျာ'

ရှမ်းရှမ်း[illegible]

'ရှင်က သိုင်းကျမ်းကို လိုချင်လို့ ဒီနေရာကို လာခဲ့တာ မဟုတ်လား'

'ဟုတ်တယ်'

'သိုင်းကျမ်းမရရင် ရှင်ကျေနပ်မှာမဟုတ်ဘူးဆိုတာ ကျွန်မသိတယ်'

ရှောင်မာက....

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်ဟာသိုင်းကျမ်းကို ရအောင်ယူမယ်လို့ ဆုံးဖြတ်ထားပါတယ်'

ရှမ်းရှမ်းက...

'အစ်ကိုလွှရှိနေသမျှ ရှင်ဘယ်တော့မှ ယူလို့ရမှာမဟုတ်ဘူး၊ ဒါကြောင့် ရှင်ဒုက္ခမရောက်ရအောင် ကျွန်မကူညီဖို့ ဆုံးဖြတ်လိုက်တာ'



သူမသည် အသင့်ယူလာသောစာရွက်အချို့အား လှမ်းပေးလေသည်။

'ပြိုင်ဘက်ကင်းသိုင်းကျမ်းကို ရှင်ယူလို့ရမှာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်မကူးလာတဲ့သိုင်းကွက်တွေကိုပဲ ယူပါ'

ရှောင်မာသည် ကြားလိုက်ရသောစကားကိုမယုံနိုင်အောင် ဖြစ်သွားသည်။

ရှမ်းရှမ်းကို စိုက်ကြည့်လိုက်ပြီး....

'ဒါဟာ ပြိုင်ဘက်ကင်းသိုင်းကျမ်းမှာ ပါတဲ့သိုင်းကွက်တွေကို ကူးယူရေးမှတ်ထားတာ မဟုတ်လား'

ဟု မေးလိုက်လေသည်။

ရှမ်းရှမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ရှင်သိုင်းကျမ်းကို ယူလာလို့မရခဲ့ပေမယ့် ကျွန်မက ခိုးပြီးကူးပေးရင် ရှင်လေ့လာလို့ရတာပဲ မဟုတ်လား'

ရှောင်မာ ဝမ်းသာသွားလေသည်။

မည်သူမျှမရနိုင်သော ပြိုင်ဘက်ကင်းသိုင်းကျမ်းကို သူရရှိနိုင်တော့မည်ဖြစ်လေသည်။

ရှမ်းရှမ်း၏ ကျေးဇူးကြောင့်ဖြစ်သည်။

သူ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။

'ဝမ်းသာလိုက်တာ ညီမရယ်'

အမှတ်မထင် ရှမ်းရှမ်း၏ လက်ကလေးကို ဆုပ်ကိုင်မိလိုက်သည်။

ရှမ်းရှမ်း၏မျက်နှာ နီရဲသွားသည်။

သို့သော်....

သူမသည် ရုန်းကန်ခြင်းမပြုဘဲ ခေါင်းငုံ့ထားလိုက်လေသည်။

* * *

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။

ရှောင်မာနှင့် ရှမ်းရှမ်းတို့သည် တစ်စထက်တစ်စ ရင်းနှီးလာကြသည့်အပြင် သံယောဇဉ်တွယ်တာမိခဲ့ကြပြီ ဖြစ်လေသည်။

ရှောင်မာသည် ရှမ်းရှမ်းတို့၏ နတ်ဘမီးတောင်ကြား အကြောင်းကို တစ်စထက်တစ်စ သိလာပြီဖြစ်လေသည်။

ရှမ်းရှမ်းက....



'လွန်ခဲ့တဲ့ငါးနှစ်လောက်က ကျွန်မရဲ့ မေမေဟာ ပြိုင်ဘက်ကင်းသိုင်းကျမ်းကို လိုချင်လို့ရောက်လာကြတဲ့ သိုင်းသမားဆိုးတချို့ရဲ့ လက်ချက်ကြောင့် သေဆုံးသွားခဲ့ရပါတယ်၊ ဖေဖေဟာ သူတီထွင်ခဲ့တဲ့သိုင်းကျမ်းကြောင့် အခုလိုဖြစ်ရတယ်ဆိုပြီး အကြီးအကျယ်စိတ်ဓာတ်ကျသွားပါတယ်၊ သိုင်းပညာကိုအသုံးမပြုတော့ဘဲ ဘုရားစခန်းဝင်သွားပါတော့တယ်၊ နတ်ဘမီးတောင်ကြားကို စောင့်ရှောက်ပါလို့ ကျွန်မရဲ့အစ်ကိုဝမ်းကွဲ ရှမ်းလေ့ကို တာဝန်ပေးခဲ့ပါတယ်၊ အစ်ကိုရှမ်းလေ့ဟာ သိုင်းကျမ်းအတွက် လာတဲ့လူတွေကို အမုန်းကြီးမုန်းပြီး သတ်ပစ်လေ့ ရှိပါတယ်၊ ဒီလိုနဲ့ပဲ ကျွန်မတို့ နတ်ဘမီးတောင်ကြားဟာ နာမည်ဆိုးတွင်လာခဲ့ရတာပေါ့ရှင်'

ရှောင်မာ စိတ်မကောင်းဖြစ်သွားလေသည်။

သိုင်းပညာသည် တစ်ခါတစ်ရံတွင် အဆိပ်အတောက်ပမာ ဖြစ်သွားတတ်ကြောင်း သံဝေဂရလာသည်။

အကယ်၍....

ပြိုင်ဘက်ကင်းပညာရပ်များအား သူတတ်မြောက်သွားခဲ့ပါလျှင် အများအကျိုး၊ သိုင်းလောကအကျိုး ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

ရှမ်းရှမ်းခိုး၍ကူးလာသော သိုင်းကျမ်းစာရွက်များသည် တစ်နေ့တခြား များပြားလာသည်။

သိုင်းကျမ်းတစ်ခုလုံး ကူးယူပြီးစီးခါနီးပြီဖြစ်လေသည်။

ထိုအချိန်....

မမျှော်လင့်သော အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်လာလေသည်။

* * *

ယနေ့....

ရှမ်းရှမ်း ရောက်မလာသေးသဖြင့် ရွှေဝ်မာစိုးရိမ်ပူပန်နေလေသည်။

'သူဘာကြောင့်ရောက်မလာသေးပါလိမ့်'

ဟု တွေးရင်း ကျောက်ဂူဝသို့ထွက်တာ မျှော်မိလေသည်။

ထိုစဉ်....

အဝေးမှပြေးလာသော လူရိပ်တစ်ရိပ်အား တွေ့မြင်လိုက်ရလေသည်။

သေသေချာချာ ကြည့်လိုက်သောအခါ ရှမ်းရှမ်းဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ရွှေဝ်မာ ရင်ထိတ်သွားသည်။

'သူ့ကိုကြည့်ရတာ ရေးကြီးသုတ်ပျာနိုင်လိုက်တာ၊ ဘာများဖြစ်လာတာပါလိမ့်'



သူ၏အတွေးမဆုံးမီ ရှမ်းရှမ်းသည်အနီးသို့ရောက်ရှိလာလေသည်။

'ညီမ'

ဟု ခေါ်ရင်း ရွှေဝ်မာက ကျောက်ဂူအပြင်ဘက်သို့လှမ်းထွက်လိုက်လေသည်။

ရှမ်းရှမ်းက....

'အစ်ကိုမြန်မြန်လာ'

ဟုပြောကာ ရွှေဝ်မာ၏လက်ကိုဆွဲပြီး တောအုပ်ထဲသို့ဝင်ပြေးသွားလေသည်။

ရွှေဝ်မာ နားမလည်နိုင်အောင်ဖြစ်နေပါသည်။

'ဘယ်လိုဖြစ်တာလဲ ညီမရယ်'

ရှမ်းရှမ်းက....

'ရှူး....တိုးတိုး၊ စကားမပြောနဲ့'

အန္တရာယ်တစ်စုံတစ်ခုဖြစ်နေသည်ဖြစ်ကြောင်း နားလည်မိလိုက်သဖြင့် ရွှေဝ်မာသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ထိုအချိန်မှာပင်....

'ညီမလေး'

အခဝးမှအော်ပြောသံများကြားလိုက်ရလေသည်။

လူရိပ်တစ်ခုလျင်မြန်စွာ ပြေးလွှားလာသည်ကိုလည်း တွေ့မြင်လိုက်ရ၏။ ရှောင်မာက ရှမ်းရှမ်းကိုကြည့်လိုက်သောအခါ ထိတ်လန့်တုန်လှုပ်နေသည်ကို တွေ့လိုက်ရလေသည်။

'ညီမလေး'

အော်ဟစ်ခေါ်သံက ပိုမိုကျယ်လောင်လာသည်။

လူရိပ်တစ်ခုသည် ကျောက်ဂူရှေ့သို့ ရောက်ရှိလာလေသည်။

သေသေချာချာ ကြည့်လိုက်သောအခါ အစိမ်းရောင်ဝတ်ဆင်ထားသူတစ်ယောက် ဖြစ်နေကြောင်း တွေ့လိုက်ရလေသည်။

ထိုလူကိုမြင်လျှင် ရှောင်မာ ဒေါသထွက်သွားလေသည်။

ထိုလူသည် သူ့အား သေလုမျှောပါး ဒဏ်ရာရရှိအောင် တိုက်ခိုက်ခဲ့သော ရှမ်းလေ့ဖြစ်လေသည်။

ရှောင်မာသည် ပုန်းကွယ်ရာမှ ရုန်းထွက်ရန် ဟန်ပြင်မိသည်။

သို့သော်....

ရှမ်းရှမ်းက သူ၏လက်ကို အတင်းဆွဲထားလိုက်လေသည်။



ရှောင်မာကြည့်လိုက်သောအခါ သူမသည် တောင်းပန်သည့်အကြည့်ဖြင့် ကြည့်နေသည်ကို တွေ့ရလေသည်။

ရုတ်တရက်....

ရှောင်မာ၏ရင်ထဲမှ ဒေါသစိတ်များ ကွယ်ပျောက်သွားလေသည်။

ထိုစဉ် ...

'ညီမလေး မင်းထွက်ခဲ့စမ်း'

ရှမ်းလေ့၏အသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

ရှောင်မာနှင့် ရှမ်းရှမ်းက တုတ်တုတ်မျှ မလှုပ်ကြ။

ရှမ်းလေ့က....

'ညီမလေး ထွက်မလာရင် ကျုပ်ဝင်လာရလိမ့်မယ်'

စကားဆုံးလျှင် ကျောက်ဂူထဲသို့ ပြေးဝင်သွားလေသည်။

ရှမ်းရှမ်း၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသည်။

'ကျွန်မတို့အကြောင်းကို အစ်ကိုကြီးလေ့သိသွားပြီ၊ ဒီမှာနေလို့ မဖြစ်တော့ဘူး'

ရှောင်မာက မကျေမနပ်ဖြင့်....

'ကျုပ်က သူနဲ့ရင်ဆိုင်မယ်'

ပြောပြောဆိုဆို တောအုပ်အပြင်ဘက် ထွက်သွားရန် ဟန်ပြင်လိုက်၏။

ရှမ်းရှမ်း အထိတ်တလန့်ဖြင့် တားလိုက်လေသည်။

'အစ်ကိုမလုပ်ပါနဲ့၊ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်၊ ကျွန်မတို့ ဒီနေရာက ထွက်သွားကြပါစို့ရှင်'

'ညီမ'

'အစ်ကိုရယ်၊ အစ်ကိုလိုချင်တဲ့ သိုင်းကျမ်းကိုလဲ ရခဲ့ပြီ၊ အစ်ကို့ရဲ့ဒဏ်ရာတွေလဲ သက်သာပျောက်ကင်း သွားခဲ့ပါပြီ၊ ဒါကြောင့် အာဃာတတွေ မထားပါနဲ့တော့ရှင်'

ရှောင်မာ သက်ပြင်းချလိုက်လေသည်။

ရှမ်းရှမ်း၏ စကားသည် မှန်ကန်ပြီး သဘာဝကျလှပေသည်။

ထို့ကြောင့်....

'ကောင်းပြီလေ၊ ညီမရဲ့သဘောပါပဲ'

ဟု သဘောတူလိုက်လေသည်။

ထိုစဉ်....



'ညီမလေး'

ကျယ်လောင်သောအသံထွက်ပေါ်လာသည်။

ရှမ်းလေ့က ကျောက်ဂူထဲမှပြေးထွက်လာသည်ကိုတွေ့လိုက်ရလေသည်။ ရှမ်းလေ့သည်ဒေါသတကြီးဖြစ်နေပါသည်။

'ညီမလေး၊ မင်းကိုကျုပ်မတွေ့တွေ့အောင် လိုက်ရှာမယ်'

ဟု ကြုံးဝါးလိုက်သည်။

အနီးရှိကျောက်တုံးတစ်တုံးကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ဝုန်း'

ကျောက်တုံးမှာ အစိတ်စိတ်အမြွှာမြွှာ ကွဲအက်ကြေမွသွားသည်။

ရှမ်းလေ့သည် လာလမ်းအတိုင်း ပြန်လည်ပြေးထွက်သွားလေသည်။

ယခုမူ....

ရှမ်းရှမ်း သက်ပြင်းချနိုင်တော့သည်။

'အစ်ကိုရှမ်းလေ့ဟာ ဒေါသသိပ်ကြီးတာပဲ၊ ကျွန်မတို့ကို တွေ့သွားရင်မလွယ်ဘူး'

သူမသည် ရှောင်မာ၏လက်ကိုလှမ်းဆွဲလိုက်ပြီး....

'ကျွန်မတို့ နတ်သမီးတောင်ကြားနဲ့ ဝေးတဲ့နေရာကို ထွက်သွားကြပါစို့ရှင်'

ဟု ပြောလိုက်လေသည်။

*　　*　　*

အကူအညီ

---

စားပွဲပေါ်မှ စားသောက်ဖွယ်ရာများသည် အေးစက်နေပြီဖြစ်ပါသည်။

ရွှမ်းရွှမ်းနှင့်ဆွေအင်းတို့ မျက်နှာချင်းဆိုင်ထိုင်နေကြသည်။

ဆွေအင်းသည် ပြိုင်ဘက်တာင်းသိုင်းကျမ်းနှင့်ပတ်သက်ပြီး ရွှမ်းရွှမ်း ရှင်းပြသည်များကို ကြားလိုက်ရသောအခါ စိတ်မကောင်းဖြစ်သွားလေသည်။

သို့သော်...

သူမကိုယ်တိုင် ပြိုင်ဘက်ကင်းသိုင်းကျမ်းအား ရယူလိုစိတ် မြဲမြဲနေဆဲဖြစ်လေသည်။

ဖြစ်သည့်နည်းနှင့်ရယူဖို့သည်း ဆုံးဖြတ်ထားလေတော့သည်။

'ဒေါ်ဒေါ်တို့အဖြစ်ဟာ အဘော်ကို ကြေကွဲစရာကောင်းပါတယ်၊ အခုဆိုရင် ဘဘရှောင်မာလဲ မသမာသူတွေရဲ့လက်ချက်ကြောင့် သေဆုံးသွားခဲ့ရပါပြီရှင်'

သူမကိုယ်တိုင် ရှောင်မာအား တွေ့ရှိခဲ့ရသည့်ပမာ ပြောလေသည်။

ရှမ်းရှမ်းက....

'သူဟာ အဘော်ကိုကံဆိုးပါတယ်၊ မိတ်ဆွေသူငယ်ချင်းတွေက သိုဝ်းကျမ်းကိုလိုချင်မက်မောတာနဲ့ သစ္စာဖောက် အကောက်ကြံခဲ့တာကို ခံခဲ့ရတယ်၊ အခု ဒီလူတွေကပဲ မှင်းရဲ့မိတ်ဆွေကို ဖမ်းသွားကြပြန်ပြီ'

ဆွေ့အင်းက....

'အစ်ကိုယင်ကျင်းဟာ သိုင်းကျမ်းရှိတဲ့နေရာကို သိထားတယ်၊ သူသာ ထုတ်ဖော်ပြောလိုက်ရင် မသမာသူတွေဟာ သိုင်းကျမ်းကိုရသွားတော့မှာပဲ'

ရှမ်းရှမ်းက....

'မပူပါနဲ့လေ၊ အစ်ကိုကြီးရှမ်းလေ့ လိုက်သွားပါပြီ၊ သူတို့ပြေးလို့မလွတ်နိုင်ပါဘူး'



ဆွေအင်းက....

'သူက ယင်ကျင်းကို ပြန်ခေါ်လာမှာလားဟင်'

'ဟုတ်တယ်၊ မတွေ့တွေ့အောင်ရှာပြီး ခေါ်လာလိမ့်မယ်'

ဆွေအင်း သက်ပြင်းချလိုက်သည်။

ယင်ကျင်း ဘေးမသီရန်မခရှိပါစေဟု ဆုတောင်းမိသည်။

ယင်ကျင်း အသက်ရှင်နေမှ သိုင်းကျမ်းကို သူမရရှိဖို့ မျှော်လင့်ချက်ရှိမည်မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ။

ရှမ်းရှမ်းနှင့် ရင်းနှီးမှုရယူထားခြင်းက သူမအတွက် အကျိုးအမြတ်တစ်ခုဖြစ်ကြောင်း နားလည်ထားလေတော့သည်။

ယင်ကျင်း မည်သည့်နေရာတွင် ရောက်ရှိနေပါသနည်း။

* * *

ကျင်းမင်သည် ယင်ကျင်းအား ဖမ်းဆီးနိုင်ခဲ့သည့်အတွက် ဝမ်းသာပျော်ရွှင်နေသည်။

သူသည် ယင်ကျင်းအား သူ၏အိမ်သို့ခေါ်ဆောင်သွားပြီး လုံခြုံသောအခန်းတစ်ခုအတွင်း၌ ချုပ်နှောင်ထားလေသည်။

တစ်ဖန်...

သုံးလေးရက်မျှ အစာရေစာကျွေးမွေးခြင်းမပြုဘဲ ညှဉ်းဆဲထားလိုက်လေသည်။

သုံးလေးရက်မြောက်သောနေ့ကိုရောက်မှ သွားရောက်တွေ့ဆုံလိုက်လေသည်။

'ဂျိမ်း'

ကျယ်လောင်သောအသံနှင့်အတူ အခန်းတံခါးပွင့်သွားသည်။

အပြင်ဘက်မှတိုးဝင်လာသော အလင်းရောင်ကြောင့် တစ်ခန်းလုံး လင်းလင်းကျင်းကျင်းဖြစ်သွားသည်။

ထိုအခါ....

အခန်းထဲ၌ ကြိုးများဖြင့်တုပ်နှောင်ထားသည့် ယင်ကျင်းအား တွေ့မြင်လိုက်ရလေသည်။

ကျင်းမင်သည် ယင်ကျင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

တစ်ဖန်...

သဘောကျစွာ ရယ်မောလိုက်လေသည်။

'ဘယ်လိုလဲ၊ မင်း နေသာထိုင်သာရှိရဲ့လား'



ယင်ကျင်း မကျေမနပ်ရှိနေသည်။

'လူယုတ်မာကြီး၊ ကျုပ်ကို အခုချက်ချင်းလွှတ်ပေး'

ကျင်းမင်က...

'မင်းကိုဖမ်းထားတာ လွှတ်ပေးဖို့မဟုတ်ဘဲ၊ ဒါပေမယ့် သူ...'

သူသည် ယင်ကျင်းအားစိုက်ကြည့်လိုက်ပြီးမှ ဆက်၍ပြောလေသည်။

'ပြိုင်ဘက်ကင်းသိုင်းကျမ်းဘယ်မှာလဲ'

ယင်ကျင်းက....

'ကျုပ်မသိဘူး'

ကျင်းမင်က....

'မင်း သေချင်ပြီထင်တယ်'

'ဟား....ဟား....ဟား'

ယင်ကျင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

'ကျုပ်သေသွားရင် သိုင်းကျမ်းကို ဘယ်လိုလုပ်ပြီး ခင်ဗျားရနိုင်တော့မှာလဲ'

ကျင်းမင် ဒေါသခြောင်းခြောင်းထွက်သွားသည်။

‘စိတ်ချ၊ မင်းကို ကျုပ်က နှိပ်စက်ညှဉ်းပန်းနိုင်သေးတယ်’ ထိုစကားကြားလျှင် ယင်ကျင်း ရင်ထိတ်သွားလေသည်။

ကျင်းမင်က....

‘တကယ်လို့သာ သိုင်းကျမ်းရှိတဲ့နေရာကို ပြောပြမယ်ဆိုရင် မင်းကို အသက်ချမ်းသာပေးမယ့်အပြင် အခြား မင်းလိုချင်တဲ့ ဘာပစ္စည်းမဆို ကျုပ်ပေးမယ်’

ယင်ကျင်းက ဘာမှမပြောဘဲနေလိုက်လေသည်။

ကျင်းမင်က....

‘မင်း သေသေချာချာစဉ်းစားပါ၊ မင်းကို တစ်ရက် အချိန်ပေးမယ်၊ ကျုပ်လိုချင်တဲ့အဖြေကိုမရရင် မင်းကို အရှင် မထားဘူး၊ ပြိုင်ဘက်ကင်းသိုင်းကျမ်းကို ကျုပ်မရရင် တခြား ဘယ်သူမှလဲ မရစေရဘူး’

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွားလေသည်။

‘ဂျိမ်း’

ကျယ်လောင်သော မြည်ဟည်းသံနှင့်အတူ အခန်းတံခါး ပိတ်သွားသည်။

အမှောင်ကမ္ဘာထဲ၌ ယင်ကျင်းတစ်ယောက်တည်း ကျန်ရစ် နေလေတော့သည်။

* * *



ကျင်းမင်သည် ပြတင်းပေါက်အနီးသို့ရပ်ကာ အပြင်ဘက် သို့ ငေးမျှော်ကြည့်နေသည်။

သူ၏မျက်လုံးများ ရီဝေနေသည်။

အတိတ်မှ ဖြစ်ရပ်များကို မြင်ယောင်နေသည်။

ရှောင်မာသည် သူ့မိတ်ဆွေတစ်ယောက် ဖြစ်ပါသည်။

သူတို့သည် ညီရင်းအစ်ကိုပမာ သံယောဇဉ် တွယ်တာခဲ့ကြ သည်။

သို့သော်....

သိုင်းကျမ်းနှင့် ပတ်သက်လာသောအခါ သူ ကိုယ်တိုင် သစ္စာဖောက်ခဲ့လေသည်။

ယခု....

ရှောင်မာ သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

သိုင်းကျမ်းကား သူတို့၏လက်ထဲသို့ ရောက်ရှိလာခဲ့ခြင်းမရှိ သေးပါ။

စန်းရယ်နှင့် ဟန်လင်းတို့ကလည်း သဲကြီးမဲကြီး ဖြစ်နေကြ သည်။

ယင်ကျင်း သူ၏လက်ထဲသို့ ရောက်ရှိနေမှန်း ဟန်လင်းတို့ မသိကြသေးပါ၊ သူ့ကိုသာသိသွားလျှင် မည်သို့ရှိမည်နည်း။

ကျင်းမင်သည် မည်မျှကြာအောင် တွေးတောစဉ်းစားနေမှန်းမသိ။

'ဒေါက်....ဒေါက်'

တံခါးခေါက်သံများ ကြားလိုက်ရမှ သတိဝင်လာသည်။

ကျင်းမင်က ချက်ချင်းပင် တံခါးကိုဖွင့်ပေးလိုက်သည်။

ထိုအခါ....

တံခါးဝ၌ရပ်နေသူနှစ်ယောက်အား တွေ့လိုက်ရပြီး အံ့ဩတကြီး ဖြစ်သွားလေသည်။

ထိုလူနှစ်ယောက်မှာ စန်းရယ်နှင့် ဟန်လင်းတို့ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

'ဩော်....ခင်ဗျားတို့ကိုး'

စန်းရယ်က....

'ဟုတ်တယ်၊ ခင်ဗျားကိုတွေ့ချင်လို့လာခဲ့ကြတာ'

ကျင်းမင် မျက်နှာပျက်သွားလေသည်။

သို့သော် ချက်ချင်းတွေးချွန်ဆည်လိုက်ပြီး....

'အိမ်ထဲကို ဝင်ကြပါဦး'

ဟု ဖိတ်ခေါ်လိုက်လေသည်။



စန်းရယ်နှင့် ဟန်လင်းတို့ကလည်း အိမ်ထဲသို့ ဝင်ရောက်လာကြလေသည်။ ကျင်းမင်သည် သူတို့အား နေရာထိုင်ခင်းပေးကာ စားသောက်ဖွယ်ရာများပြင်ဆင်ပေးလိုက်လေသည်။

စန်းရယ်နှင့် ဟန်လင်းတို့က အရက်တစ်ခွက်ဆီ သောက်လိုက်ကြသည်။

ဟန်လင်းက....

'ကောင်းလိုက်တဲ့အရက်၊ ခင်ဗျားက အိမ်ပြန်လာပြီး အနားယူနေတာကိုး၊ ကျုပ်တို့ကတော့ ဟိုကောင်လေးကို လိုက်ရှာနေတာ မမေ့နေပြီ'

စန်းရယ်က....

'ဟုတ်တယ်ဗျို့၊ ငိုမီဂိုဏ်းကလူတွေနဲ့တောင် တွေ့ပြီးပြီ၊ ကောင်လေးရဲ့နာမည် ယင်ကျင်းလို့ ခေါ်တယ်ဆိုတာ သိခဲ့ရပြီးပြီ'

သူတို့သည် ယင်ကျင်းနှင့် ပတ်သက်သော သတင်းများကို ပြောပြသွားသောအခါ ကျင်းမင် ရယ်ချင်လာလေသည်။

ယင်ကျင်းအား သူကလက်ရဖမ်းထားပြီးပြီ မဟုတ်ပါလား။

ဟန်လင်းက....

'ယင်ကျင်းနဲ့ ဆွေအင်းဆိုတဲ့ မိန်းမဆိုးလေးတို့နှစ်ယောက်ရဲ့ သတင်းအတော်များများ ကျုပ်တို့ရထားပြီးပြီ၊ ကျုပ်တို့က ခင်ဗျားကို မျှော်နေကြတာ'

စန်းရယ်က....

'ဟုတ်တယ်၊ သူတို့ဟာ ချန်းရန်မြို့ကိုဦးတည်လာရင်း လမ်းခရီးမှာ ပျောက်ဆုံးသွားခဲ့ကြတာ၊ ဒါပေမယ့် ကြာကြာပုန်းနေလို့ မရပါဘူး၊ ကျုပ်တို့ ချန်းရန်မြို့ကိုလိုက်သွားရင် အဖြေပေါ်လာမှာပါ၊ ဒါကြောင့် ခင်ဗျားကိုလာခေါ်တာ'

ကျင်းမင်က....

'အင်း... ခင်ဗျားတို့ လာခေါ်တာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်မလိုက်နိုင်သေးပါဘူး'

'ဟင်...'

စန်းရယ်နှင့် ဟန်လင်းတို့ အံ့ဩသွားကြလေသည်။

ဟန်လင်းက....

'ခင်ဗျား မလိုက်နိုင်ဘူး ဟုတ်လား'

ကျင်းမင်က...

'ဟုတ်ပါတယ်ဗျာ'



'ဘာဖြစ်လို့လဲဗျ၊ ကျုပ်တို့သုံးယောက် နှစ်ပေါင်းနှစ်ဆယ်ကျော် ကြိုးစားလာခဲ့ကြပြီး သိုင်းကျမ်းနဲ့ လက်တစ်ကမ်းအကွာကိုရောက်မှ ခင်ဗျားက လက်လျှော့လိုက်တော့မယ်ဆိုတော့'

ကျင်းမင်သည် အလွန်စိတ်ပျက်ဟန် ဆောင်ရင်း....

'ကျုပ်အသက်လဲ ကြီးပါပြီ၊ ဂိုဟိမ္မေလှတဲ့ သိုင်းကျမ်းနဲ့ မပတ်သက်ချင်တော့ပါဘူး၊ ဒါကြောင့် ကျုပ်အိမ်ပြန်လာခဲ့တာပါ'

'ခင်ဗျား တကယ်ပဲ စိတ်ကုန်သွားပြီဟုတ်လား'

ဟန်လင်းတို့က မြိုင်တူမေးလိုက်ကြလေသည်။

ကျင်းမင်က....

'ဟုတ်တယ်'

ဟန်လင်းက....

'ခင်ဗျားက ကျုပ်တို့နဲ့လက်တွဲပြီး မကြိုးစားတော့ဘူးပေါ့'

ကျင်းမင်က....

'ကျုပ်ကို ခွင့်လွှတ်ကြပါဗျာ'

ကျောင်းမင်အား စည်းရုံးသိမ်းသွင်းရန် ရတော့မည် မဟုတ်ကြောင်း ဟန်လင်းတို့ နားလည်လိုက်ကြလေသည်။

ထို့ကြောင့်....

'ကောင်းပြီလေ... ခင်ဗျား စိတ်မပါတော့ဘူးဆိုရင် ဘယ်တတ်နိုင်မလဲ၊ ကျုပ်တို့ကို ခွင့်ပြုပါဦးဗျာ'

စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်ကြလေသည်။

ထို့နောက်....

ကျောင်းမင်အား နှုတ်ဆက်ကာထွက်သွားကြလေသည်။

ကျောင်းမင်က သူတို့အား အိမ်ပေါက်ဝသို့တိုင် လိုက်လံပို့ဆောင်ပေးလေသည်။

ဟန်လင်းတို့ ထွက်သွားမှ သက်ပြင်းချနိုင်လေသည်။

* * *

'ဂျိမ်း'

အခန်းတံခါးပွင့်သွားသည်။ ကျောင်းမင်က အခန်းတွင်းသို့ ဝမ်းရှုးထိုးဝင်သွားလေသည်။

မျက်စိမျက်နှာပျက်နေသော ကျောင်းမင်ကိုကြည့်ကာ ယင်ကျောင်း အံ့သြသွားလေသည်။



ကျောင်းမင်သည် သူ့အားနှိပ်စက်ညှဉ်းပန်းတော့မည်ဟု ယုံကြည်လိုက်သည်။

မည်သို့ဆိုစေ....

သိုင်းကျမ်းရှိသည့်နေရာကို ဖွင့်မပြောဘဲနေမည်ဟု သူက ဆုံးဖြတ်ထားလေသည်။

ကျောင်းမင်သည် အခန်းအတွင်းသို့ရောက်လာသည်နှင့် ယင်ကျောင်းအား လက်ပြန်ရိုက်ချလိုက်လေသည်။

'ဖြောင်း'

'အား'

မှမျှော်လင့်ဘဲအရိုက်ခံလိုက်ရသဖြင့် ယင်ကျောင်း၏မျက်လုံးထဲ မီးပွင့်သွားလေသည်။

'ခင်ဗျားမတရားမလုပ်နဲ့'

ဟုလည်း၊ ဒေါသတကြီး အော်ပြောလိုက်လေသည်။

ကျောင်းမင်က....

'စိတ်ချ၊ သိုင်းကျမ်းရှိတဲ့နေရာမပြောရင် မင်းကို အခုချက်ချင်း သတ်ပစ်မယ်'

စကားဆုံးလျှင် ဓားတစ်လက် ဆွဲထုတ်လိုက်သည်။

ယင်ကျောင်း မျက်နှာပျက်သွားသည်။

ကျင်းမင်သည် ပြောသည့်အတိုင်း လုပ်မည်ဟု နားလည်လာလေသည်။

'ဒုက္ခပါပဲ ငါဘာလုပ်ရမလဲ'

ကြံရာမရ ဖြစ်လာလေသည်။

ကျင်းမင်က....

'သိုင်းကျမ်းဘယ်မှာလဲ ပြောစမ်း'

ယင်ကျင်း သက်ပြင်းချလိုက်သည်။

သိုင်းကျမ်းနှင့်ပတ်သက်ပြီး အရှုးတစ်ယောက်သဖွယ် ဖြစ်နေသည့် ကျင်းမင်သည် ထင်ရာလုပ်မည့်သဘော ရှိနေပါ၏။

သူ့အား သတ်ပစ်မည်ဟု မပြောနိုင်ပါချေ။

ရုတ်တရက် ယင်ကျင်း၏ဦးခေါင်းထဲ၌ အကြံတစ်ခုရလာလေသည်။

'ကျုပ်က အမှန်အတိုင်းပြောရင် အသက်ချမ်းသာပေးမှာလား'

ဟု မေးလိုက်လေသည်။

ကျင်းမင်က....

'စိတ်ချ၊ မင်းကိုချမ်းသာပေးမယ့်အပြင် ငွေတွေအများကြီး ပေးလိုက်ဦးမယ်'



'ခင်ဗျားတကယ်ပြောတာလား'

'တကယ်ပေါ့'

'ကောင်းပြီ၊ ကျုပ်ပြောပြမယ်'

ယင်ကျင်းက....

'ချန်းရန်မြို့တောင်ဘက်ငါးမိုင်အကွာ တောင်ကုန်းပေါ်က ဘုံကျောင်းပျက်တစ်ခုထဲမှာ အဲဒီသိုင်းကျမ်း ရှိနေပါတယ်ဗျာ'

ဟု ပြောလိုက်လေသည်။

ကျင်းမင် ဝမ်းသာသွားလေသည်။

သို့သော်....

ယုံကြည်စိတ်ချမှုတော့ မရှိသေးပါချေ။

'မင်းပြောတာ အမှန်ပဲနော်'

'ကျုပ် မလိမ်ဝံ့ပါဘူးဗျာ၊ ကဲ....ကျုပ်ကို လွှတ်ပေးပါတော့'

ကျင်းမင် ခေါင်းခါယမ်းလိုက်လေသည်။

'မင်းကို လွှတ်ပေးလို့မဖြစ်သေးဘူး၊ မင်းလိမ်ပြောတယ်ဆိုရင် ဘယ်လိုလုပ်မလဲ၊ ကျုပ်လက်ထဲကို သိုင်းကျမ်းရောက်လာမှ မင်းကိုလွှတ်ပေးမယ်'

ယင်ကျင်း သက်ပြင်းချလိုက်လေသည်။

'ကောင်းပြီ.... ခင်ဗျားသဘောဘဲ၊ ဒါပေမယ့် ကျုပ်အတွက် အစာရေစာပေးပါ၊ သန့်ရှင်းသပ်ရပ်တဲ့ အခန်းမှာထားပါ၊ ကျုပ်တောင်းပန်ပါတယ်ဗျာ'

သူက အကြံဖြင့် ပြောလိုက်ခြင်းဖြစ်လေသည်။

ကျင်းမင်မှာမူ စိတ်လှုပ်ရှားနေသဖြင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါ။

'ကောင်းပြီ....မင်းအတွက် ငါစီစဉ်ပေးမယ်၊ မင်းပြောတဲ့ ဘုံကျောင်းပျက်မှာ သိုင်းကျမ်းရှိတာ သေချာတယ်နော်'

'ဒါ အမှန်ပါပဲ'

ကျင်းမင် ကျေနပ်သွားလေတော့သည်။

* * *

ကျင်းမင်သည် ယင်ကျင်းအား စည်းရုံးသိမ်းသွင်းနိုင်ပြီဟု ယုံကြည်သွားလေသည်။

ထို့ကြောင့်....



ယင်ကျင်းအား သီးသန့်အခန်းတစ်ခုတွင် နေရာပေးပြီး ကောင်းစွာင်းမွန်မွန်ထားရှိလေသည်။

သူ၏တပည့်များအား ယင်ကျင်းကိုမျက်ခြည်မပြတ်စောင့်ကြည့်ရန် မှာကြားကာ ခရီးထွက်သွားလေသည်။

ကျင်းမင် ခရီးထွက်သွားသည်နှင့် ယင်ကျင်းက လွတ်မြောက်ရန်လမ်းစကို ရှာဖွေလိုက်လေတော့သည်။

* * *

## သစ္စာမဲ့သူများ

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

ကျော်မင်သည် မြင်းဒုန်းစိုင်းစီးကာ ချန်းရန်မြို့သို့ ခရီးနှင်လေ၏။

ပြိုင်ဘက်ကင်းသော သိုင်းကျမ်းကို ရရှိတော့မည်ဖြစ်၍ ကျေနပ်နှစ်သိမ့်မိလေသည်။

တောအုပ်တစ်ခုကို ဖြတ်ကျော်လိုက်သောအခါ....

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'



ကျယ်လောင်သောရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျော်မင် ရင်ထိတ်သွားသည်။

မြင်းကိုကပျာကယာအရှိန်သတ်ကာ ရပ်တန့်လိုက်သည်။

ရယ်မောသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်မိလေသည်။

ထိုအခါ....

သစ်ပင်များကြားမှ လူနှစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်ကိုမြင်လျှင် ကျော်မင် အံ့သြသွားလေသည်။

'ဟင်....စန်းရယ်နဲ့ ဟန်လင်းပါလား'

မှန်ပေသည်။ ထိုလူနှစ်ယောက်မှာ ဟန်လင်းနှင့်စန်းရယ်တို့ ဖြစ်ကြလေသည်။ ကျော်မင်က မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

'ခင်ဗျားတို့နှစ်ယောက် ဘယ်လိုလုပ်ပြီး ဒီနေရာမှာ ရောက်နေကြတာလဲ'

ဟန်လင်းက ရယ်မောလိုက်သည်။

'ကျုပ်တို့က သိုင်းလောကကို စိတ်ပျက်နေတဲ့ လူတစ်ယောက်ကို သာပြီးစောင့်နေကြတာပါ'

ကျောင်းမင်မျက်နှာ ပျက်သွားလေသည်။

ဟန်လင်းက...

'ကျုပ်နဲ့စန်းရယ်တို့ခင်ဗျားဆီကမြန်လာပြီး စားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်ပြီးစားသောက်ခဲ့ကြတယ်၊ ပြီးတော့ကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးမိကြတယ်'

စန်းရယ်က....

'ကျုပ်တို့ဟာ သိုင်းသမားတွေပါ၊ သိုင်းပညာနဲ့ပတ်သက်လာရင် အသက်သေရမှာတောင် မမှုကြပါဘူး၊ ဒါကြောင့်ခင်ဗျားစိတ်ပျက်သွားတယ်ဆိုတာ အဓိတ်ကို အံ့ဩစရာကောင်းတယ်လို့ တွေးမိကြတယ်'

ကျောင်းမင်က....

'ဩော်...ခင်ဗျားတို့က ကျုပ်ကိုမယုံသက်သာဖြစ်နေကြတာပေါ့ ဟုတ်လား'

ဟန်လင်းက...

'သေသေချာချာ စဉ်းစားကြည့်ရင် တကယ်ကိုမယုံနိုင်စရာကောင်းတဲ့အဖြစ်အပျက်ပါပဲ'



စန်းရယ်က....

'ဟုတ်တယ်၊ ခင်ဗျားပြောင်းလိုက်တာ အကြောင်းတစ်ခုခုရှိရမယ်လို့ ကျုပ်တို့ တွေးမိကြတယ်လေ၊ ရှင်းရှင်းပြောရရင် သိုင်းကျမ်းနဲ့ပတ်သက်ပြီး ခင်ဗျားတစ်စုံတစ်ခုကို သိထားပြီလို့ ကျုပ်တို့ ယုံကြည်တယ်'

ဟန်လင်းက....

'ကျုပ်တို့စိတ်ထဲမှာ ယင်ကျောင်းဆိုတဲ့ကောင်လေးကို ခင်ဗျားဖမ်းမိသွားပြီလို့ ယုံကြည်မိကြတယ်ဗျ'

အခြေအနေမဟန်မှန်း ကျောင်းမင်သဘောပေါက်သွားလေသည်။

ဟန်လင်းက....

'ကျုပ်တို့ အချင်းချင်းတွေပဲ၊ ဖေးအတူ ပူအမျှပေါ့ဗျာ'

စန်းရယ် က....

'ခင်ဗျား ဘာကြောင့် တစ်ကိုယ်ကောင်း ကြံချင်ရတာလဲ'

ကျောင်းမင်က....

'အပိုတွေ မပြောမနေနဲ့၊ ခင်ဗျားတို့ ဘာလုပ်ချင်တယ်ဆိုတာသာ ပြောပါ'

ဟန်လင်းက....

'ယဉ်ကျေးနဲ့ ကျုပ်တို့တွေချင်တယ်'

ကျွင်းမင် အံကိုတင်းတင်းကြိတ်လိုက်သည်။

'ခြမ်း'

ခါးမှဓားကို ဆွဲထုတ်လိုက်သည်။

ထို့နောက်...

'ယား'

ဩသံပေးကာ ဟန်လင်းတို့ထံသို့ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

*　　*

ကျွင်းမင်သည် လက်ဦးမှုရယူကာ စတင်တိုက်ခိုက်လိုက်လေသည်။ ဟန်လင်းနှင့်စန်းရယ်တို့ကလည်း ဓားကိုယ်စီဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

သူတို့သည် ရှောင်မာထံမှသိုင်းကွက်များကို ရရှိထားခဲ့သူများဖြစ်ရာ သူတို့၏ပညာသည် ထိပ်တန်းအဆင့်ထက်ပင် ကျော်လွန်နေပြီဟု ဆိုနိုင်ပေသည်။

ကျွင်းမင်သည် လောဘ၊ ဒေါသဖြင့် အမှားအမှန်ကို မစဉ်းစားဘဲ စတင်တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။



သို့သော်...

တိုက်ပွဲစတင်ပြီး မကြာမီမှာပင် သူ၏လုပ်ရပ် မှားယွင်းနေပြီဖြစ်ကြောင်း နားလည်လာလေသည်။

စန်းရယ်တို့အား ထစ်ယောက်ချင်း ယှဉ်ပြိုင်ရမည်ဆိုလျှင် ရှုံးမှာမဟုတ်ပါ။

ယခု...

စန်းရယ်နှင့်ဟန်လင်းတို့နှစ်ယောက်အား တစ်ပြိုင်တည်း ယှဉ်ပြိုင်ရသောအခါ မည်သို့မျှမယှဉ်နိုင်အောင် ဖြစ်သွားလေသည်။

စန်းရယ်၏ဓားကိုရှောင်လိုက်သည်နှင့် ဟန်လင်း၏ဓားက သူ၏ရင်ဝသို့ တိုးဝင်သွားလေသည်။

ကျွင်းမင်သည် အထိတ်တလန့်ဖြင့် ရှောင်တိမ်းလိုက်သည်။

စန်းရယ်က....

'သေပေတော့'

အော်ဟစ်ရင်း ထပ်မံတိုက်ခိုက်လာလေသည်။

ကျွင်းမင်မှာ ရှောင်၍မလွတ်တော့ပါ။

'အား'

စူးရှစွာအော်ဟစ်ရင်း မြေပေါ်လဲကျသွားလေတော့သည်။

*　　*　　*

ကျင်းမင် မြေပေါ်လဲကျသွားပြီဖြစ်လေသည်။

စန်းရယ်နှင့် ဟန်လင်းတို့၏လက်ချက်ဖြင့် ဒဏ်ရာပြင်းထန်စွာ ရရှိထားလေသည်။

သူ၏တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေသည်။

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

စန်းရယ်နှင့် ဟန်လင်းတို့က ဟားတိုက်ရယ်မောလိုက်ကြသည်။

ဟန်လင်းက....

'ကျင်းမင် အခုတော့ ဘယ်လိုနေသေးသလဲ'

စန်းရယ်က....

'ယင်ကျင်း ဘယ်မှာလဲ ပြောပါ၊ မင်းကို အသက်ချမ်းသာပေးမယ်'

ကျင်းမင် ခံပြင်းနေသည်။

သို့သော်....

မိမိ၏အသက်သည် ဟန်လင်းတို့၏လက်ထဲ၌ ရောက်ရှိနေပြီဖြစ်ကြောင်း နားလည်ထားရကား....

'ကျုပ်ကို တကယ်ပဲ ချမ်းသာပေးမှာလား'

စန်းရယ်က....

'ယင်ကျင်းကို ကျုပ်တို့လက်ထဲအပ်ရင် ခင်ဗျားကို ချမ်းသာပေးမှာပေါ့'

'ကောင်းပြီ'



ကျင်းမင်သည် ယင်ကျင်းအား သူ၏အိမ်၌ ဖမ်းဆီးချုပ်နှောင်ထားကြောင်း ပြောပြလိုက်လေသည်။

စန်းရယ်က....

'ကျင်းမင် မင်း သေချာတယ်နော်'

ကျင်းမင်က....

'ကျုပ် လိမ်မပြောဝံ့ပါဘူး၊ ကျုပ်ကိုသာ ချမ်းသာပေးပါ'

စန်းရယ်က ဟားတိုက်ရယ်မောလိုက်လေသည်။

'ကောင်းပြီလေ၊ မင်းကို ချမ်းသာပေးမယ်၊ ဒါပေမယ့် ဒီဘဝမှာတော့မဟုတ်ဘူး'

စကားဆုံးလျှင် လက်ထဲမှဓားဖြင့် ထိုးစိုက်ချလိုက်လေသည်။

ကျင်းမင်မှာ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါ။

'အား'

သူ၏စူးရှသော အော်သံနက်ကြီး ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

* * *

ကျင်းမင် သေဆုံးသွားပြီဖြစ်လေသည်။

မကောင်းမှုပြုသူများသည် သစ္စာတရား ကင်းမဲ့လှပေသည်။

စန်းရယ်နှင့် ဟန်လင်းတို့သည် ကျင်းမင်၏အလောင်းကို ကြည့်ကာ ဟားတိုက်ရယ်မောလိုက်ကြလေသည်။

ပြီးလျှင်....

'ကျုပ်ပြောတယ်မဟုတ်လား၊ ကျင်းမင်လိုလူစားမျိုးက မြို့ဝဘက်ကင်းသိုင်းကျမ်းကို စိတ်မဝင်စားတော့ဘူးဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးလို့'

ဟန်လင်းက ပြောလေသည်။

စန်းရယ်က...

'ဟုတ်တယ်၊ သူက ယင်ကျင်းကို ဖမ်းမိထားပြီဆိုတော့ အသာငြိမ်နေလိုက်ပြီး ကျုပ်တို့ကို လှည့်စားလိုက်တာပေါ့၊ ဒီလိုလုပ်လို့ ဘယ်ရပါ့မလဲဗျာ'

'ကဲ....ကျုပ်တို့ ကျင်းမင်ရဲ့အိမ်ကို သွားရအောင်'

'ကောင်းပြီ'

သူတို့နှစ်ယောက်သည် ချက်ချင်းပင်ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ် သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စန်းရယ်နှင့် ဟန်လင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

စန်းရယ်က....

'ကျုပ်က သက်ပြင်းချသံတစ်ချက်ကြားလိုက်မိတယ်'

ဟု ပြောလေသည်။

ဟန်လင်းခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်၊ ကျုပ်လဲ ကြားလိုက်မိတယ်'

သူတို့သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ကြသည်။

ထိုအခါ...

မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်၌ ရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ရှမ်းလွေဖြစ်ပါသည်။

ရှမ်းလွေသည် မုဆိုးတစ်ယောက်နှင့်တူသလို ကျားဆိုးတစ်ကောင်နှင့်လည်း တူသူဖြစ်လေသည်။

ကျင်းမင်၏အကြောင်းကို လိုက်လံစုံစမ်းရင်း စန်းရယ်တို့ကို ခြေရာခံမိလိုက်ခြင်းဖြစ်လေသည်။

စန်းရယ်နှင့်ဟန်လင်းတို့ ရပ်ထိတ်သွား ကြလေသည်။

စန်းရယ်က...

'ခင်ဗျားက ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ရှမ်းလွေက....

'ကျုပ်က ရှမ်းလွေပေါ့'

'ရှမ်းလွေ'

'ဟုတ်တယ်'

'ကျုပ်တို့ ခင်ဗျားကိုမသိပါလား'

ရှမ်းလွေက....

'ခင်ဗျားတို့က ကျုပ်ကိုမသိပေမယ့် ကျုပ်ကတော့ခင်ဗျားတို့ကို သိပါတယ်'

'ဟင်'

စန်းရယ်တို့ ပိုပြီးအံ့သြသွားကြလေသည်။

ရှမ်းလေ့က....

'ခင်ဗျားတို့ဟာ ပြိုင်ဘက်ကင်းသိုင်းကျမ်းကို လိုက်ရှာနေကြတဲ့သူတွေ မဟုတ်လား'

စန်းရယ်နှင့်ဟန်လင်းတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြလေသည်။

ရှမ်းလေ့သည် ပြိုင်ဘက်ကင်းသိုင်းကျမ်းအကြောင်းသိနေသည်ဆိုပါလျှင် ရန်သူဖြစ်သည်ဟု စိတ်ထဲမှ သတ်မှတ်လိုက်ကြ၏။

ရှမ်းလေ့က....

'ခင်ဗျားတို့သုံးယောက် စောစောက အသုံးပြုခဲ့ကြတဲ့ သိုင်းကွက်တွေဟာ ပြိုင်ဘက်ကင်း သိုင်းကျမ်းက သိုင်းကွက်တွေ မဟုတ်လား'

စန်းရယ်တို့ ဘာမှမပြောဘဲ နေလိုက်ကြလေသည်။

ရှမ်းလေ့က....

'ယင်ကျင်းဆိုတဲ့ကောင်လေး ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

စန်းရယ်နှင့် ဟန်လင်းတို့က အဖြေမပေးကြပါ။ သူတို့သည် ဓားကိုယ်စီဆွဲထုတ်လိုက်ကြပြီး....

'ယား'

ဪသံပေးကာ ပြေးဝင်တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *



စန်းရယ်နှင့် ဟန်လင်းတို့သည် ထိပ်သီး သိုင်းသမားကြီးများ ဖြစ်နေကြချေပြီ။

ထို့ကြောင့် သူတို့၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်။

သို့သော်....

ရှမ်းလေ့နှင့် ရင်ဆိုင်လိုက်ရသောအခါ သိုင်းကွက် သုံးလေးကွက်အတွင်းမှာပင် အရေးနိမ့်သွားကြလေတော့သည်။

ရှမ်းလေ့သည်....

'ယား....'

ဪသံပေးကာ ဟန်လင်းတို့ထံသို့ မကြောက်မရွံ့ ပြေးဝင်သွားလေသည်။

ထို့နောက် လက်နှစ်ဖက်ဆန့်တန်းကာ ဟန်လင်းတို့၏ဓားများကို လုယူလိုက်သည်။

သူ၏လက်ထဲ ဓားနှစ်လက်စလုံး ရောက်ရှိသွားသည်နှင့်....

'သွားစမ်း'

ဟု ငေါက်ကာ ဓားဖြင့် ပြန်လည်ထိုးသွင်းပစ်လိုက်သည်။

ဟန်လင်းနှင့် စန်းရယ်တို့ မရှောင်နိုင်ကြပါတော့ချေ။

'ဝုန်း'

'အား'

စူးရှလော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ဟန်လင်းနှင့် စန်းရယ်တို့သည် မြေပေါ်အရုပ်ကြိုးပြတ်လဲကျသွားကြတော့သည်။

* * *

ကျင်းမင်၊ ဟန်လင်းနှင့် စန်းရယ်တို့ သုံးယောက် မြေပေါ်၌ လဲကျနေကြလေသည်။

သူတို့သည် တစ်ချိန်က အလွန်ရင်းနှီးခဲ့ကြသော မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။

ယခုအချိန်၌မူ သိုင်းကျမ်းကို လိုချင်စောဖြင့် သစ္စာပျက်ယွင်းခဲ့ကြရာမှ ရက်ကြမ်းကြုတ်သော ရှမ်းလေ့၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ကြပြီ ဖြစ်လေသည်။

ရှမ်းလေ့က လက်ထဲမှဓါးကို လွှင့်ပစ်လိုက်ပြီး....

'ပြိုင်ဘက်ကင်း သိုင်းကျမ်းဟာ နတ်သမီးတောင်ကြားပိုင်ဆိုင်တဲ့ပစ္စည်းဖြစ်တယ်၊ ဘယ်သူမှယူခွင့်၊ သင်ကြားခွင့် မရှိဘူး၊ ယူရင်သင်ကြားမယ်ဆိုရင် နောက်ဆုံး သေဘေးကြုံရမှာပဲ'

ဟု ကြုံးဝါးလိုက်လေသည်။

ထိုစဉ် မြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှမ်းလေ့က လှမ်းကြည့်လိုက်သောအခါ ရှမ်းရှမ်းနှင့် ဆွေအင်းတို့ ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ဆွေအင်းတို့ အဘယ်ကြောင့် ရောက်ရှိလာကြပါသနည်း။

* * *

ရှမ်းလေ့သည် ယင်ကျင်းအား ခေါ်ဆောင်လွှာလိမ့်မည် ဟု ရှမ်းရှမ်း ယုံကြည်ထားလေသည်။



သို့သော် ဆွေအင်းကမူ ယုံကြည်မှုမရှိပါချေ။

သူမသည် အတန်ကြာအောင် ငြိမ်၍နေကာ အကြံထုတ်နေလိုက်လေသည်။

ယင်ကျင်းက ရှောင်မာနှင့် ပတ်သက်သော အကြောင်းကိစ္စများကို ပြောပြခဲ့သည်။

ရှမ်းရှမ်းက သိုင်းကျမ်းနှင့် ပတ်သက်သောကိစ္စများကို ပြောပြခဲ့သည်။

ထိုအဖြစ်အပျက်နှစ်ခုသည် လွန်စွာမှ စိတ်ဝင်စားစရာကောင်းနေပါသည်။

ဆွေအင်းသည် တွေးတောစဉ်းစားရင်း မမျှော်လင့်တဲ့ ထိုအဖြစ်အပျက်နှစ်ခုကို ဆက်စပ်ကြည့်လိုက်မိလေသည်။

အဖြစ်အပျက်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည် ထင်ရ၏။

ဆွေအင်း ပိုပြီးစိတ်ဝင်စားလာသည်။

ရှမ်းရှမ်းအား အကဲခတ်ကြည့်လိုက်ပြီး....

'ဒေါ်ဒေါ် ကျွန်မ မရှင်းတာလေးတစ်ခုရှိလို့ မေးပါရစေရှင်'

ဟု ပြောလိုက်လေသည်။

ရှမ်းရှမ်းက....

'မေးနိုင်ပါတယ်ကွယ်'

ဆွေအင်းက....

'ဒေါ်ဒေါ်ရဲ့အိမ်က ဦးလေးရှောင်မာ ထွက်သွားတော့ ဒေါ်ဒေါ်ဟာ ကိုယ်ဝန်အရင့်အမာကြီးနဲ့ ကျန်ရစ်ခဲ့တာဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ်ကွယ်'

'ဒေါ်ဒေါ်ဟာ လူတစ်စုနဲ့လိုက်သွားတယ်ဆိုတာကော'

ရှမ်းရှမ်း ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်ကွယ်၊ အစ်ကိုရှောင်မာက ပြန်မလာတော့တာနဲ့ ကျုပ်ကိုစွန့်ပစ်ထားခဲ့တယ် ထင်မိပြီး စိတ်ဆိုးနေတုန်း ကျုပ်ကိုလိုက်ရှာနေတဲ့ အစ်ကိုကြီး ရှမ်းလေ့ဟာ မမျှော်လင့်ဘဲ အိမ်ကိုရောက်လာခဲ့တယ်၊ ကျုပ်ရဲ့အဖေ အမေတော့ ကိုနေထိုင် မကောင်း ဖြစ်နေတယ် ပြောတာနဲ့ ကျုပ်လဲ သူနဲ့လိုက်သွားခဲ့တာပါ'

ဆွေ့အင်းက....

'ဒေါ်ဒေါ်ဟာ နတ်သမီးတောင်ကြားကို မရောက်ခင် လမ်းခရီးမှာဘဲ မွေးဖွားခဲ့တယ် မဟုတ်လား'

ဟု မေးလိုက်လေသည်။

ရှမ်းရှမ်း အံ့သြသွားလေသည်။

'ဟင်....ဒီကိစ္စကို မင်းဘယ်လိုလုပ်သိတာလဲ'

ဆွေ့အင်း ပြုံးလိုက်လေသည်။

'ဒေါ်ဒေါ်ဟာ သားယောကျ်ားလေးတစ်ယောက် မွေးဖွားခဲ့တယ် မဟုတ်လား'

'မင်း....မင်း'

ရှမ်းရှမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။



'ဟုတ်တယ်၊ မင်းဘယ်လိုလုပ်ပြီးသိတာလဲ ပြောစမ်း'

'အဲဒီကလေးဟာ မွေးဖွားပြီး မကြာခင်မှာဘဲ သေဆုံးသွားတယ်ဆိုတာရယ်၊ ကလေးအတွက် ဒေါ်ဒေါ်က ကျောက်စိမ်းပြား လည်ဆွဲတစ်ခု ပေးခဲ့သေးတယ်ဆိုတာရယ် ကျွန်မ သိထားပါတယ်ရှင်'

ရှမ်းရှမ်း လိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်လေသည်။

'ဒီအကြောင်းတွေကို ညည်းဘယ်လိုလုပ်သိနေတယ်ဆိုတာ ပြောပြမှဖြစ်တော့မယ်'

ဟု ပြောလိုက်လေသည်။

ဆွေ့အင်းက....

'တကယ်တော့ အဖြစ်အပျက်တချို့ကို ဆက်စပ်ကြည့်ရင်း ကျွန်မ့ရှပ်လုံးဖော်လို့ ရလာတာပါ'

ယင်ကျမ်း ပြောပြခဲ့သည့် သူ၏ဘဝအကြောင်း၊ ယင်ကျင်းထံမှ သိခဲ့ရသော ရှောင်မာအကြောင်းနှင့်ရှမ်းရှမ်းကိုယ်တိုင် ပြောပြခဲ့သော သူမနှင့် ရှောင်မာတို့ တွေ့ဆုံကြသည့် အကြောင်းများကို ဆက်စပ်ပြောပြလိုက်လေသည်။

ရှမ်းရှမ်းမှာ ဝမ်းသာလွန်းသဖြင့် တုန်တုန်ယင်ယင် ဖြစ်နေပါတော့သည်။

'ဒါ... ဒါဆိုရင် ယင်ကျင်းဟာ ကျုပ်ရဲ့သားပေါ့နော်'

ဟု ပြောလာလေသည်။

ဆွေ့အင်းက...

'ဟုတ်ပါတယ်၊ ယင်ကျင်းဟာ ဒေါ်ဒေါ်နဲ့ ဦးလေးရှောင်မာတို့ရဲ့ သား ဖြစ်ပါတယ်'

ရှမ်းရှမ်းက...

'ကျုပ်က ယင်ကျောင်းကို တွေ့ရမှဖြစ်တော့မယ်'

ဆွေအင်းက....

'ကျွန်မတို့ လိုက်သွားကြတာပေါ့'

'ကောင်းပြီ'

နှစ်ယောက်သားထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

တိုစဉ်....

'မင်းတို့ သွားလို့ရမလား'

ကျယ်လောင်သော အော်ဟစ်သံ ထွက်ပေါ်လာပြီး ဆိုင်ထဲသို့ လူတစ်စုဝင်ရောက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူစုအား တွေ့မြင်လိုက်သည်နှင့်....

'ဟင်...ငွေပုလဲစံအိမ်က လူတွေပါလား'

ဆွေအင်း အထိတ်တလန့် ရေရွတ်လိုက်မိသည်။

မှန်ပေသည်။ ငွေပုလဲစံအိမ်မှလူများ ရောက်လာကြခြင်းဖြစ်လေသည်။

ဦးဆောင်လာသူမှာ ငွေပုလဲစံအိမ်ပိုင်ရှင် ယန်းကောက်ဆိုသူဖြစ်လေသည်။

ယန်းကောက်က....

'ခွေးမလေး၊ မင်းထွက်ပြေးဖို့မကြိုးစားနဲ့၊ နှစ်တစ်ထောင်ပုလဲ ဘယ်မှာလဲပေးစမ်း'

ဟု ဟောက်လိုက်လေသည်။

ဆွေအင်း နှာခေါင်းရှုံ့လိုက်သည်။



'ရှင်တို့ နှစ်တစ်ထောင်ပုလဲကို ကျွန်မဘာလုပ်ရမှာလဲ၊ လိုချင်ရင် ပြန်ယူ'

ဟု ပြောကာ အင်္ကျီအိတ်ထဲမှကတ္တီပါဘူးကလေးတစ်လုံး နှိုက်ယူကာ ပစ်ပေးလိုက်လေသည်။

ယန်းကောက်က ကတ္တီပါဘူးကလေးကိုဖမ်းယူကာ စစ်ဆေးကြည့်လိုက်လေသည်။

သူ၏နှစ်တစ်ထောင်ပုလဲကို ပြန်လည် ရရှိလိုက်သောအခါ ဝမ်းသာသွားလေသည်။

သို့သော်....

'မင်းက ပုလဲလုံးကို ခိုးယူသွားတဲ့အတွက် အပြစ်ဒဏ်ပေးရလိမ့်မယ်၊ ကျုပ်တို့နောက်ကိုလိုက်ခဲ့'

ဟု ဟောက်လိုက်လေသည်။

သူ၏လူများသည် ဆွေအင်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြ၏။ ရှမ်းရှမ်းမနေနိုင်တော့ပါချေ။

'ခဏနေကြပါဦးကွယ်'

ဟု ကြားဝင်ဟန့်တားလိုက်လေသည်။

'ဘယ်လိုများဖြစ်ကြတာလဲ ပြောပါဦး'

ဟု မေးလိုက်လေသည်။

ယန်ကောက်က....

'ဒီမိန်းကလေးဟာ အတော်ဆိုးတာဗျ'

ဟု ပြောပြီး အဖြစ်အပျက်များကို ရှင်းပြလိုက်လေသည်။

ရှမ်းရှမ်းစိတ်မကောင်း ဖြစ်သွားလေသည်။

ဆွေအင်းအား ဆုံးမစကားပြောလိုက်လေသည်။

'မိန်းကလေးရယ်၊ ဘဂတက်လမ်းကိုရှာတာ မှန်ပါတယ်၊ ဒါပေမယ့် မကောင်းတဲ့နည်းလမ်းနဲ့ မရှာသင့်ဘူးကွယ့်'

သူမသည် ယန်းကောက်ကိုလည်း တောင်းပန်လိုက်လေသည်။

'ဒီငွေစနဲ့ ပတ်သက်ပြီး ကျွန်မတောင်းပန်ပါတယ်ရှင်၊ သူ့ကို ကျွန်မဆုံးမပါ့မယ်၊ ရှင်တို့ပစ္စည်း ပြန်ရပြီဆိုတော့ ကျေနပ်ပါတော့ရှင်'

ယန်းကောက်က....

'ကျုပ် ကျေနပ်စေချင်ရင် လွယ်ပါတယ်၊ ကျုပ်ကို သိုင်းကွက်တစ်ကွက်လောက်ပြပါ'

ရှမ်းရှမ်း သက်ပြင်းချလိုက်သည်။

သူမသည် သိုင်းသမားတို့၏စိတ်ခံတ်ကို ကောင်းကောင်းကြီး နားလည်သဘောပေါက်လိုက်ပြီ ဖြစ်လေသည်။



ထို့ကြောင့်....

'ကောင်းပြီ၊ ကြည့်ထားပါ'

စကားဆုံး သည်နှင့် လက်ဆော့ ယမ်းလိုက်ရာ ယန်းကောက်၏ လက်ထဲမှ ကတ္တီပါဘူးကလေးသည် ရှမ်းရှမ်း၏လက်ထဲသို့ ရောက်ရှိသွားလေသည်။

'ဟာ'

ယန်းကောက် အထိတ်တလန့်ဖြစ်သွား၏။

'ရှင့်ပစ္စည်း ရှင်ပြန်ယူပါ'

ရှမ်းရှမ်းက ကတ္တီပါဘူးကလေးအား ပြန်ပေးလိုက်ပြီး....

'ဒီမိန်းကလေးကို ကျွန်မ တာဝန်ယူဆုံးမပါ့မယ်ရှင်'

ဟု ပြောလိုက်လေသည်။

ယန်းကောက် သက်ပြင်းချလိုက်လေသည်။

'ကောင်းပြီလေ၊ ကျုပ်တို့ငွေပုလဲစံအိမ်ကို နောက်ထပ် ဒုက္ခမပေးမချင်း ကျုပ်ကလဲ သူ့ကို ဒုက္ခမပေးဘူးလို့ ကတိပေးပါတယ်၊ ကဲ...ကျုပ်တို့ကို ခွင့်ပြုပါဦး'

'ကောင်းပါပြီရှင်'

ယန်းကျောက်သည် ရှမ်းရှမ်းတို့အားနှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

ရှမ်းရှမ်းနှင့်ဆွေအင်းတို့လည်း ယင်ကျင်းအားရှာဖွေရန် ခရီးပြင်းနှင်လိုက်ကြလေတော့သည်။

* * *

သားနှင့်သိုင်းကျမ်း

---

တောလမ်းပေါ်တွင် စန်းရယ်တို့သုံးယောက် လဲကျနေ၏၊ ရှမ်းရှမ်းနှင့်ဆွေအင်းတို့လည်း ရောက်ရှိလာကြရာ ရှမ်းလေ့နှင့် တွေ့ဆုံမိလိုက်ကြပြီဖြစ်လေသည်။

ရှမ်းလေ့သည် ရှမ်းရှမ်းရောက်လာသည်ကိုမြင်လျှင် အံ့ဩသွားလေသည်။

'ဟင်.... ညီမ လိုက်လာတယ်ဟုတ်လား'

ရှမ်းရှမ်းက....

'ဟုတ်တယ် အစ်ကို၊ ကျွန်မရဲ့သားလေးကို ဒီတစ်ခါတော့ ဘယ်နည်းနဲ့မှ လွှတ်မထားနိုင်တော့ဘူး'

'ဘာ....ညီမ ဘယ်လိုပြောလိုက်တယ်'

'ယင်ကျင်းဟာ ကျွန်မရဲ့သားပဲ'

'အို...မဖြစ်နိုင်တာ၊ ညီမရဲ့သားဟာ သေဆုံးသွားခဲ့ပြီပဲ'

ရှမ်းရှမ်း ခေါင်းခါယမ်းလိုက်သည်။

'အမှန်တရားကို ဘယ်တော့မှ ဖုံးကွယ်ထားလို့မရပါဘူးရှင်၊ အဖြစ်မှန်တွေကို ကျွန်မသိထားပြီးပါပြီ'

ရှမ်းလေ့က ဆွေအင်းကို လှမ်းကြည့်လိုက်လေသည်။

ထိုစဉ်....

ဆွေအင်းက ကျင်းမင် အနည်းငယ် လူးလွန့်လှုပ်ရှားလာသည်ကို တွေ့လိုက်ရသဖြင့် ကပျာကယာပြေးသွားလေသည်။

'ရှင်ဖမ်းသွားတဲ့ ယင်ကျင်း ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

ကျင်းမင်က....

'ကျုပ်အိမ်မှာ'

'သိုင်းကျမ်းကရော'

'သိုင်းကျမ်းက....'

ကျင်းမင်သည် သူသိထားသမျှ ပြောပြလိုက်လေသည်။



အမှန်တော့ စိတ်ကောင်းစေတနာဖြင့် ပြောခြင်းမဟုတ်ပါ။ သိုင်းကျမ်းနှင့်ယင်ကျင်းအကြောင်း သိရှိသွားသူ များလာလေလေ စန်းရယ်နှင့်ဟန်လင်းတို့အတွက် ရန်သူများလာလေလေဟုယူဆကာ ပြောပြခြင်းဖြစ်လေသည်။

စန်းရယ်တို့မှာ ရှင်းလေ့၏လက်ချက်ကြောင့် သေဆုံးသွားပြီဖြစ်ကြောင်း သူမသိသေးပါချေ။

သူ့အပေါ်ရက်စက်ခဲ့သည့် ဟန်လင်းတို့အပေါ်၌ သေအံ့မူးမူးအချိန်မှာပင် အာဃာတ်ကြံလိုက်ခြင်း ဖြစ်ရလေတော့သည်။

ကျင်းမင်သည် သူ့ပြောလိုက်သောစကားများကို ပြောပြီးသည်နှင့် သေဆုံးသွားလေတော့သည်။

ရှမ်းရှမ်းသည် ကျင်းမင်၏စကားကိုကြားလျှင် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ....

'ကျွန်မရဲ့သားလေးကို သွားပြီးကယ်တင်ရမယ်'

ဟု ပြောကာ တစ်ဟုန်ထိုးပြေးထွက်သွားလေသည်။

ဆွေအင်းကမူ ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ရှမ်းရှမ်းနှင့် ဆန့်ကျင်ဘက်အရပ်ဆီသို့ ပြေးသွားလေသည်။

သူမသည် သိုင်းကျမ်းဝှက်ထားသည့် တောင်ကုန်းဆီသို့ သွားခြင်း ဖြစ်လေသည်။

ရှိန်းလေးက မျက်မှောင်ကုတ်ကာ မလှုပ်မယှက်ရပ်နေ၏။

အတန်ကြာအောင် စဉ်းစားနေပြီးမှ ရေတွင်းနောက်သို့ ပြေးလိုက်သွားလေတော့သည်။

*

၀

မောင်ကုန်းလေးပေါ်တွင် ဘုံကျောင်းပျက်တစ်ခုရှိနေ၏။

ထိုဘုံကျောင်းပျက်မှာ အကြီးအကျယ် ပျက်စီးယိုယွင်းနေပြီဖြစ်သည်။

ယင်ကျင်းသည် မြက်ပင်ရှည်များကြားမှ ဘုံကျောင်းပျက်ကို တွေ့လိုက်ရသောအခါ ရင်ထဲဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ရှောင်မာ၏အသက်နှင့် အရင်းတည်ခဲ့ရသော မြို့င်ဘက်ကင်းသိုင်းကျမ်းကို တွေ့ရတော့မည်မဟုတ်ပါလား။

ယင်ကျင်းသည် ကျွင်းမင်ထွက်သွားပြီးသည်နှင့် အမှောင့်အကြပ်များအလစ်တွင် အိမ်ခေါင်မိုးကိုဖောက်ကာ ထွက်ပြေးလာခဲ့ခြင်း ဖြစ်လေသည်။



ကျွင်းမင်သည် သိုင်းကျမ်းကိုသွားယူမည်ဖြစ်ရာ လမ်းခရီးကို စုံစမ်းပြီး ဖြတ်လမ်းမှ လိုက်လာခဲ့ခြင်းဖြစ်သည်။

ယခု...

ရှောင်မာသိုင်းကျမ်းဝှက်ထားသော ဘုံကျောင်းပျက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပြီဖြစ်လေသည်။

ယင်ကျင်းသည် ဘုံကျောင်းပျက်ဆီသို့ တစ်လှမ်းချင်း လှမ်းသွားလိုက်လေသည်။

ပြိုပျက်နေသော အုတ်နံရံအပေါက်ကြီးမှတစ်ဆင့် ဘုံကျောင်းပျက်ထဲသို့ ဝင်ရောက်လာခဲ့လေသည်။

ဘုံကျောင်းပျက်ထဲရောက်လျှင် ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်သည်။

မကြာပါချေ။

နဂါးတစ်ကောင်ဦးခေါင်းပုံ ဖော်ထားသောတိုင်တစ်လုံးကို တွေ့လိုက်ရလေသည်။

ထိုတိုင်သည် ကျောက်တိုင်ဖြစ်သော်လည်း နှစ်ပေါင်းရှည်ကြာမြင့်လှပြီဖြစ်၍ ပတ်ကြားအက်ကာ ပြိုလုံတော့မည့်အခြေအနေ ရှိနေသည်ကို တွေ့ရလေသည်။

ယင်ကျင်းက...

နဂါးတိုင်ရဲ့ အပေါ်ဘက် ထုပ်တန်းနှစ်ခုကြားမှာ သိုင်းကျမ်းကို ဝှက်ထားခဲ့တယ်လို့ ဘဘရှောင်မာက ပြောသွားတာပဲ'

ဟု ရေရွတ်လိုက်လေသည်။

ထို့နောက်....

ကြမ်းပြင်ပေါ်၌ ကျနေသော သစ်ချောင်းများကို အသုံးပြုကာ တိုင်ထိပ်ပေါ်သို့ရောက်အောင် တက်လိုက်လေသည်။

တိုင်ထိပ်ပေါ်၌ ရှာဖွေကြည့်လိုက်လျှင် အထုပ်ကလေးတစ်ထုပ်အား တွေ့လိုက်ရလေသည်။

သိုင်းလောကသားများ လိုချင် မက်မော နေကြ သော အသက်ပေါင်းများစွာ စတေးခဲ့ရသော ပြိုင်ဘက်ကင်းသိုင်းကျမ်းသည် သူ၏လက်ထဲရောက်ရှိလာပြီ ဖြစ်လေသည်။

ယင်ကျင်းက အောက်သို့ခုန်ဆင်းလိုက်သည်။

သိုင်းကျမ်း သူ၏ လက်ထဲ ရောက်လာပြီဖြစ်သော်လည်း ဝမ်းမသာနိုင်ပါချေ။

ရှောင်မာကိုသတိရကာ ဝမ်းနည်းကြေကွဲလာလေသည်။

ထိုစဉ်....

အဝေးမှပြေးလာနေသော ခြေသံများကို ကြားလိုက်ရလေသည်။



ယင်ကျင်း အံ့သြသွားသည်။

'ဘယ်သူပါလိမ့်'

ဟု တွေးနေစဉ်မှာပင် လူတစ်ယောက်သည် မြက်ပင်ရှည်များကြားမှ တိုးထွက်လာလေသည်။

ထိုလူကိုမြင်လျှင် ယင်ကျင်းဝမ်းသာအားရဖြစ်သွားပြီး....

'ဆွေအင်း'

ဟု ခေါ်လိုက်မိသည်။

မှန်ပေသည်။ ဆွေအင်းသည် သိုင်းကျမ်းအား ရှာဖွေရန် ရောက်ရှိလာပြီဖြစ်လေသည်။

* * *

ဆွေအင်းသည် ဘုံကျောင်းပျက်ကိုတွေ့လိုက်ရသောအခါ ဝမ်းသာသွားလေသည်။

သို့သော်....

ဘုံကျောင်းပျက်ထဲမှ ထွက်လာသည့် ယင်ကျင်းကို တွေ့လိုက်ရသောအခါ မျက်နှာပျက်သွားလေသည်။

‘ရှစ်…ရှင်’

ယင်ကျင်းက ပမ်းသာသာရဖြင့်…

‘ညီမက ကျုပ်နောက်ကို လိုက်လာတယ် ဟုတ်လား’

ဟု မေးလိုက်သည်။

ဆွေအင်းသည် ချက်ချင်းပင် မျက်နှာထားကို ပြင်လိုက်ပြီး…

‘ဟုတ်တယ်…ကျွန်မက ရှင့်ဒုက္ခရောက်နေပြီလို့ထင်နေတာ ရှင့်ကိုတွေ့ရတာ ဝမ်းသာလိုက်တာရှင်’

သူမသည် ယင်ကျင်းအနီး၌ ချဉ်းကပ်လာလေသည်။

ယင်ကျင်းက လက်ထဲမှအထုပ်ကလေးကို မြှောက်ပြလိုက်ပြီး…

‘သိုင်းကျမ်းကို ကျုပ်ရထားပြီ’

ဟု ပြောလိုက်လေသည်။

ဆွေအင်းက…

‘ရှင် သိပ်ကံကောင်းတာပဲ၊ ရှင်ဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ သိုင်းသမားတစ်ယောက် ဖြစ်ပြီပေါ့’

ယင်ကျင်း ခေါင်းခါယမ်းလိုက်လေသည်။

‘ကျုပ်က သိုင်းကျမ်းကို မလိုချင်ပါဘူး’



ဝိုင်ရှင်ဖြစ်သူက သူတို့အားယူခွင့်ပေးလိုက်ပြီဖြစ်ရာ ယင်ကျင်းက သူကိုယ်တိုင် ရယူလိုစိတ်မရှိဘဲ ဆွေအင်းအား ပေးရန် စိတ်ကူးထားလေသည်။

ဆွေအင်းက…

‘ရှင်မလိုချင်ဘူး ဟုတ်လား၊ ဒါဖြင့်ရှင်ဘာလုပ်မလဲ’

ဟု မေးလိုက်သည်။

ယင်ကျင်းက…

‘ဝိုင်ရှင်ပေးတဲ့ဟာကို ပြန်ပေးရမှာပေါ့’

‘သိုင်းကျမ်းနဲ့ဘက်ဆိုင်တဲ့ပိုင်ရှင်ဟာ ကျွန်ုပ်တို့ကို ယူခွင့်ပြုထားတာပဲ ဟုတ်လား’

‘ဟုတ်ပါတယ်၊ ကျုပ်စိတ်ကူးတာက…’

စကားမဆုံးမီ ဆွေအင်းက ကြားဖြတ်ပြောလိုက်လေသည်။

‘ကျွန်မကို ပေးမလို့လားရှင်’

သူမသည် ယင်ကျင်း၏ဘာဝမှန်ကို သိနေရပြီဖြစ်သော်လည်း အကျိုးအကြောင်း ရှင်းမပြချေ။

ယင်ကျင်းသည် နတ်သမီးလောင်ကြားနှင့်ပတ်သက်နေသူ ဖြစ်မှန်းသိသွားလျှင် သူမအား သိုင်းကျမ်း ပေးတော့မည် မဟုတ်ဟု ယုံကြည်ထားလေသည်။

ယင်ကျင်းက ပြုံးလိုက်သည်။

'ကျုပ်က ညီမကိုပေးမှာပါ'

ဆွေအင်းသည် ယင်ကျင်းအနီးသို့ မသိမသာ ချဉ်းကပ်သွားပြီး....

'ဒါဖြင့် ကျွန်မ ခဏလောက်ကြည့်ပါရစေဦး'

ဟု ပြောကာ လှမ်းယူလိုက်၏။

ယင်ကျင်းက လှမ်းပေးလိုက်သည်တွင် ဆွေအင်းသည်လက်တစ်ဖက်က လှမ်းလိုက်ယူပြီးကျန်လက်တစ်ဖက်က ယင်ကျင်း၏ရင်ဝကို ရိုက်ချလိုက်လေသည်။

မမျှော်လင့်တဲ့ တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် ယင်ကျင်းမရှောင်နိုင်ပါတော့ချေ။

'ဝုန်း'

'အား'

စူးရှစွာအော်ဟစ်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

* * *



ဆွေအင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

သူမသည် သိုင်းလောကသားတိုင်း လိုချင်မက်မောနေကြသည့် သိုင်းကျမ်းကို ရရှိလိုက်ပြီဖြစ်လေသည်။

သူမသည်....

'ငါလိုလူ ဇမ္ဗူမှာရှိသေးလား'

ဟု ရေရွတ်ကာ အထုပ်ကလေးကိုဖြည်လိုက်လေသည်။

အထုပ်ထဲတွင် သိုင်းကျမ်းရှိနေပါသည်။

ထိုသိုင်းကျမ်းသည် ငါးဖြင့်ပြုလုပ်ထားသော စက္ကူပေါ်၌ ရေးထားခြင်းဖြစ်လေသည်။

ထို့ကြောင့် နှစ်ပရိစ္ဆေဒကြာအောင်သေသေချာချာသိမ်းဆည်းထားခြင်းမရှိသဖြင့် လေဒဏ်မိုးဒဏ်ခံရကာ ဆွေးမြည့်ပျက်စီးနေပြီဖြစ်လေသည်။

ရုတ်တရက် လေဝှေ့ယမ်း တိုက်ခတ်လာသည်။

သိုင်းကျမ်းရေးမှတ်ထားသော စက္ကူများသည် အပိုင်းအစလေးများအဖြစ် လေနှင့်အတူ လွင့်ပျံသွားလေတော့သည်။

'မလုပ်နဲ့'

ဆွေအင်းသည် အထိတ်တလန့် အော်ဟစ်ကာ ထိုစက္ကူ အပိုင်းအစလေးများကို လိုက်လံဖမ်း ယူနေ၏။

လေက မိုဖြိုးတိုက်ခတ်လာသည်။

စက္ကူ အပိုင်းအစလေးများသည် လိပ်ပြာအစလေးများ သဖွယ် အရပ်လေးမျက်နှာသို့ လွင့်ပျံသွားလေသည်။

'ငါ့သိုင်းကျမ်း ပြန်ပေး'

ဆွေအင်းသည် ဂမူးရှူးထိုး လိုက်လံဖမ်းဆီးနေသည်။

ထိုအချိန်၌ ယင်ကျော်းက မြက်ပင်များကြားမှ လူးလိမ့်ထလာ၏။ ဆွေအင်း၏အဖြစ်ဆိုးကိုမြင်လျှင် စိတ်မနိုင်သည့် အဖြစ် ဝမ်းနည်းသွားလေသည်။

ဆွေအင်းသည် သွက်သွက်ခါခါအောင် ရူးသွပ်သွားပြီမဟုတ်ပါလား။ ဆွေအင်းသည် အော်ဟစ်ရင်း တောင်ကုန်းအောက်သို့ ပြေးဆင်းသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* *



ယင်ကျော်း ငိုဝဲနေသည်။

ပြိုင်ဘက်ကင်းသည်ဆိုသော သိုင်းကျမ်းမှာ စက္ကူစုတ်များ ဖြစ်သွားရချေပြီ။

ထိုစဉ်...

'ဟား...ဟား...ဟား'

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာလေသည်။

ယင်ကျော်း လှမ်းကြည့်လိုက်သောအခါ ရှမ်းခေလွှာ ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ရှမ်းခေလွှာက...

'မင်းက သိုင်းကျမ်းပျက်စီးသွားလို့ ဝမ်းနည်းနေတာ ပေါ့ ဟုတ်လား'

ဟု မေးလာလေသည်။

ယင်ကျော်း ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် ဘယ်တော့မှ ဝမ်းနည်းမှာ မဟုတ်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီသိုင်းကျမ်းကြောင့် လူအတော်များများ ဒုက္ခရောက်ခဲ့ပြီးပါပြီ၊ သိုင်းကျမ်းမရှိတော့ဘူးဆိုရင် နောက်ထပ် ဘယ်သူမှ ဒုက္ခရောက်စရာအကြောင်းမရှိတော့ဘူး ပေါ့ဗျာ'

'မင်း....မှင်း'

ရှမ်းလေ့ အံ့သြသွားလေသည်။

ယင်ကျင်းအား အတန်ကြာအောင် ငေးကြည့်နေပြီးမှ....

'ကျုပ်ရဲ့ ဦးရီးတော်ဟာ ညီမရှမ်းရှမ်း အိမ်ကထွက်သွားလို့ စိတ်ထိခိုက်ပြီး ပြိုင်ဘက်ကင်း သိုင်းကျမ်းကို ဖျက်ဆီးပစ်လိုက်တယ်၊ ကျုပ်က ရှောင်မာရယူသွားတဲ့ သိုင်းကျမ်းကိုပြန်ယူသွားမယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ခုတော့ သဲထဲရေသွန်ဖြစ်ရပြီ'

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

သို့သော် ချက်ချင်းပင် သဘောကျစွာ ရယ်မောလိုက်လေသည်။

'ကောင်းတယ်၊ ပြိုင်ဘက်ကင်းသိုင်းကျမ်း မရှိတော့ဘူးဆိုရင် ဘယ်သူမှနတ်သမီးတောင်ကြားကို စိတ်ဝင်စားတော့မှာမဟုတ်ဘူး၊ ယောင်လို့တောင် ခြေဦးလှည့်လာတော့မှာမဟုတ်ဘူး၊ သွေးထွက်သံယို တိုက်ပွဲတွေနဲ့ ရင်ဆိုင်စရာ မလိုတော့ဘူး၊ ဘယ်တော့ သူများနဲ့ သူသေကိုယ်သေ ရင်ဆိုင်ရပါ့မလဲလို့ စိုးရိမ်နေစရာ မလိုတော့ဘူး၊ ကျုပ်တို့ တစ်သက်လုံးအေးအေးချမ်းချမ်း နေသွားနိုင်ပြီပေါ့'

ဟု ပြောလေသည်။



ယခု ရှမ်းလေ့သည် အဘယ်ကြောင့် ရက်စက်ကြမ်းကြုတ်သူ၊ ခက်ထန်မာကျောသူ ဖြစ်လာရကြောင်း ယင်ကျင်း သဘောပေါက်လိုက်၏။

ထို့စဉ်....

'သားလေးရယ်'

အော်ဟစ်ခေါ်သံနှင့်အတူ ပြေးလွှားလာနေသည့် ရှမ်းရှမ်းအား တွေ့လိုက်ရ၏။

ကြောမိ....

ယင်ကျင်းသည် သူ၏ဘဝမှန်ကို သိသွားတော့မည် ဖြစ်လေသည်။

ရှမ်းလေ့က သူ့အား စွန့်ပစ်ခဲ့မှန်းသိလျှင်ပင် သူက စိတ်ဆိုးတော့မည် မဟုတ်ပါ။

သူ့အား စွန့်ပစ်ခဲ့ခြင်းကြောင့်သာလျှင် မေတ္တာတရားကြီးမားသော ယင်ကြိုင်နှင့်တွေ့ဆုံခဲ့ရသည်ဟူ၍လည်းကောင်း၊ ဖခင် ရှောင်မာနှင့် တွေ့ဆုံခဲ့ရသည်ဟူ၍ လည်းကောင်း၊ အကောင်းဘက်ကိုတွေးကာ ဖြေသိမ့်နိုင်မည် ဖြစ်လေသည်။

အညာတရလူငယ်လေး တစ်ယောက်ဘဝမှ သိုင်းလောကနှင့် ပတ်သက်သူ ဖြစ်ခဲ့ရသော ယင်ကျင်းသည် မိခင်၏မေတ္တာရိပ်တွင် ထာဝရအေးချမ်းစွာ ခိုလှုံခွင့်ရတော့မည်ဖြစ်သည်။

မည်သို့သော အခြေအနေသို့ ရောက်ပါစေ…

ယင်ကျင်းသည် ဖခင်ကြီး ရှောင်မောကို လည်းကောင်း၊ မွေးစားဖခင် ယင်ကြိုင်ကိုလည်းကောင်း၊ မိန်းမဆိုးလေး ဆွေအင်းကိုလည်းကောင်း မေ့သွားနိုင်မည် မဟုတ်သည်မှာ သေချာနေပါတော့သည်။

ကျေးဇူးတင်စွာဖြင့်…

ဘုန်းကြွယ်

( ပြီးပါပြီ )